တပေါ် စ တော် မင်္ဂလ မုတ္တမ်၊ မြီးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။


# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နယုန်လဆန်း ၅ ရက်၊ ၂၀၀၄ ခုနှစ်၊ မေ ၂၃ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၃၃)


**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# စာအောင်သာသနာ့အာဇာနည်များအား ချီးကျူးပူဇော်၊ အောင်လက်မှတ်ဆက်ကပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညို

ရန်ကုန် မေ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနက ကျင်းပခဲ့သော (၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ်များအား ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဆက်ကပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် မဟာဘွဲ့နှင်း သိမ်ဓမ္မာရုံ၌ ခမ်းနားထည်ဝါ စည်ကားသိုက်မြိုက်စွာကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညိုကြသည်။

**တက်ရောက်ကြည်ညို**

အဆိုပါ ချီးကျူးပူဇော်ပွဲနှင့်အောင်လက်မှတ်ဆက်ကပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တကေသရ၊ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရ တို့အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး

*စာမျက်နှာ ၇ ကော်လံ ၁* ■

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး (၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ်များအား ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ် ဆက်ကပ်ပွဲအခမ်းအနားတွင် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်မှ အရှင်သုန္ဒရအား ဘွဲ့တံဆိပ်တော် အဆောင်အယောင်နှင့် အောင်လက်မှတ်ဆက်ကပ်စဉ်။

(သတင်းစဉ်)

# အမျိုးသားညီလာခံအစုအဖွဲ့ ၅ ဖွဲ့ စာတမ်းပြုစုရေးညှိနှိုင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အသေးစိတ်အခြေခံရမည့်မူများ စာတမ်းပြုစုတင်ပြနိုင်ရေး ဆွေးနွေး

ရန်ကုန် မေ ၂၂

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့တို့သည် စာတမ်းပြုစုနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲများနှင့် သဘာပတိအဖွဲ့ညှိနှိုင်းဆွေးနွေးပွဲများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ ကျင်းပကြသည်။

*စာမျက်နှာ ၁၀ ကော်လံ ၁* ❐

**အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ မေလ ၂၃ ရက်)

# ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာခွဲဝေမှု ပြည်ထောင်စုအကျိုး ဦးထိပ်ထား ဆွေးနွေးအကြံပြု

တပ်မတော်အစိုးရသည် နိုင်ငံ့တာဝန်ယူစဉ်အချိန်မှစ၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာစေရန် အရှိန်အဟုန်ဖြင့် ကြိုးပမ်း တည်ဆောက်လျက်ရှိသည်။

နိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် မရှိမဖြစ် လိုအပ်ပေသည်။ နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်များသည် ဒီမိုကရေစီ နိုင်ငံတော်သစ်နှင့် လိုက်လျောညီထွေစွာ အခြေခံကစပြီး ပြောင်းလဲကျင့်သုံးရမည်ဖြစ်၍ ထိုသို့ ပြောင်းလဲသွားသည့် နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်နှင့် သဟဇာတ ဖြစ်ရမည့်အပြင် ပြောင်းလဲကျင့်သုံးသည့် နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်ကို ကောင်းစွာပံ့ပိုးထိန်းကျောင်းနိုင်စွမ်းရှိသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ခိုင်ခိုင်မာမာရှိရန် အလွန်အရေးကြီးပေသည်။

ခိုင်မာသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့် မူများ ရရှိရေး အမျိုးသားညီလာခံက ဆွေးနွေးဆုံးဖြတ် ချမှတ်ပေးရမည် ဖြစ်သည်။

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို မေလ ၂၁ရက်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက တရားစီရင်ရေးကဏ္ဍ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များ၏ ဥပဒေပြုခွင့်အာဏာ၊ ပြည်ထောင်စု၊ တိုင်းဒေသကြီး၊သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုအာဏာ ခွဲဝေအပ်နှင်းရေး ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြုခွင့်အာဏာ၊ လွှတ်တော်အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့် ဥပဒေများ၏ အကျိုးသက်ရောက်မှုတို့ကို ရှင်းလင်းတင်ပြကြသည်။

အမျိုးသားညီလာခံက ချမှတ်ထားရှိပြီးဖြစ်သည့် အခြေခံမူများအနက် နိုင်ငံတော်၏ ဦးတည်ချက်နှင့် စပ်လျဉ်းပြီး **"နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး"**ဟူ၍ အခြေခံမူတစ်ရပ်ချမှတ်ထားသည်။ ထိုအခြေခံမူသည် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် နိုင်ငံသားအားလုံးအတွက် အထူးလိုအပ်သော အခွင့်အရေးတစ်ရပ်ကို အခြေခံမူအဖြစ် ချမှတ်ထားခြင်းဖြစ်သည်။ ထိုအခွင့်အရေးများကို နိုင်ငံသားများ နစ်နာဆုံးရှုံးမှုမရှိအောင် အဆင့်ဆင့်သော တရားရုံးများနှင့် တရားသူကြီးများက အဓိကအားဖြင့်တာဝန်ယူ ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

ထို့အပြင် တရားစီရင်ရေးဆိုင်ရာမူများအဖြစ် **"ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေး၊ ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊ အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့် ရရှိစေရေး"** စသည့် အခြေခံမူများကိုလည်း ချမှတ်ထားသည်။

တရားသူကြီးများအနေဖြင့် တရားစီရင်ဆုံးဖြတ်ကြရာတွင် ဆင်းရဲချမ်းသာမရွေး၊ ရာထူးနိမ့်မြင့်မရွေး၊ လူတန်းစားမရွေး နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသူများအတွက် တရားဥပဒေ တစ်မျိုးတစ်စားတည်းသာ ထားရှိပြီး တရားစီရင် ဆုံးဖြတ်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ အမျိုးသားညီလာခံကိုယ်စားလှယ်များအနေဖြင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများကို ပြည်ထောင်စုအကျိုးစီးပွားဦးထိပ်ထား၍ ဆွေးနွေးအကြံပြုသွားကြလိမ့်မည်ဟု ယုံကြည်ပါသည်။ ။

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ အခြေခံတိုင်းရင်းဆေးပညာရက်တို သင်တန်းဆင်း

ရန်ကုန် မေ ၂၂

**ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့အခြေခံတိုင်းရင်းဆေးပညာ ရက်တိုသင်တန်းအမှတ်စဉ်(၂/၂၀၀၄) ဆင်းပွဲအခမ်းအနားကို ယမန်နေ့နံနက်၇နာရီခွဲက ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ တက်ရောက်အမှာစကား ပြောကြားသည်။**

အခမ်းအနားသို့ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ နည်းပြများ တက်ရောက်ကြသည်။

### တက်ရောက်

သင်တန်းကို ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အခြားအဆင့် သင်တန်းသား ၅၄ဦး၊အကျဉ်းဦးစီးဌာနမှ အခြား အဆင့် သင်တန်းသားငါးဦး စုစုပေါင်းသင်တန်းသား ၅၉ဦး တက်ရောက်ခဲ့ကြသည်။

### မန္တလေးတိုင်းရဲတပ်ဖွဲ့

အလားတူ မန္တလေးတိုင်းရဲတပ်ဖွဲ့ အောင်ဆန်းခန်းမ၌လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အခြားအဆင့် သင်တန်းသား၅၅ဦး၊ အကျဉ်းဦးစီးဌာနမှ အခြားအဆင့် သင်တန်းသားငါးဦး စုစုပေါင်းသင်တန်းသား ၆၀ တက်ရောက်ခဲ့သည့် အခြေခံတိုင်းရင်းဆေးပညာ ရက်တိုသင်တန်းဆင်းပွဲကို ယမန်နေ့ကကျင်းပရာ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ထွဋ်က သင်တန်းဆင်း အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

**၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။**

**(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။**

**(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိတ်မသုန် အကောင်အထည်ဖော်သွားမည်။**

**(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။**

**(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။**

**(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။**

**(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။**

## ရန်ကုန်ဆရာအတတ်သင်သိပ္ပံ (ကံဘဲ့) ရန်ကင်းပညာရေးကောလိပ်အာစရိယပူဇော်

**ရန်ကုန် မေ ၂၂**

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့) ရန်ကင်းပညာရေးကောလိပ် ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို ယနေ့ နံနက် ၉ နာရီက အဆိုပါ ကောလိပ် ဓမ္မသာလာ ဓမ္မာရုံတွင် ကျင်းပသည်။

### ပူဇော်ကန်တော့

အခမ်းအနားတွင် ပူဇော်ကန်တော့ခံ ဆရာကြီး ဦးတင်ဖေ (အငြိမ်းစား၊ ညွှန်ကြားရေးမှူးချုပ်)နှင့် ဆရာမကြီး ဒေါ်လှမြင့် (အငြိမ်းစား ကျောင်းအုပ်ကြီး)တို့ကဩဝါဒစကား မြွက်ကြားကြပြီး ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းက အမှာစကား ပြောကြားပြီး ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများကလက်ဆောင်ပစ္စည်းများဖြင့် ပူဇော် ကန်တော့ကြသည်။ **(ဝဲအပေါ်ပုံ)**

### လှူဒါန်း

အဆိုပါ ပူဇော်ကန်တော့ပွဲတွင် မှန်ချိုဆေးတိုက်မှ သမားတော်ကြီး ဦးလှဌေး-ဒေါ်တင်နွယ်ဦးတို့ကလည်း မြန်မာတိုင်းရင်းဆေးများ လှူဒါန်းကြကြောင်း သိရသည်။**(မြန်မာ့အလင်း)**

**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ အလုံမြို့နယ် ဆင်မင်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် မေ ၁၂ရက်က ဆင်မင်းရတနာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့် ပွဲ နှင့် နယ်လှည့် စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ ဟောပြောပွဲကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဌေးဝင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မမတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။**

(မြို့နယ် ပြန်/ဆက်)

# ဒီမိုကရေစီ ထွန်းကားရေး၏ ရေခံမြေခံ

ဦးဖြိုး

ဘီစီ–၄၀၀ ခန့်က ဂရိနိုင်ငံသား ပဲရီကဲလစ်ဆိုသူ တွေးခေါ်ပညာရှင်တစ်ဦးက ဒီမိုကရေစီကို စခဲ့သည်ဟု နိုင်ငံရေးသိပ္ပံကျမ်း၌ ရေးသားဖော်ပြကြသည်။ ကျွန်ုပ်တို့ အရှေ့တိုင်း၌ ဘီစီ–၆ရာစု ဂေါတမဗုဒ္ဓဘုရားရှင် လက်ထက်တော် ဝဇ္ဇီတိုင်း၊ ဝေသာလီပြည်ရှိ လိစ္ဆဝီလူမျိုးများသည် ယနေ့ဒီမိုကရေစီ၏ သဘောသဘာဝကို လက်တွေ့ကျင့်သုံးခဲ့သည်။ ကျင့်သုံးပုံမှာ ဝေသာလီပြည်မှ မင်းသား (မှူးမတ်များ)၇၇၀၇ဦးသည် စည်းဝေးတိုင်ပင်ကြပြီး ယင်းတို့အထဲမှ မင်းသားတစ်ပါးကို ရွေးချယ်တင်မြှောက်ကာ တိုင်းပြည်ကို အုပ်ချုပ်စေခဲ့သည်ဟု ဒီဃနိကာယ်၌ ဖော်ပြပါရှိသည်။

ပြည်သူတို့၏ လွတ်လပ်ရေး၊ အခွင့်အလမ်းတူညီရေးနှင့် ပြည်သူတို့၏ကိုယ်စားလှယ်များက အုပ်ချုပ်ရေးဟူသည် ယနေ့ဒီမိုကရေစီ၏ အကျဉ်းချုပ် အဓိပ္ပာယ်ပင်ဖြစ်သည်။ အကျယ်ချဲ့မည်ဆိုပါက များစွာ ကျယ်ဝန်းပေတော့မည်။ အရင်းခံမှာ လူသာပဓာန လူသားကို အလေးထား၊ တန်ဖိုးထားသော ဝါဒပင်ဖြစ်သည်။ မှန်ပါသည်၊ ဗုဒ္ဓမြတ်စွာကလည်း မနုဿတ ဘာဝေါ ဒုလ္လဘော၊ လူအဖြစ်ကို ရခဲသည်ဟု မိန့်မြွက်တော်မူခဲ့သည်။ သို့ဖြစ်၍ မြန်မာ့လူ့ဘောင် အဖွဲ့အစည်းသည် ဂါရဝ၊ နိဝါတတရားများ၊ ဗြဟ္မစိုရ်တရားများ ရှင်သန်ခဲ့သည့် လူ့အဖွဲ့အစည်းဖြစ်ခြင်းကြောင့် လူသားဝါဒဖြစ်သော ဒီမိုကရေစီနှင့် သဟဇာတဖြစ်နေသည်မှာ မထူးဆန်းပေ။

ဒီမိုကရေစီ (ဝါ) လူသာပဓာနဝါဒကို နိုင်ငံရေးကျင့်သုံးကြရာတွင် လူအများ၏ အဆုံးအဖြတ်ကို ခံယူကျင့်သုံးနေသော (Majority rule)နည်းလမ်းမှာ အတွင်ကျယ်ဆုံးနှင့် ရေပန်းအစားဆုံး ဖြစ်သည်။ ခေါင်းဆောင်ကို ရွေးကောက်ရာတွင်လည်းကောင်း၊ မူဝါဒလုပ်ငန်းစဉ်ကို ရွေးချယ်ဆုံးဖြတ်ရာတွင်လည်းကောင်း အားလုံး အကြိုက်ချင်း တူညီနေလျှင် မဲခွဲဆုံးဖြတ်ရန်မလိုပေ။ သို့ရာတွင် အားလုံးအကြိုက်ချင်းတူညီသောကိစ္စမှာ နည်းပါးသည်။ အကြိုက်ချင်း ကွဲပြားခြားနားသည်က များပြားသည်။ ထို့ကြောင့် မဲခွဲရသည်။ ရွေးကောက်ပွဲဖြင့် ယှဉ်ပြိုင်စေရသည်။ ထိုအခါ မူလဒီမိုကရေစီ သဘောမှ သွေဖည်မှုများ၊ ဖီလာဆန့်ကျင်မှုများသည် သိသိသာသာ ဖြစ်စေ၊ မသိမသာဖြစ်စေ ဖြစ်ပေါ်စေတတ်ပါသည်။

၁၉၈၉ ခုနှစ် ယေးလ်တက္ကသိုလ်က ပုံနှိပ်ထုတ်ဝေသော ဒီမိုကရေစီ အမျိုးမျိုးစာအုပ်ကို လေ့လာသောအခါ အခြေအနေအမျိုးမျိုး၊ နိုင်ငံအလိုက် လုပ်နည်းလုပ်ဟန်အမျိုးမျိုး အဖုံဖုံကို တွေ့ရသည်။ အဓိကဖြစ်သော မဂျော်ရတီ ဒီမိုကရေစီကို အများစုဆန္ဒအရ ဆောင်ရွက်ခြင်းဟု နားလည်ရသည်။ ဥပမာ–လူတစ်ရာ ဆန္ဒကွဲပြား၍ မဲခွဲသောအခါ ၅၁ဦး၏ ဆန္ဒကို ကျန်၄၉ဦးက သဘောတူ လက်ခံရသည့်သဘောနှင့် အချို့သောထင်ရှားသည့် ကိစ္စများတွင် လည်းကောင်း၊ မဲခွဲခြင်းကြောင့် အကျိုးမထူးဘဲ မဲခွဲခြင်းကြောင့် သွေးကွဲမှုကိုသာ ဖြစ်စေတတ်သဖြင့်လည်းကောင်း၊ ညှိနှိုင်းမှုဖြင့် ဆောင်ရွက်ရသော ကွန်ဆင်းဆပ် ဒီမိုကရေစီဟူ၍ နှစ်မျိုးနှစ်စား တွေ့ရပြန်သည်။ ထိုနှစ်မျိုးနှစ်စားကို ခွဲခြား၍ လည်းကောင်း၊ ပေါင်းစပ်၍လည်းကောင်း ကျင့်သုံးကြသည်ကိုလည်း တွေ့ရသည်။

များသောအားဖြင့် လွှတ်တော်ရွေးကောက်ပွဲများပြုလုပ်ရာတွင် မဂျော်ရတီ ဒီမိုကရေစီကို သုံးစွဲကြသည်။ မဲရတာချင်း အတူတူ အရေအတွက် ပိုရသူကိုသာ အတည်ပြုသောစနစ်ဖြစ်သည်။ ထိုအခါ မဲပေးသူတစ်သိန်းရှိသော ရွေးကောက်ပွဲနယ်မြေ (Constituency) တစ်ခု၌ ယှဉ်ပြိုင်သော ကိုယ်စားလှယ်လောင်း၁၀ဦးသည် မဲတစ်သောင်းဝန်းကျင် မျှ၍ ရသွားကြသည်ဆိုပါစို့၊ ထိုဆယ်ဦး ထဲမှ မဆိုစလောက် အသာမဲရသောတစ်ဦးက အနိုင်ရပြီး ကျန်ကိုးဦးက ရှုံးကြရသည်။ ထိုအခါ မဲဆန္ဒရှင် တစ်သောင်းကျော်က အနိုင်ရပြီး မဲဆန္ဒရှင်ကိုးသောင်းခန့်က အရှုံးပေါ်သည့်အဖြစ်သို့ ရောက်ရလေတော့သည်။ ဤတွင် မဖွယ်မရာဖြစ်တတ်ပြန်သည်မှာ မိမိအား လူတစ်သောင်းကမဲပေးပြီး ကျန်ကိုးသောင်းက မဲမပေး (ကန့်ကွက်)ထားသည်ကို မသိဟန်ဆောင်ကာ မိမိသည် လူအများစုကြီး၏ ကိုယ်စားလှယ်ဖြစ်သည်ဟု လက်မထောင် ဟစ်ကြွေးလိုက်ခြင်းပင် ဖြစ်သည်။

မြန်မာနိုင်ငံတွင် ၁၉၅၆ခုနှစ်၌ ကျင်းပခဲ့သော ပါတီစုံရွေးကောက်ပွဲ၌ ဖဆပလသည် အနိုင်ရပြီး အစိုးရဖွဲ့ခဲ့သည်။ တစ်နည်းဆိုသော် ဒီမိုကရေစီကျင့်စဉ်၏ အားနည်းချက်ကြောင့် ဖဆပလသည် လူအများစု၏ထောက်ခံမဲကိုမရဘဲ အစိုးရဖွဲ့နိုင်ခြင်းပင်ဖြစ်သည်။ ထိုစဉ်က တစ်နိုင်ငံလုံး မဲပေါင်း၃၅၄၅၈၅၁ မဲပေးကြရာတွင် ဖဆပလသည် မဲစုစုပေါင်း ၁၆၆၅၈၆၀ ရခဲ့သည်။ ဖဆပလကို မဲမပေးသော၊ တစ်နည်း ဖဆပလကို ကန့်ကွက်သော မဲပေါင်းမှာ ၁၈၇၉၉၉၁ ရှိသည်။ ဖဆပလရရှိသော မဲစုစုပေါင်းအရေအတွက်ထက် မဲပေါင်း ၂၁၄၁၃၁ ပိုမိုများပြားသည်။

တစ်ချိန်က ဗြိတိန်တွင်လည်း အလားတူဖြစ်ခဲ့သည်။ ကွန်ဆာဗေးတစ်ပါတီသည် အမတ်အများစုရပြီး ပါလီမန်၌ အစိုးရဖွဲ့ခဲ့သည်။ လေဘာပါတီသည် ရှုံးနိမ့်၍ အတိုက်အခံဘဝဖြင့် ကျေနပ်ခဲ့ရသည်။ ထိုစဉ်က ကွန်ဆာဗေးတစ်ပါတီက ရခဲ့သော မဲပေါင်းမှာ ၅၃၈၁၄၄၃ ဖြစ်သည်။ ကွန်ဆာဗေးတစ်ပါတီကို ဆန့်ကျင်၍ လေဘာပါတီနှင့် လစ်ဘရယ်ပါတီကို ပေးသောမဲပေါင်းမှာ ၆၈၅၈၆၇၆ ရှိ၍ ကွန်ဆာဗေးတစ်ပါတီရသော မဲထက် မဲပေါင်း ၁၄၇၇၂၃၃ မဲ ပိုမိုများပြားစွာ အတိုက်အခံ နှစ်ပါတီကရခဲ့သည်။ သို့သော် စနစ်၊ သို့မဟုတ် ဒီမိုကရေစီလုပ်ထုံးလုပ်နည်းကိုက မမျှတ၍ ဗြိတိန်ပြည်သူများ၏ ဆန္ဒအစစ်အမှန်သည်အရာမထင် ကိုယ်စားမပြုဖြစ်ခဲ့ဟန်တူပေသည်။

မြန်မာနိုင်ငံ ၁၉၅၆ခုနှစ် ရွေးကောက်ပွဲတွင်လည်း သဘာဝမကျ မမျှမတဖြစ်ပုံကို တွေ့ရပြန်သည်။ ဖြစ်ပုံမှာ ဖဆပလက မဲ၁၅၄၂၄ ရရုံမျှဖြင့် ကိုယ်စားလှယ်(အမတ်) တစ်ယောက်နှုန်းရခဲ့ပြီး အတိုက်အခံပါတီမှာမူ ကိုယ်စားလှယ်(အမတ်) တစ်ယောက်ရဖို့ မဲပေါင်း ၂၄၇၆၇ အထိ ရှိခဲ့ခြင်းပင်ဖြစ်သည်။ ကမ္ဘာ့ဒီမိုကရေစီ နိုင်ငံအချို့၏ ရွေးကောက်ပွဲ မဲရေတွက်ပုံ စနစ်သစ် မူသစ်အရတွက်လျှင် ထိုစဉ်က ဖဆပလသည် အမတ် ၁၀၈ ရတော့မည်မဟုတ်ဘဲ အချိုးကျနှုန်းနှင့်အညီ အမတ် ၉၁သာ ရမည် ဖြစ်သကဲ့သို့ အတိုက်အခံပါတီအဖို့မှာလည်း ထိုစဉ်က စနစ်အရ အမတ် ၄၆ သာရခဲ့မှုမျိုး မဟုတ်တော့ဘဲ အမတ်နေရာ ၆၂ အထိ တိုးတက်ရရှိစေမည် ဖြစ်သည်။ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲ၌လည်း လာရောက် မဲပေးသူပေါင်း ၁၅၁၁၂၅၂၄ ရှိရာတွင် ပယ်မဲ၊ ပျောက်မဲ၊ ထပ်မဲ (၁၈၅၈၉၁၈) နှစ်သန်းနီးပါးအထိ ရှိသည်ကို တွေ့ရပြန်ရာ ထိုပမာဏသည် အလွန်များပြားသည်ဟု ယူဆရပေသည်။ သွေးရိုးသားရိုး ပယ်မဲများချည်းဖြစ်လျှင် မထောင်းသာသော် လည်း ပါတီတစ်ခုခုကိုပင်း၍ ဖန်တီးသော ပယ်မဲများ ပါဝင်နေလျှင်မူ ဝမ်းနည်းကြေကွဲဖွယ်ရာ ဖြစ်လေသည်။ ဤသည်တို့မှာ နောင်အခါကျင်းပမည့် ရွေးကောက်ပွဲများ၌မည်ကဲ့သို့ ပိုမိုမျှတ ကောင်းမွန်သည့်စနစ်၊ သို့မဟုတ် အထောက်အကူပစ္စည်းများ သုံးစွဲကောင်း သုံးစွဲရမည်ကို ပြဆိုနေသော ပကတိ အခြေအနေ အချို့ပင် ဖြစ်ပေသည်။ ဒီမိုကရေစီအဓိပ္ပာယ်အနှစ်သာရ ပိုမိုပြည့်စုံရေးအတွက် စဉ်းစားကြံဆရန် သုံးသပ်တင်ပြခြင်းဖြစ်ပါသည်။

ယခုကဲ့သို့ ကိုယ်စားလှယ်ဖြင့် ဒီမိုကရေစီကို ဖော်ဆောင်ရသော စနစ်မဆိုထားဘိ၊ တိုက်ရိုက်ဒီမိုကရေစီကျင့်သုံးသော ဂရိခေတ်ကပင် အားနည်းချက်များ ရှိခဲ့သည်။ ထိုစဉ်က အေသင်၊ စပါတန်စသည့် မြို့ပြနိုင်ငံများတွင် ဒီမိုကရေစီကို တိုက်ရိုက်ကျင့်သုံးကြသည်ဟု ဆိုသည်။ လူဦးရေ သုံးသိန်းရှိသော မြို့ပြနိုင်ငံများတွင် ဒီမိုကရေစီ ကျင့်သုံးသော အစည်းအဝေးကြီးများ၊ အဆုံးအဖြတ်ပြုခြင်းများသို့ တက်ရောက်ခွင့်ရှိသူမှာ လူဦးရေသုံးသိန်းစလုံးမဟုတ်ခဲ့ပေ။ ထိုအထဲမှာ ကျွန်တစ်သိန်းတက်ခွင့်မရ။ နိုင်ငံခြားသား(အခြားမြို့ပြနိုင်ငံသား) တစ်သိန်းခန့်တက်ခွင့်မရ။ အမျိုးသမီး တစ်သိန်းကျော် တက်ခွင့်မရ။ အရွယ်မရောက်သေးသူ၊ အသက်(၂၁)နှစ် မပြည့်သေးသူ တက်ခွင့်မရ။ ထိုသို့အမြီးနှုတ်၊ ခေါင်းနှုတ်လိုက်သောအခါ တိုက်ရိုက်ဒီမိုကရေစီ ကျင့်သုံးမည့် အစည်းအဝေးသို့ ခြောက်ထောင်မျှသာ တက်လျှင် လုံလောက်ပြီဟု သတ်မှတ်ရတော့သည်။ ထိုအခါ လူခြောက်ထောင်၏ ထက်ဝက်ဖြစ်သော လူသုံးထောင်ကျော်ကသာ အရာရာကို ဆုံးဖြတ်နိုင်တော့သည်။ ခန့်ထားခြင်း၊ ဖြုတ်ချခြင်း၊ သေဒဏ်ပေးခြင်း၊ စစ်ကြေညာခြင်း၊ စစ်ရပ်သိမ်းခြင်းစသည်ဖြင့် အရေးကြီးသော အဆုံးအဖြတ်များသည် လူသုံးထောင်၏ လက်ထဲသို့ ရောက်သွားလေတော့သည်။ လူသုံးထောင်ဆိုသည်မှာ လူသုံးသိန်း၏ တစ်ရာခိုင်နှုန်းမျှသာ ဖြစ်သည်။ ဤသို့အားဖြင့် ဒီမိုကရေစီ လက်တွေ့ဖော်ဆောင်ရာ၌ အကန့်အသတ်များ၊ အားနည်းချက်များ၊ ချို့ယွင်းချက်များဖြင့် စလာခဲ့ရလေသည်။ ဒီမိုကရေစီလက်တွေ့ ဖော်ဆောင်ရာ၌ တွေ့ကြုံခံစားနေရသော မမျှတမှု၊ မမှန်ကန်မှု၊ ပျော့ကွက်ဟာကွက် ရှိနေမှုများကို ကျော်လွှားပြီး ပြည်သူတို့၏ ဆန္ဒကို အစစ်အမှန် ထိထိရောက်ရောက် အကျိုးသက်ရောက်စေမည့် နည်းသစ်၊ လမ်းသစ်၊ အစီအမံ သစ်များကို ကြံဆဖော်ထုတ် ကျင့်သုံးရန် လိုအပ်နေပြီ ဖြစ်ပါသည်။

၂၀ ရာစု ချိန်းဘားအဘိဓာန်၏ တိုတိုတုတ်တုတ် အဓိပ္ပာယ် ဖွင့်ဆိုချက်အရ ဆိုပါလျှင် "democracy di-mok ra-si(a country having) a form of government in which the people have power freely to elect representatives to carry on the government-pl democracies" ဟူ၍ ဖြစ်သည်။ ဦးထွန်းငြိမ်း အဘိဓာန်၌ တိုတိုရှင်းရှင်း ဖော်ပြပြန်သည်။ "democracy, ပြည်သူတို့ကပင် ကိုယ်စားလှယ်များခန့်၍ တိုင်းပြည်ကိုအုပ်စိုးခြင်း၊ သမ္မတအစိုးရ"ဟူ၍ ဖြစ်သည်။

ဤတွင် ဒီမိုကရေစီဖော်ဆောင်ရေး၌ အဓိကကျသော အင်အားစု နှစ်ခုကို တွေ့ရတော့သည်။ ၎င်းတို့မှာ ပြည်သူများနှင့်ကိုယ်စားလှယ်များပင်ဖြစ်သည်။ ပြည်သူများအပိုင်းနှင့် ကိုယ်စားလှယ်များအပိုင်း ဟူ၍ နှစ်ပိုင်းရှိလေသည်။ **ပြည်သူများက ဒီမိုကရေစီကို ကျင့်သုံးတတ်ဖို့အရေးကြီးလှပေသည်။ ပြည်သူများ အဆုံးအဖြတ်မှန်ကန်ဖို့ အရေးကြီးသည်။ ပြည်သူများက ရွေးချယ်မဲပေးရာ၌ လူတော်လူကောင်းကို ရွေးချယ်မဲပေးရမည်၊ ပြည်သူများက ပြည်သူတို့၏ အကျိုးစီးပွားကို ထင်ဟပ်သောမူဝါဒနှင့် ပြည်သူ့အကျိုးစီးပွားကို မဖော်ဆောင်နိုင်သော မူဝါဒကို ခွဲခြားနားလည်ပြီး မူဝါဒမှန်ကန်သည်ကို ရွေးချယ်တတ်ဖို့လိုသည်။ ပြည်သူများသည် အစစ်နှင့် အတုကိုလည်းကောင်း၊ ရေတိုအကျိုးစီးပွားနှင့် ရေရှည်အကျိုးစီးပွားကိုလည်းကောင်း၊ အပြင်ဗန်းပြရုပ်နှင့် အတွင်းအနှစ်သာရကိုလည်းကောင်း၊ မှန်ကန်စွာ ခွဲခြားနားလည်နိုင်စွမ်းရှိမည်ဆိုလျှင် မှန်ကန်စွာ ရွေးချယ်ရာရောက်မည်။ အဂတိတရားလေးပါးဖြစ်သော ဆန္ဒာ၊ ဒေါသ၊ ဘယာ၊ မောဟကင်းပြီး ရိုးသားတည်ကြည်စွာနှင့် ကြောက်ရွံ့ခြင်းကင်းစွာဖြင့် ဆုံးဖြတ်မဲပေးတတ်ဖို့လိုသည်။ မစားရဝခမန်း မြူဆွယ်မှု၊ တိုက်ရိုက်သွယ်ဝိုက် လာဘ်ထိုးမှုအမျိုးမျိုးကို ခုခံနိုင်စွမ်းရှိဖို့လည်း လိုအပ်သည်။ ပြည်သူများ အရည်အချင်းရှိပါမှ လူကောင်းလူတော် မူဝါဒကောင်းမူဝါဒအမှန်ကို ရွေးချယ်နိုင်ပေမည်။ ပြည်သူများ ပညာဗဟုသုတဆင်ခြင်တုံတရား မြင့်မားနေရန် ပြည်သူများကိုယ်တိုင်က ကြိုးစားဆည်းပူးလေ့လာနေကြရန် လိုအပ်သည်။**

စာမျက်နှာ ၆ ကော်လံ ၁ သို့

## ကိုယ်ကျိုး၊ ပါတီအကျိုးထက် နိုင်ငံနှင့် ပြည်သူအကျိုးကို ဦးစားပေး

နိုင်ငံတစ်ဝန်းလုံး အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်စ ပြုနေသော ကျက်သရေ မင်္ဂလာရှိသည့် ယခုကဲ့သို့သော အခြေအနေ၊ နိုင်ငံရေး ရာသီဥတုကောင်းမွန်ချိန်တွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ် (၇)ရပ်အောင်မြင်ရေး (ဝါ) ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းရေးအတွက် အားလုံးသဘောထားကြီးကြီး ထားရှိပြီး အပြန်အလှန်နားလည်မှု၊ ခွင့်လွှတ်မှု၊ လေးစားမှု၊ ငဲ့ညှာထောက်ထားမှုများ ဖြစ်ထွန်းကာ ကိုယ်ကျိုး၊ ပါတီအကျိုးထက် နိုင်ငံနှင့်ပြည်သူအကျိုးကို ဦးစားပေးကြရန်နှင့် ဒီမိုကရေစီပေါ်ထွန်းရေးအတွက် ပြည်သူများ အပိုင်းနှင့် ကိုယ်စားလှယ်များအပိုင်း အရည်အချင်းပြည့်ဝစေရေး ကြိုးပမ်းကြရန် လိုအပ်လှပေသည်။

နာဂျက်ဖ်မြို့တွင် အီရတ်ခေါင်းဆောင်ဖြစ်သူ အယ်ဆာဒါကို ထောက်ခံသည့် အီရတ်ပြောက်ကျားတို့က အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေသည်ကို မေ ၂၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အကျဉ်းသားများညှဉ်းပန်းမှုနှင့် အီရတ်လုံခြုံရေးအခြေအနေဆိုးရွားလာမှု အမေရိကန်၏မူဝါဒမှားယွင်းမှု၏ အကျိုးဆက်ဖြစ်

လန်ဒန် မေ ၂၀

**အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများကို ညှဉ်းပန်းနှိပ်စက်သည့်ပုံများနှင့် အီရတ်၏ လုံခြုံရေး အခြေအနေပိုဆိုးလာခြင်းတို့သည် ရေတိုဖောက်ပြန်မှုမဟုတ်ဘဲ အမေရိကန်ပြည်ထောင်စု၏ မူဝါဒမှားယွင်းမှု၏ အကျိုးဆက်ဖြစ်သည်ဟု လန်ဒန်မြို့တော်ဝန် ကင်းလီဗင်စတုန်းက ပြောကြောင်း ဗုဒ္ဓဟူးနေ့ထုတ် ဂါဒီယန်သတင်းစာက ဖော်ပြသည်။**

ဖြစ်ပျက်မှု၏ အဓိကအချက်သည် တရားဝင် နိုင်ငံတကာထောက်ခံမှုမရှိခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာအသိုင်းအဝိုင်းကသော်လည်းကောင်း၊ အီရတ်ပြည်သူလူထုကသော်လည်းကောင်း အမေရိကန်နှင့် ဗြိတိသျှတပ်ဖွဲ့ဝင်များကို တရားဥပဒေနှင့်ညီညွတ်သော တပ်ဖွဲ့အဖြစ် မှတ်ယူမည်မဟုတ်ကြောင်း လီဗင်စတုန်းက ပြောကြားသည်။

## ပြောကြား

အီရတ်၌ အမေရိကန်နှင့် ဗြိတိသျှတပ်များကို လက်ရှိခုခံတိုက်ခိုက်နေမှုအား ကိုယ်ချင်းစာနာသော အီရတ်လူမျိုးအချို့အစားကို အတိအကျမသိသော်လည်း အီရတ်အများစုသည် သိမ်းပိုက်တပ်ဖွဲ့ကို သတင်းပေးရာ၌ ပူးပေါင်းဆောင်ရွက်ရန် ပြင်ဆင်မထားသည်မှာ အတိအကျဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

## မကာကွယ်နိုင်

ထိုကဲ့သို့ ထောက်လှမ်းရေးသတင်းမရရှိဘဲ အမေရိကန်နှင့် ဗြိတိသျှတပ်များသည် လက်ဦးမှုရရှိနိုင်စွမ်းရှိမည်မဟုတ်သည့်ပြင် ၎င်းတို့အပေါ် တိုက်ခိုက်လာမှုကို ကာကွယ်နိုင်စွမ်းရှိမည်မဟုတ်ကြောင်း မြို့တော်ဝန်က ပြောကြားသည်။

## ပေါက်ကြားမည်

ညှဉ်းပန်းနှိပ်စက်မှုကို ဖုံးကွယ်ခြင်းသည် အလုပ်မဖြစ်သည့်ပြင် လုံခြုံရေးအခြေအနေလည်း ပြေလျော့မည်မဟုတ်ကြောင်း၊ အမှန်တရားသည် ရုပ်မြင်သံကြား ဖန်သားပြင်နှင့် အင်တာနက်တို့မှ ပေါက်ကြားမည်သာ ဖြစ်ကြောင်း မြို့တော်ဝန်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# အီရတ်စစ်ပွဲစချိန်မှ သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင် ၇၉၀ ဦးရှိပြီ

**ဘဂ္ဂဒက် မေ ၂၂**

ပြီးခဲ့သည့်နှစ် မတ်လမှစတင်ကာ အီရတ်နိုင်ငံကို အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များက စစ်ပွဲဆင်နွှဲခဲ့ရာ အီရတ်၌ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင် သေဆုံးဒဏ်ရာရနေကြဆဲဖြစ်သည်။

## တိုက်ပွဲ၌သေဆုံး

၂၀၀၄ ခုနှစ် မေလ ၂၁ ရက် သောကြာနေ့ရောက်ချိန်၌ အီရတ်တွင်သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၇၉၀ ဦးရှိပြီဖြစ်ရာ ယင်းအနက် ၅၇၅ ဦးမှာ တိုက်ပွဲကြောင့်သေဆုံးခြင်းဖြစ်ပြီး ၂၁၅ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်။

## မေ ၁ ရက်နောက်ပိုင်း

၂၀၀၃ ခုနှစ် မေ ၁ ရက်၌ တိုက်ပွဲကြီးပြီးဆုံးကြောင်း သမ္မတဘုရှ်က ကြေညာခဲ့သည့်အချိန်မှစပြီး အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၆၅၂ ဦးဖြစ်သည်။ ယင်းအနက် ၄၆၆ ဦးမှာ တိုက်ပွဲ၌ သေဆုံးခြင်းဖြစ်ပြီး ၁၈၆ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခဲ့သည်။

ထို့အပြင် အီရတ်၌ ဗြိတိန် ၅၈ ဦး၊ အီတလီ ၁၈ဦး၊ စပိန် ရှစ်ဦး၊ ဘူဂေးရီးယား ခြောက်ဦး၊ ယူကရိန်း လေးဦး၊ ပိုလန် သုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယားနှင့် နယ်သာလင် တစ်ဦးစီသေဆုံးခဲ့သည်။

**(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

**ဖော်လူဂျာမြို့အနီး လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို မေ ၂၀ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး တရုတ်နှင့်ဒဗလျူအိတ်ချ်အို စာချုပ်ချုပ်ဆို

**ဂျီနီဗာ မေ ၂၀**

တရုတ်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)တို့သည် ကျန်းမာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေး၊ အပြန်အလှန် တိုးချဲ့ဆောင်ရွက်ရေးကို အင်္ဂါနေ့က သဘောတူစာချုပ်မူကြမ်းတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါစာချုပ်မူကြမ်းကို ဒဗလျူအိတ်ချ်အို ညွှန်ကြားရေးမှူးချုပ် လီဂျွန်ဝမ်နှင့် (၅၇)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံသို့ တရုတ် ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်လာသော တရုတ် ကျန်းမာရေး ဒုတိယဝန်ကြီး ဂါအိုကျန်တို့က လက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်သည်။

စာချုပ်အရ စိုးရိမ်ဖွယ်ရောဂါများဖြစ်ပွားခြင်းကို ထိန်းချုပ်ခြင်း၊ ရောဂါမဖြစ်ပွားနိုင်ရန် ကာကွယ်ခြင်း၊ ရိုးရာဆေးဝါးများ၊ ဆေးဘက်ဆိုင်ရာ လူသားအရင်းအမြစ်များနှင့် နီးနွှယ်သော ကဏ္ဍများဖြစ်သည့် လူထုကျန်းမာရေးနယ်ပယ်များတွင် အပြန်အလှန်နှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို တိုးမြှင့်သွားမည်ဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# မူးယစ်ဆေးဝါးသယ်ဆောင်လာသောလေယာဉ် ကိုလံဘီယာစစ်လေယာဉ်များက ဆင်းခိုင်းပြီး ဖျက်ဆီးပစ်

ဘိုဂိုတာ(ကိုလံဘီယာ) မေ ၂၀

**ကိုလံဘီယာစစ်လေယာဉ်များသည် မူးယစ်ဆေးဝါးများသယ်ဆောင်လာသည်ဟု သင်္ကာမကင်းသော စက်တစ်လုံးတပ်လေယာဉ်တစ်စင်းကို မြေပြင်သို့ အတင်းဆင်းစေပြီး ဖျက်ဆီးလိုက်ရာ တစ်ပတ်အတွင်း စစ်ဆင်ရေးတွင် တတိယမြောက်ဖျက်ဆီးလိုက်သော လေယာဉ်ဖြစ်သည်ဟု အာဏာပိုင်များက ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။**

ကိုလံဘီယာလေတပ်က မူးယစ်ဆေးဝါးသယ်သည့် လေယာဉ်များဟု မသင်္ကာသော အခြားလေယာဉ်နှစ်စင်းကို ယခု သီတင်းပတ်အစောပိုင်း၌ ဖျက်ဆီးပစ်ခဲ့ကြောင်း၊ ယင်းလေယာဉ်နှစ်စင်းသည် ပြည်ပမှနေ၍ ကိုလံဘီယာ တောတောင်များပေါ်မှ ဖြတ်ကျော် ပျံသန်းလာကြောင်း ပြောကြားသည်။

## ပျံသန်းလာ

ယခုဖျက်ဆီးလိုက်သောလေယာဉ်သည် ဘရာဇီးနိုင်ငံမှနေ၍ အမေဇုန်တောကိုဖြတ်ပြီး ပျံသန်းလာကြောင်း လေတပ်က ပြောကြားသည်။

## ပြောဆို

ထို့ပြင် ယင်းလေယာဉ်သည် မူးယစ်ဆေး မှောင်ခိုရောင်းဝယ်ရန်နှင့် အကြမ်းဖက်မှု လုပ်ဆောင်ရန်လာခြင်း ဖြစ်ကြောင်း လေတပ်က ပြောဆိုသည်။ **အမ်အင်အေ၊ရိုက်တာ**

# အီရတ်၌ မင်္ဂလာပွဲအခမ်းအနားကို ကန်ရဟတ်ယာဉ်တစ်စင်းက ပစ်ခတ် လူ ၄၀ ကျော်သေဆုံးကြောင်း အီရတ်ဒုတိယရဲအရာရှိချုပ် ပြောကြား

ဘဂ္ဂဒက် မေ ၂၀

**အီရတ်နိုင်ငံအနောက်ပိုင်းတွင် ယနေ့ကျင်းပသော လက်ထပ်မင်္ဂလာပွဲတစ်ခုကို အမေရိကန် ရဟတ်ယာဉ်တစ်စင်းက ပစ်ခတ်သဖြင့် လူ ၄၀ ကျော်မျှ သေဆုံးကြောင်း အီရတ်အရာရှိများက ပြောကြားသည်။**

ထိုသတင်းကို အတည်မပြုနိုင်ကြောင်း၊ စုံစမ်းစစ်ဆေးနေကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ ရာမာဒီမြို့၏ ဒုတိယရဲအရာရှိချုပ် ဒုတိယဗိုလ်မှူးကြီး ဇီယက်အယ်လ်ဂျေဘူရီက ယင်းတိုက်ခိုက်မှုတွင် လူ ၄၂ ဦးနှင့် ၄၅ ဦးကြား သေဆုံးခဲ့သည်ဟု ပြောဆိုသည်။

ဆီးရီးယားနှင့် ဂျော်ဒန်နယ်စပ်အနီး၌ ကျင်းပသော ယင်းမင်္ဂလာပွဲကို အမေရိကန်စစ်လေယာဉ်များက နံနက် ၂ နာရီ ၄၅ မိနစ်၌ ပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

သေဆုံးသူများတွင် ကလေးငယ် ၁၅ဦးနှင့် အမျိုးသမီး ၁၀ဦး ပါဝင်သည်ဟု ၎င်းကပြောကြားသည်။

ရာမာဒီဆေးရုံ၌ အလုပ်လုပ်သော ဆရာဝန် ဆာလာအယ်လ်အနီကသေဆုံးသူ ၄၅ ဦးရှိသည်ဟု ပြောဆိုသည်။ ၎င်းက လက်ထပ်ပွဲ၌ ရှိကြသူများသည် ကောင်းကင်မှ ပစ်ခတ်ခံရခြင်းဖြစ်ကြောင်း၊ အမေရိကန်တပ်ဖွဲ့ဝင်များ လာရောက်စစ်ဆေးပြီး ထွက်ခွာသွားကြကြောင်း ပြောဆိုသည်။

**(အင်တာနက်)**

# တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးပွားခိုင်မာသည်ထက်တိုးပွားခိုင်မာရေးဦးတည် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်မြှင့်တင်ကြိုးပမ်းဆောင်ရွက်ကြရန်လို

* ကျောဖုံးမှ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည် ဖော်ရေးလုပ်ငန်းကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေးမှာ ၂၀၀၄ ခုနှစ်အတွင်း တတိယအကြိမ်မြောက် ကျင်းပသည့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးဖြစ်ကြောင်း။

## လက်တွဲဆောင်ရွက်

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပထမဦးဆုံး တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ရရှိဖြစ်ထွန်းလာသော တည်ငြိမ်ငြိမ်းချမ်းမှုကို အခြေခံပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွဲဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း။

ယခုအခါတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပြီး ငြိမ်းချမ်းရေးပိုမိုတိုးတက် ခိုင်မြဲလာသည်နှင့်အမျှ ဖွံ့ဖြိုးရေးလုပ်ငန်းများကို နယ်စပ်ဒေသများအားလုံး ပျံ့နှံ့ဖြန့်ကြက်ဆောင်ရွက်နိုင်လာခဲ့သည် သာမက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အတွင်းပိုင်းဒေသများသို့ပါ တစ်နိုင်ငံလုံး ပျံ့နှံ့အောင် ဆောင်ရွက်လာနိုင်သည့်အခြေအနေသို့ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း။

## တစိုက်မတ်မတ်ကြိုးပမ်း

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စတင်ဆောင်ရွက်စဉ်က နယ်စပ်ဒေသများမှာ နှစ်ပေါင်းများစွာ ငြိမ်းချမ်းမှုမရှိခဲ့ခြင်းများကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ခဲ့သည့် အတိုင်းအတာပမာဏမှာလည်း လွန်စွာကြီးမားသည်ကို တွေ့နိုင်ကြောင်း၊ သို့ဖြစ်၍ နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားရေးအတွက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ၏အောက်တွင် ကော်မတီများ ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိသည်သာမက နောက်ပိုင်းတွင်သီးခြားဝန်ကြီးဌာန တစ်ခုဖွဲ့စည်းပေးပြီး နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

ဤကဲ့သို့ နယ်စပ်/စည်ပင်ဝန်ကြီးဌာနနှင့် လုပ်ငန်းဆပ်ကော်မတီများ၊ ဒေသအာဏာပိုင်များဦးစီးသည့် ဒေသဆိုင်ရာလုပ်ငန်း ကော်မတီများကို ပေါင်းစပ်ပြီး တက်ညီလက်ညီ အကောင်အထည်ဖော်ခဲ့သည်မှာ ၁၄နှစ်ကျော် လာပြီဖြစ်သည့်အတွက် နယ်စပ်ဒေသများသည်လည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ခဲ့သည်ကို တွေ့ရကြောင်း။

ပြီးခဲ့သည့် မတ် ၂၉ရက်က ကျင်းပပြုလုပ်ခဲ့သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"အချို့ နယ်စပ်ဒေသများရဲ့ ဖွံ့ဖြိုးတိုးတက်ရေးဟာ အတွင်းပိုင်းဒေသများရဲ့ ဖွံ့ဖြိုးတိုးတက်မှုထက်ပင် သာလွန်မြန်ဆန်နေတာကို တွေ့ရကြောင်း၊ နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုများ သွက်လက်မြန်ဆန်သည့်အလျောက် ရရှိဖြစ်ထွန်းနေသည့် အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်သွားရမှာ ဖြစ်ကြောင်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကိန်းများချမှတ် လုပ်ဆောင်ရာ၌ အတော်အတန်ထိရောက်စွာ ဆောင်ရွက်နိုင်သည့် လုပ်ငန်းများ ရှိသကဲ့သို့ အချို့ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသည့်လုပ်ငန်းများလည်း ရှိနေသေးကြောင်း၊ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည့် အခြေအနေမှာ လုပ်ငန်းများအရှိန်အဟုန်မပျက် အောင်မြင်ဖြစ်ထွန်းစေရေးအတွက် ဖိဖိစီးစီး ပီပီပြင်ပြင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများ မိမိဘဝမိမိရပ်တည်နိုင်ပြီး လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားလာရေး၊ ဆင်းရဲနွမ်းပါးမှု လျော့နည်းပပျောက်ရေးတို့အတွက် ဆက်လက်ဆောင်ရွက် ပေးသွားကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေး စဉ်ဆက်မပြတ် တိုးတက်မြင့်မားသွားစေရန် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ စီမံဆောင်ရွက်သွားဖို့လိုကြောင်း"**ကို မှာကြားခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များကို အခြေခံပြီး ဆက်လက်ဆောင်ရွက်ဖွယ်လုပ်ငန်းများကို တာဝန်ရှိသူအသီးသီးက အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားကြဖို့ မှာကြားလိုကြောင်း။

## ပေါင်းစည်းနေထိုင်

မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် အခြားသောနိုင်ငံများနှင့်မတူညီသည့် ထူးခြားသော အခြေအနေများရှိကြောင်း၊ မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော် စုစည်းညီညွတ်စွာ ပေါင်းစည်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စုကြီး ဖြစ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး (၃/၂၀၀၄)တွင် ဖြည့်စွက်ရှင်းလင်းတင်ပြစဉ်။(သတင်းစဉ်)

မိမိတို့ တိုင်းရင်းသားလူမျိုးများသည် ရှေးပဝေသဏီကာလကတည်းက နောင်အခါတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးဖြစ်လာမည့် နယ်မြေဒေသကြီးအတွင်း စုစည်းညီညွတ်စွာ နှစ်ပေါင်းထောင်ချီပြီး ဥမကွဲသိုက်မပျက် ပေါင်းစည်းယှက်နွယ် နေထိုင်လာခဲ့ကြကြောင်း။

## စောင့်ရှောက်ထိန်းသိမ်း

တိုင်းရင်းသားလူမျိုးများအားလုံးသည် ပထမမြန်မာနိုင်ငံတော်ကြီးကို ထူထောင်ခဲ့သည့် ပုဂံခေတ်အနော်ရထာမင်းကြီးလက်ထက်၊ ဒုတိယ မြန်မာနိုင်ငံတော်ကြီးကို ထူထောင်ခဲ့သည့် ဘုရင့်နောင်မင်းတရားကြီးလက်ထက်နှင့် တတိယမြန်မာနိုင်ငံတော်ကြီးကို ထူထောင်ခဲ့သည့် အလောင်းမင်းတရားကြီး လက်ထက် စသည့် အမျိုးသားနိုင်ငံတော်ကြီးများကို ထူထောင်ခဲ့ကြသည့် ခေတ်ကာလအားလုံးနှင့်တကွ ရှည်လျားခိုင်မာသည့် မြန်မာ့သမိုင်းကြောင်း အစဉ်အဆက် တစ်လျှောက်လုံးတွင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲအောင် စောင့်ရှောက်ထိန်းသိမ်းလာခဲ့ကြကြောင်း။

ယင်းကဲ့သို့ တိုင်းရင်းသားလူမျိုးများ လက်တွဲလျက် ပြည်ထောင်စုကြီးကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသည့် ကောင်းမြတ်သော အစဉ်အလာများကို ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရအောင် စောင့်ထိန်းမြှင့်တင်သွားရမည်ဆိုသည့် သဘောထားခံယူချက်များ တိုင်းရင်းသားလူမျိုးများ အကြားတွင် အစဉ်ထာဝရမြဲမြဲစွာ ဖြစ်ထွန်းနေစေဖို့ လိုအပ်ကြောင်း၊ ယင်းသဘောထားခံယူချက်များ စွဲမြဲစွာဖြစ်ထွန်းနေစေရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အခိုင်အမာဖြစ်ထွန်းနေစေဖို့လိုကြောင်း။

သို့ဖြစ်၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးပွားခိုင်မာစေရေးအတွက် ဦးတည်ဆောင်ရွက်နေသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရအောင် အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်သွားကြဖို့ မှာကြားလိုကြောင်း။

## ထူးခြားစွာတိုးတက်

နိုင်ငံတော်အစိုးရ၏ဦးဆောင်မှု၊ ပံ့ပိုးကူညီမှုများနှင့် တိုင်းရင်းသားခေါင်းဆောင်များ၊ ဒေသခံတိုင်းရင်းသားလူမျိုးများ၏ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှုများကြောင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် ၁၄နှစ်ကျော်ကာလအတွင်းတွင် ယခင်ခေတ်ကာလက နယ်စပ်ဒေသရှိ ကျေးရွာအဆင့်မျှသာရှိခဲ့သည့် ဒေသများ၌ ယခုအခါတွင် ခေတ်မီမြို့ကြီးပြကြီးများ၊ ကြီးမားကျယ်ပြန့်သည့် စိုက်ပျိုးရေးလုပ်ငန်းကြီးများ၊ မွေးမြူရေး စခန်းကြီးများဖြင့် သိသာထူးခြားစွာ တိုးတက်ပြောင်းလဲလာခဲ့ပြီဖြစ်ကြောင်း။

နယ်စပ်ဒေသများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ စာပေပညာတတ်မြောက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကိုလည်း တစ်ပါတည်း ဆောင်ရွက်ပေးခဲ့ကြောင်း။

## အောင်မြင်ဖြစ်ထွန်း

ယခုအခါတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခုကို ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့၌ ဖွင့်လှစ်လျက် နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များကို အဆင့်မြင့်ပညာများ သင်ကြားပေးပြီး ဘွဲ့ဒီဂရီရပြီးနောက် မိမိတို့ ဒေသများအတွင်း ပြန်လည်တာဝန်ပေးအပ်သည့် အစီအစဉ်များလည်း အောင်မြင်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

နယ်စပ်ဒေသနေ တိုင်းရင်းသူ အမျိုးသမီးငယ်များ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားရေးနှင့် စိတ်ဓာတ်ရေးရာ တိုးတက်မြင့်မားစေရေးအတွက် နယ်စပ်ဒေသများ၌ အမျိုးသမီး အိမ်တွင်းမှု ပညာသင်ကျောင်းများ ဖွင့်လှစ်ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိရာမှာလည်း လုပ်ငန်းများအောင်မြင်ဖြစ်ထွန်းနေသည့်အတွက် အလားတူကျောင်းများ တိုးချဲ့ဖွင့်လှစ်သွားရန် စီမံဆောင်ရွက်သွားကြဖို့ မှာကြားလိုကြောင်း။

ယခုအခါတွင် နယ်စပ်ဒေသများ အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးလာသည်နှင့်အညီ နိုင်ငံတော်အတွင်းပိုင်းရှိ ဖွံ့ဖြိုးတိုးတက်မှု၌ ကွက်လပ်သဖွယ် ကျန်ရှိနေသည့် ဒေသများကို ဖွံ့ဖြိုးရေးအထူးဒေသကြီးများအဖြစ် သတ်မှတ်ပြီး ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများချမှတ်ဆောင်ရွက်နိုင်နေပြီဖြစ်သကဲ့သို့ နယ်စပ်ဒေသများအပါအဝင် အစွန်အဖျားကျေးလက်ဒေသများပါ ဖြန့်ကြက်လျက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးပြုဆောင်ရွက်နိုင်စေရန် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးငါးရပ်ကို ရည်မှန်းချက်ထားပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း။

## ဆက်လက်ကြိုးပမ်း

အလားတူပင် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ပေါင်းစပ်ယှဉ်တွဲလျက် မူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ်စီမံကိန်းကြီးနှင့် ယင်းပင်မစီမံကိန်းကြီးကို အထောက်အကူပြုမည့် ပန်းတိုင်သစ်စီမံကိန်းတို့ကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လာခဲ့ရာ လုပ်ငန်းများမျှော်မှန်းချက်နှင့်အညီ အောင်မြင်ဖြစ်ထွန်းနေပြီဖြစ်သည့်အတွက် မိမိတို့၏ ရည်မှန်းချက်ကို မျက်ခြည်မပြတ်စေဘဲ ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားကြဖို့ မှာကြားလိုကြောင်း။

ဤကဲ့သို့ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ပြီး ပြည်ထောင်စုကြီး၏ အခြားသောနယ်မြေဒေသများနှင့် တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းလာသည်နှင့်အမျှ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးပွားခိုင်မာမှုနှင့်အတူ ပြည်ထောင်စုကြီး ပိုမိုခိုင်ခံ့တည်တံ့ခိုင်မြဲမှု အကျိုးရလဒ်ကောင်းများပါ ဖြစ်ထွန်းလာလျက်ရှိနေပြီဖြစ်ကြောင်း။

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်း အစည်းအဝေး(၃/၂၀၀၄)တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ယခုအချိန်အခါတွင် ပြည်ထောင်စုကြီးကမ္ဘာတည်သရွေ့ အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် တည်ငြိမ်ခိုင်ခံ့သည့် အခြေခံကောင်းများ တည်ဆောက် အကောင်အထည်ဖော်နိုင်စေရန် အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိရာတွင် တိုင်းရင်းသားလူမျိုးများအားလုံး စုံစုံညီညီတက်ရောက်နေသည်ကို တွေ့ရကြောင်း။

## မျှော်မှန်းချက်နှင့်အညီ

ဤကဲ့သို့ တိုင်းရင်းသားလူမျိုးများအားလုံး စုံစုံညီညီတက်ရောက်လျက် မိမိတို့တိုင်းရင်းသားလူမျိုးများ၏ အနာဂတ်ရေးကို စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဆွေးနွေးညှိနှိုင်းနေကြခြင်းမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာစွာဖြစ်ထွန်းနေမှုကို ဖော်ညွှန်းပြဆိုနေခြင်းဖြစ်သည်နှင့်အညီ အမျိုးသားညီလာခံကြီးမျှော်မှန်းချက်နှင့်အညီ အောင်မြင်ဖြစ်ထွန်းလာမည်ဟု ယုံကြည်ထားပြီးဖြစ်ကြောင်း။

သို့ဖြစ်၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးပွားခိုင်မာသည်ထက် တိုးပွားခိုင်မာစေရေးဦးတည်လျက် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

## စနစ်တကျစီမံ

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်က ရှင်းလင်းတင်ပြရာတွင် ၂၀၀၄ခုနှစ် မတ် ၂၉ရက်က ကျင်းပခဲ့သည့် နယ်စပ်ဒေသနှင့်

စာမျက်နှာ ၆ ကော်လံ ၁

## လက်ခံတွေ့ဆုံ

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် အိန္ဒိယသမ္မတနိုင်ငံမှ Federation of Indian Chamber of Commerce & Industry ဥက္ကဋ္ဌ Mr. K.K. Modi နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)**

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အိန္ဒိယစက်မှုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားလက်ခံတွေ့ဆုံ

ရန်ကုန် မေ ၂၂

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အိန္ဒိယသမ္မတနိုင်ငံမှ Federation of Indian Chamber of Commerce & Industry ဥက္ကဋ္ဌ Mr. K.K.Modi နှင့်အဖွဲ့ဝင်များအား ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

**တက်ရောက်**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ပြည့်စုံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်၊ အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

*စာမျက်နှာ ၅ မှ*

တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီအစည်းအဝေး(၁/၂၀၀၄)က လမ်းညွှန်ချက်(၁၀)ရပ်ချမှတ်ခဲ့သည်နှင့်အညီ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နယ်စပ်ဒေသများရှိလမ်းများကို ရာသီမရွေးသွားလာနိုင်သော လမ်းများဖြစ်စေရေး၊ လိုအပ်သည့်လမ်းမကြီးများကို ကတ္တရာလမ်းဖြစ်စေရေးနှင့် တံတားများ ပိုမိုခိုင်ခံ့စေရေးတို့အတွက် စနစ်တကျစီမံဆောင်ရွက်လျက်ရှိကြောင်း။

- စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ၊ ဒေသအလိုက်တစ်ပိုင်တစ်နိုင် ဆောင်ရွက်နိုင်သည့်စက်မှုနှင့် လျှပ်စစ်စွမ်းအားလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် အောင်မြင်ဖြစ်ထွန်းရေးအတွက် ဖိဖိစီးစီးပီပီပြင်ပြင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့သည့်အတိုင်း စီမံဆောင်ရွက်လျက်ရှိကြောင်း။
- ဒေသခံပြည်သူများ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားလာရေးနှင့် နယ်စပ်ဒေသတိုးတက်ဖြစ်ထွန်းမှုများ စဉ်ဆက်မပြတ်တိုးတက်မြင့်မားစေရန်နှင့် ဒေသတွင်းလူ့စွမ်းအားအရင်းအမြစ်များပေါ်ထွန်းလာရေးအတွက်လည်း အစီအမံချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊
- တောင်ယာလုပ်ကိုင်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးအတွက် ကုန်းမြင့်ဒေသလယ်ယာမြေများဖော်ထုတ်ပေးပြီး၊ ပညာရေး၊ ကျန်းမာရေး အခြေခံများထူထောင်ကာ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုပါ အကောင်အထည်ဖော်ဆောင်ရွက်ပေးနေကြောင်း။

**ရှင်းလင်းတင်ပြ**

စစ်ကိုင်းတိုင်း နန်းယွန်းမြို့နယ် ပန်းဆောင်မြို့နှင့် ကချင်ပြည်နယ် နောင်မွန်းမြို့နယ် ပန်နန်းဒင်မြို့များတွင်–

- ပြည်သူများတစ်ဖက်နိုင်ငံကို အမှီမပြုဘဲ ကိုယ့်အားကိုယ်ကိုးရပ်တည်နိုင်ရေးအတွက် နွား၊ဆိတ်၊ကြက်၊ ဝက်များ အိမ်ထောင်စုအလိုက် မွေးမြူနိုင်ရေး အခမဲ့ဆောင်ရွက်ပေးခြင်း၊
- လယ်ယာမြေများဖော်ထုတ်ပေးရန်နှင့် ထွန်စက်ငယ်များပို့ဆောင်ပေးခြင်း၊
- လျှပ်စစ်ဓာတ်အား ငါးကီလိုဝပ်၊ ၁၀ ကီလိုဝပ်၊ ၂၀ ကီလိုဝပ်စသည် ဖြင့်ထုတ်လုပ်နိုင်သည့် ရေအားလျှပ်စစ်လုပ်ငန်းငယ်များ ထူထောင်ပေးခြင်း၊
- အိမ်ရာတည်ဆောက်ရေးအတွက် ဆောက်လုပ်ရေးပစ္စည်းများရရှိရေး ကူညီဆောင်ရွက်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊
- ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်မှ အင်ဂျင်နီယာမဟုတ်သော ဘွဲ့ရများကို ပြည်ထဲရေးဝန်ကြီးဌာနက သက်ဆိုင်ရာမြို့နယ်များ၌ တာဝန်ပေးခန့်ထားလျက်ရှိကြောင်း၊
- နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ရည်မှန်းချက်နှင့်အညီအောင်မြင်ဖြစ်ထွန်းရေးအတွက် ဖွံ့ဖြိုးရေးနှင့်စည်းရုံးရေးတွဲဖက်ဆောင်ရွက်လျက်ရှိကြောင်း။

အလားတူပင် ၂၂–၁–၂၀၀၄ရက်တွင် ကျင်းပခဲ့သည့် လုပ်ငန်းကော်မတီအစည်းအဝေး (၂/၂၀၀၄)က ဆုံးဖြတ်ချက်ချမှတ်ခဲ့သော လုပ်ငန်းများနှင့်ပတ်သက်ပြီး ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တင်ပြလိုကြောင်း။

- နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ ရန်ပုံငွေ ခွင့်ပြုပေးရန် ဆုံးဖြတ်ချက်ချမှတ်ထားသည့် လုပ်ငန်းပေါင်း ၄၄ခုအနက် ၄၁ခုအတွက် ရန်ပုံငွေခွင့်ပြုထုတ်ပေးပြီးဖြစ်ကြောင်း၊ ကျန်လုပ်ငန်းသုံးခုမှာ စက်ပစ္စည်းများ ဝယ်ယူရမည့်ကိစ္စဖြစ်၍ သက်ဆိုင်ရာဆပ်ကော်မတီများကို ရန်ပုံငွေခွင့်ပြုပြီး ဝယ်ယူရေးကိစ္စများဆောင်ရွက်နေဆဲဖြစ်ကြောင်း။
- ပညာရေးလုပ်ငန်းတွင် Sanction ခွင့်ပြုပေးရန် ဆုံးဖြတ်ချက်ချမှတ်ထားသည့် အမကငါးကျောင်းအတွက် ၂၆–၂–၂၀၀၄ရက်တွင် Sanction ခွင့်ပြုပေးပြီးဖြစ်ကြောင်း။
- ကျန်းမာရေးလုပ်ငန်းတွင် Sanction ခွင့်ပြုပေးရန် ဆုံးဖြတ်ချက်ချမှတ်ထားသည့် စံလောင်း ၁၆ခုတင်ဆံ့ဆေးရုံ၊ တန့်ယန်း ၂၅ခုတင်ဆံ့ဆေးရုံနှင့် ချောင်ချိကျေးလက်ကျန်းမာရေးဌာနအတွက် Sanction ခွင့်ပြုချက်ရရှိရေး ဆောင်ရွက်နေသကဲ့သို့ ရေပူစမ်းကျေးလက်ကျန်းမာရေးဌာနခွဲ Sanction ခွင့်ပြုနိုင်ရေးအတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ကျန်းမာရေးက ကွင်းဆင်းစိစစ်ဆဲဖြစ်ကြောင်း။
- နမ့်ခုတ်ချောင်းကူး၊ ပိန်းခမ်းလူကူး သံမဏိကြိုးတံတား ချို့ယွင်းမှုကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက Survey လုပ်ပြီး ခိုင်ခံ့အောင်ပြုပြင်ပေးရန် ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ကျိုင်းတုံအရှေ့)က Survey ပြုလုပ်ပြီးဖြစ်ကြောင်း။
- လားရှိုးမြို့နယ် မန်းဆူကျေးရွာအနီး ကောက်ကွေ့ချောင်း မြေသားရေလှောင်တမံ တည်ဆောက်ရန် Survey လုပ်ပြီး အသေးစိတ်ပြန်လည်တင်ပြရန် ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ဆောင်ရွက်နေပြီဖြစ်ကြောင်း

ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များနှင့် တာဝန်ရှိသူများက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ချက်အခြေအနေများကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် တိုင်းရင်းသားစည်းလုံး ချစ်ကြည်ညီညွတ်ရေးသည်လွန်စွာအရေးကြီးကြောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကိုလည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပိုမိုတိုးတက်ဖြစ်ထွန်းမှုများရရှိစေရန် ရည်မှန်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားများလူနေမှုမြင့်မားပြီး စီးပွားရေးတိုးတက်ဖြစ်ထွန်းလာသည်နှင့်အမျှ တိုင်းရင်းသားအချင်းချင်းတစ်စိတ်တည်း၊ တစ်ဝမ်းတည်း၊ တစ်သဘောတည်း ညီညွတ်ချစ်ကြည်လာမှာဖြစ်သည့်အတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ကြရေးမှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

*စာမျက်နှာ ၃ ဆောင်းပါးမှ အဆက်*

**တစ်ဖက်တွင်လည်း ကိုယ်စားလှယ်ကောင်းများ ရှိဖို့လိုသည်။ ပိုက်ဆံရှိတိုင်း၊ နာမည်ကြီးချင်တိုင်း၊ အာဏာလိုချင်တိုင်း ဝင်ပြိုင်သော ကိုယ်စားလှယ်အချို့ရှိတတ်သည်၊ ကိုယ်စားလှယ် (အမတ်လောင်း)သည် နာယကဂုဏ်(၆)ပါးနှင့် ပြည့်စုံ၊ သီလ၊ သမာဓိ၊ ပညာရှိသူ၊အမှန်တရားကိုမြတ်နိုးပြီး ရဲဝံ့တည်ကြည်သူ၊နိုင်ငံနှင့်လူမျိုးအတွက် ကိုယ်ကျိုးမဖက်ဘဲ လိုအပ်လာလျှင် အသက်ကိုပင်စွန့်လှူရန်အသင့်ရှိသူမျိုး ဖြစ်သင့်သည်။ တစ်နည်းဆိုလျှင် ရွေးချယ်ခံသော ကိုယ်စားလှယ်လောင်းသည် ကိုယ်ကျင့်တရား ကောင်းမွန်သော လုပ်ရည်ကိုင်ရည် ကြံရည်ဖန်ရည် ရှိသူဖြစ်ရန် လိုပေသည်။**

ထိုသို့ မူဝါဒကလည်းကောင်း၊ ထိုမူဝါဒကို ဖော်ဆောင်မောင်းနှင်မည့် လူကလည်း ကောင်းသော ကိုယ်စားလှယ်လောင်းများ ရှိလျှင် နောင်ရေးအတွက် အလားအလာကောင်းသည်၊ နောင်ရေးစိတ်အေးရသည်။ ဒီမိုကရေစီဖြစ်တည်မှုမှာ လူပေါ်တွင်အခြေခံသည်။ လူများကိုယ်ကျိုးရှာ အကျင့်ပျက်မည်၊ လှည့်ဖြားကြမည်ဆိုလျှင် ဒီမိုကရေစီလှေကြီးသည် ခရီးမရောက်နိုင်သည့်အပြင် လှော်ရင်းနစ်တတ်ပေသည်။

**ယခုအခါ တပ်မတော်အစိုးရသည် မိမိတာဝန်ယူထားရသော နေ့ရက်အချိန်တိုင်း နိုင်ငံအကျိုးဖြစ်သော တည်ငြိမ်အေးချမ်းရေးရရန်နှင့် ပြည်သူများဘဝ ဖွံ့ဖြိုးတိုးတက်စေရန် အသက်တွေ၊ ချွေးတွေ ရင်းပြီး တည်ဆောက်ထားလေသည်။ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖြစ်ထွန်းနိုင်သည်။ ဆူပူသောင်းကျန်းမှုများ၊ သတ်ဖြတ်အနိုင်ကျင့်မှု၊ ခြိမ်းခြောက်မှုများရှိနေသော ပတ်ဝန်းကျင်၌ ဒီမိုကရေစီ ကျင့်သုံး၍ မအောင်မြင်နိုင်ပေ။** လွန်ခဲ့သော အနှစ် ၄၀ ကျော် ပါတီစုံကာလက ထိတ်လန့်စက်ဆုပ်ဖွယ်ရာ ကြုံခဲ့ရသော မင်းလုလေးလောင်းပြိုင် သတ်မှု၊ ငါန်းဇွန် ခြောက်လောင်းပြိုင်သတ်မှု၊ အီးစီမဒါးပြန်ပေးဆွဲမှု ကဲ့သို့သော အနိဋ္ဌာရုံများမရှိမူဘဲ နိုင်ငံတစ်ဝန်းလုံး အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်စ ပြုနေသော ကျက်သရေမင်္ဂလာရှိသည့် ယခုကဲ့သို့သော အခြေအနေ၊ နိုင်ငံရေးရာသီဥတုကောင်းမွန်ချိန်တွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ် အောင်မြင်ရေး (ဝါ) ဒီမိုကရေစီနိုင်ငံတော်သစ်ပေါ်ထွန်းရေးအတွက် အားလုံးသဘောထားကြီးကြီးထားရှိပြီး အပြန်အလှန်နားလည်မှု၊ ခွင့်လွှတ်မှု၊ လေးစားမှု၊ ငဲ့ညှာထောက်ထားမှုများဖြစ်ထွန်းကာ ကိုယ်ကျိုး၊ ပါတီအကျိုးထက် နိုင်ငံနှင့်ပြည်သူ့အကျိုးကို ဦးစားပေးကြရန်နှင့် ဒီမိုကရေစီပေါ်ထွန်းရေးအတွက် ပြည်သူများအပိုင်းနှင့် ကိုယ်စားလှယ်များအပိုင်း အရည်အချင်း ပြည့်ဝစေရေး ကြိုးပမ်းကြရန် လိုအပ်လှပေသည်။ ။

■ **ရှေ့ဖုံးမှ**

စာမေးပွဲသြဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု မော်လမြိုင်မြို့ ဝဲပုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဝိဇယာဘိဝံသ အမှူးပြုသော တိပိဋကဓရရွေးချယ်ရေးစာမေးပွဲသြဝါဒါစရိယ ဆရာတော်ကြီးများ၊ နာယကချုပ်နှင့် ပါမောက္ခချုပ်ဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်များ၊ စာထောက်စာမဆရာတော်များ၊ (၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်သူမြတ်များကြွရောက်တော်မူကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီးဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်ဇနီး၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ စစ်ထောက်ချုပ်ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးနှင့်၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ဒုတိယဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ သာသနာရေးဝန်ကြီးဌာနသာသနာရေးဦးစီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ သာသနာ့နုဂ္ဂဟအဖွဲ့ ပုဂ္ဂိုလ်များ၊ ဘာသာရေးနှင့် သာသနာရေးဆိုင်ရာ အသင်းအဖွဲ့များ၊ ဝတ်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊စာအောင်သံဃာတော်များ၏ တပည့် ဒါယကာ ဒါယိကာမများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် (၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ်များအား ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ် ဆက်ကပ်ပွဲအခမ်းအနားတွင် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်မြို့ ဒဂုံမြို့နယ် တိပိဋကကျောင်းတော်မှ အရှင်ကုဏ္ဍာပါလအား ဘွဲ့တံဆိပ်တော်အဆောင်အယောင်နှင့် အောင်လက်မှတ် ဆက်ကပ်စဉ်။ (သတင်းစဉ်)

**စာမျက်နှာ ၈ ကော်လံ ၁**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း တိပိဋကဓရ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်မြို့ ဒဂုံမြို့နယ် တိပိဋက ကျောင်းတော်မှ အရှင်ကုဏ္ဍာစရိယအား ဘွဲ့တံဆိပ်တော် အဆောင်အယောင်နှင့် အောင်လက်မှတ် ဆက်ကပ်စဉ်။**
(သတင်းစဉ်)

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မူလ အဘိဓမ္မကောဝိဒဘွဲ့တံဆိပ်တော်ရ စာအောင်သံဃာတော်နှင့် ဒီဃဘာဏက ဘွဲ့တံဆိပ်တော်ရ စာအောင် သံဃာတော် များအား ဘွဲ့တံဆိပ်တော် အဆောင်အယောင်နှင့် အောင်လက်မှတ် ဆက်ကပ်စဉ်။**
(သတင်းစဉ်)

# မြတ်စွာဘုရားသာသနာတော်ကြီး အရှည်တည်တံ့နိုင်ရေး ပရိယတ်၊ ပဋိပတ်နှစ်ရပ်သော ကိစ္စများ ကြိုးစားဆောင်ရွက်

ရန်ကုန် မေ ၂၂

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေး ဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဆက်ကပ်ပွဲ အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံဆရာတော် ဘဒ္ဒန္တ သောဘိတ မိန့်ကြားတော်မူအပ်သော သမ္ဗောဒနီယ သာရဏီယ သြဝါဒကထာကို ဆရာတော်ကြီး၏ ကိုယ်စား နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တ ကေသရက ဖတ်ကြားချီးမြှင့်တော်မူရာ ယင်းသမ္ဗောဒနီယသာရဏီယ သြဝါဒကထာ အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်။**

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံဆရာတော် ဘဒ္ဒန္တသောဘိတ၏ သမ္ဗောဒနီယ သာရဏီယ သြဝါဒကထာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တ ကေသရက ဖတ်ကြားချီးမြှင့်တော်မူစဉ်။**
**(သတင်းစဉ်)**

(၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာတော်ပြန်ပွဲ စာမေးပွဲကြီးတွင် အောင်မြင်တော်မူကြသည့် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ရ အရှင်သုန္ဒရ၊ အရှင်ကုဏ္ဍပါလ၊ တိပိဋကဓရဘွဲ့ရ အရှင်ကုဏ္ဍာစရိယနှင့်တကွ အဘိဓမ္မာရှေ့ပိုင်းငါးကျမ်း ရေးဖြေအောင် နှစ်ပါး၊ ဒီဃဘာဏက ငါးပါး၊ ဝိနယကောဝိဒ ကိုးပါး၊ ဝိနယဓရ ၁၆ပါး၊ ဝိနည်းရှေ့ပိုင်း အာဂုံအောင် ၄၃ပါးအားဖြင့် ၈၂ပါးသော သာသနာ့အာဇာနည် အရှင်မြတ်များနှင့်တကွ နိုင်ငံတော်အစိုးရ အမှူးပြုသော ဥပါသကာ ဥပါသိကာမအပေါင်းတို့အား စိတ်ထားရွှင်လန်း ဝမ်းမြောက်ဖွယ်ရာ၊ အခါရှည်မြင့် မှတ်ရသင့်ဖွယ်ရာဖြစ်သော သမ္ဗောဒနီယ သာရဏီယ သြဝါဒစကား မြွက်ကြားလိုပေသည်။

ယခုနှစ် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာပြန်ပွဲ စာမေးပွဲကြီးတွင် တစ်နှစ်တည်း တိပိဋကဓရ တိပိဋကကောဝိဒ နှစ်ပါး၊ တိပိဋကဓရ တစ်ပါး ပေါ်ပေါက်လာသည့်အပြင် တိပိဋကစာအောင် သံဃာမှာလည်း အလွန်အောင်ချက်ကောင်းသည့်အတွက် တိပိဋကစာမေးပွဲသမိုင်းတွင် အလွန်ထူးကဲသည့်နှစ်ဟု ဆိုရမည်ဖြစ်ပါသည်။ ဤကဲ့သို့ တိပိဋကဓရ တိပိဋကကောဝိဒ အရှင်မြတ်များပေါ်ထွန်း၍ တိပိဋကစာအောင်သံဃာများ များစွာအောင်မြင်လာခြင်းကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အနေဖြင့် ပရိယတ္တိသာသနာတော်ကြီး၏ တိုးတက်စည်ပင်ခြင်းဟု ရှုမြင်တော်မူကြကာ များစွာနှစ်ထောင်းအားရဖြစ်မိပါကြောင်း မိန့်ကြားလိုပါသည်။

နိုင်ငံတော်အစိုးရအမှူးပြုသော ဥပါသကာ၊ ဥပါသိကာမ အပေါင်းတို့အနေဖြင့်လည်း မိမိတို့နိုင်ငံတော်တွင် ယခုကဲ့သို့ ပိဋကသုံးပုံ အာဂုံပြန်ဆို ရေးဖြေနိုင်ကြသည့် အရှင်မြတ်များ ထွန်းကားပေါ်ပေါက်၍ ပိဋကတစ်ပုံဆောင်၊ နှစ်ပုံဆောင် အရှင်မြတ်များလည်း များစွာအောင်မြင် ပေါ်ပေါက်နေခြင်းကို သိရှိကြည်ညိုကြကာ မြန်မာနိုင်ငံ၏ သာသနာတော် ထွန်းကားမြင့်မားမှုကို ဂုဏ်ယူဝမ်းမြောက်မဆုံး ရှိနေကြမည် ဖြစ်ပါသည်။

တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ရ အရှင်မြတ်များနှင့်တကွ တိပိဋကစာမေးပွဲ အောင်မြင် အရှင်မြတ်အပေါင်းတို့၊ ပိဋကတ်တော် အဋ္ဌကထာများမှာ—

**သာသနဋ္ဌိတိယာ ပန ပရိယတ္တိယေဝ ပမာဏံ၊ ပရိယတ္တိယာ ဋ္ဌိတာယ သာသနံ ဋ္ဌိတံ ဟောတိ—**

သာသနာတော် တည်တံ့ဖို့ရန်မှာ ပရိယတ္တိသာလျှင် ပဓာနကျကြောင်း၊ ပရိယတ္တိတည်ခဲ့လျှင် သာသနာတော်တည်တံ့ကြောင်းကို မိန့်ဆိုခဲ့ပါသည်။ ဤအဋ္ဌကထာလာစကား နှစ်ဝါကျလောက်ကိုသာ လက်ကိုင်ထားကြပြီး တချို့ အရှင်မြတ်များကား ပရိယတ္တိတစ်ခုတည်းသာ ဂရုပြုအာရုံစိုက်က ပရိယတ္တိက ညွှန်ကြားသည့် ပဋိပတ်ဘက်ကို ခြေဦးမတည်နိုင်ဘဲ ရှိနေကြပါသည်။

မြတ်စွာဘုရား ဟောကြားတော်မူရင်းဖြစ်သည့် အင်္ဂုတ္တိုရ်စသော ပါဠိတော်များမှာ—

ရဟန်းတော်များ၊ တရားကိုနာ၊ စာပေလည်းသင်၊ နှုတ်တွင် ကျက်ဆောင်၊ သိအောင်လည်းမှတ်၊ ပဋိပတ်ပါ၊ ဖြည့်ကျင့်ရာသည်၊ သာသနာတည်ဖို့ အကြောင်းတည်း ဟူသော ပထမ သဒ္ဓမ္မသမ္မောသ သုတ်လာ သာသနာတည်ကြောင်း ငါးပါးတို့တွင် လောကုတ္တရာ တရားကိုးပါး အားလျော်သော အကျင့်ကို ကျင့်ခြင်းသည်လည်း သာသနာတော် တည်ကြောင်းအဖြစ် ဟောကြားတော်မူခဲ့ပါသည်။

ထို့ပြင် မဟာဝဂ္ဂသံယုတ်ပါဠိ သတိပဋ္ဌာန သံယုတ်တွင် **“စတုန္နံ ခေါ ဗြာဟ္မဏ သတိပဋ္ဌာနာနံ အဘာဝိတတ္တာ”** စသည်ဖြင့် သာသနာဆုတ်ယုတ်ကြောင်း၊ သာသနာတည်တံ့ကြောင်း ဟောထားတော်မူရာ သတိပဋ္ဌာန်တရားလေးပါး မပွားများခြင်းကြောင့် သာသနာတော် အရှည်မတည်တံ့နိုင်ကြောင်း၊ သတိပဋ္ဌာန်တရား ပွားများခြင်းကြောင့် သာသနာတော်အရှည် တည်တံ့နိုင်ကြောင်း ဟောတော်မူခဲ့ပါသည်။

သို့ဖြစ်ပါ၍ သာသနာတည်တံ့ဖို့ဆိုရာမှာ ပရိယတ်တစ်ခုတည်းပေါ်မှာ ရပ်တည်လို့မရကြောင်း သိသာလှပါသည်။ သို့ဖြစ်ပါ၍ သာသနာတော် အရှည်တည်တံ့ခြင်းကို လိုလားကြသော အရှင်မြတ်တို့နှင့်တကွ မြန်မာနိုင်ငံတော်အစိုးရ အမှူးပြုသော ဥပါသကာ၊ ဥပါသိကာမတို့သည် ပရိယတ်သင်ယူခြင်းကိုလည်း အားပေးချီးမြှောက်သကဲ့သို့ ပဋိပတ်တရားကျင့်ကြံပွားများခြင်းကိုလည်း အားပေးချီးမြှောက်ရမည် ဖြစ်ပါသည်။

ထို့ကြောင့် ယနေ့စာအောင် သံဃာ အရှင်မြတ်များနှင့်တကွ နိုင်ငံတော်အစိုးရအမှူးပြုသော ဥပါသကာ၊ ဥပါသိကာမ အပေါင်းတို့အနေဖြင့် မြတ်စွာဘုရားသာသနာတော်ကြီး အရှည်ခံ၍ တည်တံ့နိုင်ရေးအတွက် ပရိယတ်၊ ပဋိပတ်နှစ်ရပ်သော ကိစ္စများကို ကြိုးစားဆောင်ရွက်နိုင်ကြ၍ မဂ်ဖိုလ် နိဗ္ဗာန်ဟူသော ပဋိဝေဓ သာသနာတော်မြတ်ကို မျက်မှောက်ပြုနိုင်ကြပါစေလို့ ပတ္ထနာပြုရင်း ဘုန်းကြီး၏ သြဝါဒကထာကို နိဂုံးချုပ်အပ်ပါသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

**၂၃-၅-၂၀၀၄ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော်ဦးဃောသိတ တရားတော် **“ကံလေးမျိုးတရားတော်”**
၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁ ၁၁။ ပြီးပါပြီ။

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၄:၃၀ ၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Consignment Account (စီးပွားရေး၊ စီးပွားစီမံ)
၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသသတင်း
၆:၂၅ ၁၀။ မြန်မာ့ရှုခင်း
၆:၄၀ ၁၁။ လျှပ်တစ်ပြက်
၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ဉာဏ်ကျယ်လေး”** (အပိုင်း-၂၄)
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ လျှပ်တစ်ပြက်
၁၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး”** (ဒုတိယတွဲ) (အပိုင်း-၁၉)
၁၈။ သင့်အတွက်မနက်ဖြန်
၁၉။ အပိတ်နှုတ်ဆက်စကား

23-5 (07).p65 1 03/24/1905, 9:24 PM

စာမျက်နှာ ၇ မှ

အခမ်းအနားတွင် ရန်ကုန်တိုင်း သာသနာရေး ဦးစီးမှူး ဦးစံသင်းလှိုင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားလျှောက်ထားကြေညာသည်။

ယင်းနောက် အခမ်းအနားကို စတင်ကျင်းပရာ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုးက အောင်သပြေစိုက် ပန်းဖလားကိုပိုက်လျက် လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးထွန်းလှက ကွမ်းတောင်ကို ကိုင်ဆောင်လျက်လည်းကောင်း၊ဌာနမှူးဦးရဲဌေးကပန်းကလာပ်ကို ကိုင်ဆောင်လျက်လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးတင်အောင်ထွန်းက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် လည်းကောင်း နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား ပင့်ဆောင်လာကြသည်။

## ပင့်ဆောင်

ဆက်လက်၍ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းရွှေက တိပိဋကဓရ တိပိဋကကောဝိဒ သြဝါဒါစရိယ ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် တိပိဋကဓရ တိပိဋကကောဝိဒ သြဝါဒါစရိယ ဆရာတော်ကြီးများအားလည်းကောင်း၊ ဦးစီးအရာရှိ ဦးထွန်းနိုင်က တိပိဋကဓရ တိပိဋကကောဝိဒ ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများအားလည်းကောင်း ပင့်ဆောင်လာကြသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဦးလှမြင့်က တိပိဋကဓရ တိပိဋကကောဝိဒ ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် (၅၆) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ စာမေးပွဲတွင် အောင်မြင်တော်မူကြသည့် တိပိဋကဓရ တိပိဋကကောဝိဒအောင် သာသနာ့အာဇာနည် အရှင်မြတ် နှစ်ပါးအားလည်းကောင်း၊ ဦးစီးအရာရှိ ဦးအောင်ထွေးက တိပိဋကဓရ ဆိုင်းဘုတ်ကိုကိုင်ဆောင်လျက် တိပိဋကဓရအောင် သာသနာ့အာဇာနည် တစ်ပါးအားလည်းကောင်း၊ စာပေလက်ထောက် (၁) ဦးတင်ဝင်းက စာအောင်သံဃာတော်များ ဆိုင်းဘုတ်ကိုကိုင်ဆောင်လျက် မူလအဘိဓမ္မကောဝိဒအောင် နှစ်ပါး၊ ဒီဃဘာဏကအောင် ငါးပါး၊ ဝိနယကောဝိဒအောင် ကိုးပါး၊ ဝိနယဓရအောင် ၁၆ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒအောင် လေးပါးနှင့် ဥဘတောဝိဘင်္ဂဓရအောင် ၄၃ပါးတို့အားလည်းကောင်း စုစုပေါင်း စာအောင်သံဃာတော် ၈၂ပါးတို့အား ပင့်ဆောင်လာကြပြီး စာပေလက်ထောက် (၁) ဦးစံတင်အောင်က ပန်းမိုးရွာလျက် လိုက်ပါလာကာ ဆရာတော် သံဃာတော်များအား နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် မဟာဘွဲ့နှင်းသိမ်ဓမ္မာရုံ သံဃာစင်ပေါ်ရှိ သတ်မှတ်နေရာအသီးသီးသို့ ပင့်ဆောင်ကြသည်။

ထိုအချိန်တွင် ယဉ်ကျေးမှုဝန်ကြီးဌာန နိုင်ငံတော်မင်္ဂလာဆိုင်းအဖွဲ့က ထုတိသြဘာ ဓမ္မတေးများကို ငြိမ့်ညောင်းသာယာစွာ တီးမှုတ်သီဆိုပူဇော်ပြီး ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော်များအား ပရိသတ်များက လက်အုပ်ချီမိုးလျက် ရှိခိုးပူဇော်ကြသည်။

အစီအစဉ်အရ အခမ်းအနားကို ဆရာတော် သံဃာတော်များနှင့် ပရိသတ်တို့က နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး (၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်သူမြတ်များအား ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဆက်ကပ်ပွဲအခမ်းအနားတွင် သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများဖြင့်လောင်းလှူစဉ်။ (သတင်းစဉ်)

ထို့နောက် တိပိဋကဓရရွေးချယ်ရေး သြဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ မော်လမြိုင်မြို့ ဝဲပုံကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိဇယာဘိဝံသထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

## သြဝါဒကထာဖတ်ကြား

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံဆရာတော် ဘဒ္ဒန္တသောဘိတ၏ သမ္မောဒနီယ သာရဏီယသြဝါဒကထာကို ဥက္ကဋ္ဌဆရာတော်ကြီးကိုယ်စား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တ ကေသရက ဖတ်ကြားချီးမြှင့်တော်မူသည်။ **(သမ္မောဒနီယ သာရဏီယသြဝါဒကထာကို သီးခြား ဖော်ပြထားပါသည်။)**

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် (၅၆) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ အခမ်းအနားသို့ ကြွရောက် ချီးမြှင့်တော်မူကြသည့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ သြဝါဒါစရိယဆရာတော်များ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ တိပိဋကဓရ၊ တိပိဋကကောဝိဒဆရာတော်များ၊ ပင့်သံဃာတော်များနှင့်တကွ သာသနာ့အာဇာနည် စာအောင်သံဃာတော် အရှင်သူမြတ်တို့ကို ယခုကဲ့သို့ စုံစုံညီညီ ဖူးမြော်ကြည်ညိုခွင့်ရရှိသည့်အတွက် ကုသိုလ်မင်္ဂလာတရားများ အထူးပင်တိုးပွားရပါကြောင်းကို ရှေးဦးစွာ လျှောက်ထားအပ်ပါကြောင်း။

သဗ္ဗညုဘုရားရှင်ထားတော်မူခဲ့သော ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓ သာသနာတည်း ဟူသော သာသနာတော်သုံးရပ်တို့တွင် ပရိယတ္တိသာသနာတော်သည်သာလျှင် အရင်းမူလ ပဓာနဖြစ်ပါကြောင်း၊ ပရိယတ္တိသာသနာတော်သည် ကန်ပေါင်ကန်ရိုး ကန်သင်း(ကဇင်း)နှင့်တူ၍ ပဋိပတ္တိသာသနာတော်သည် ကန်အတွင်းရှိ ရေနှင့်တူကြောင်း၊ ပဋိဝေဓ သာသနာတော်သည် ရေကန်အလယ်ရှိ ကြာငုံကြာဖူး ကြာပွင့်နှင့်တူကြောင်း၊ ကန်ပေါင်ရိုး ခိုင်လုံစွာဆည်ဖို့မှသာ ကန်ရေများတည်ရှိပြီး ကြာငုံကြာဖူး ကြာပွင့်များ တင့်တယ်စွာ ပွင့်ထွန်းပေါ်ပေါက်နိုင်သကဲ့သို့ ပရိယတ္တိ သာသနာတော်တည်းဟူသော ကန်ပေါင်ကန်ရိုးခိုင်မှသာလျှင် ကန်ရေနှင့် ကြာငုံကြာဖူး ကြာပွင့်တည်း ဟူသော ပဋိပတ္တိသာသနာနှင့် ပဋိဝေဓသာသနာတော်များ တည်ရှိနိုင်မည်ဖြစ်ကြောင်း၊ **'သာသနဋ္ဌိတိယာ ပနပရိယတ္တိယေဝ ပမာဏံ'** သာသနာတော်သုံးရပ် အရှည်တည်တံ့ခိုင်ခံ့ခြင်း၏ အကြောင်းသည် ပရိယတ္တိ သာသနာတော်သာလျှင် အဓိကပဓာနဖြစ်သည်ဟူ၍အဋ္ဌကထာ ဆရာအရှင်သူမြတ်တို့ မိန့်မှာတော်မူခဲ့ကြောင်းကို ဆရာတော်ကြီးများထံမှ နာခံမှတ်သားရဖူးပါကြောင်း။

ယင်းသို့ ပဓာနမူလအကြောင်းရင်းဖြစ်သော ပရိယတ္တိသာသနာတော်ကို အရှည်တည်တံ့ခိုင်ခံ့စေခြင်းငှာ ပရိယတ္တိစာမေးပွဲများနှင့် စာပြန်ပွဲများကို ကျင်းပပြုလုပ်လေ့ရှိခဲ့ကြပါကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ရန်ကုန်မြို့၌ စေတိယင်္ဂဏပရိယတ္တိ သာသနဟိတအသင်းစာမေးပွဲ၊ ဘုရားဖြူ ဝိနယာနုဂ္ဂဟစာပြန်ပွဲ၊ ညောင်တုန်းမြို့၌ သုဓမ္မာပရိယတ္တိစာပြန်ပွဲ၊ မော်လမြိုင်မြို့၌ သုသမာစာရ ပရိယတ္တိစာမေးပွဲ၊ သထုံမြို့၌ ပိဋကတ္တယပါရဂူစာမေးပွဲ၊ ပဲခူးမြို့၌ ရွှေချိုးဝိနယတံခွန် စာပြန်ပွဲနှင့် ဝိနယာဓိက ပရိယတ္တိစာမေးပွဲ၊ မန္တလေးမြို့၌ ပရိယတ္တိ သာသနာ့ဟိတ စာလျှောက်မေးပွဲ စသည်ဖြင့် နိုင်ငံတစ်ဝန်းလုံး နေရာအနှံ့အပြား ဒေသဆိုင်ရာ ပရိယတ္တိ စာမေးပွဲများ၊ စာပြန်ပွဲများ ကျင်းပပြုလုပ်လျက် ရှိကြပါကြောင်း။

ယင်းဒေသဆိုင်ရာ စာမေးပွဲများအပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ သာသနာရေးဝန်ကြီးဌာနက တစ်နိုင်ငံလုံးခြုံ၍ နှစ်စဉ်ကျင်းပပေးလေ့ရှိသော စာမေးပွဲများမှာ အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုစာမေးပွဲ၊ အဘိဓမ္မာ စာမေးပွဲ၊ အဘိဓမ္မာ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ၊ နိကာယ်စာမေးပွဲ၊ ပထမပြန်စာမေးပွဲ၊ ဓမ္မာစရိယ စာချတန်း စာမေးပွဲနှင့် တိပိဋကဓရ တိပိဋက ကောဝိဒ ရွေးချယ်ရေးစာမေးပွဲတို့ ဖြစ်ကြပါကြောင်း၊ ယင်းစာမေးပွဲများအနက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးသည် အခက်ခဲဆုံးနှင့် အနက်နဲဆုံးဖြစ်သည်ကို လေ့လာတွေ့ရှိရပါကြောင်း။

အဆိုပါ တိပိဋကဓရ တိပိဋက ကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးသည် ၁၉၄၈ခုနှစ်တွင် စတင်ပေါ်ထွန်းလာခဲ့၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် လွတ်လပ်ရေးနှင့်အတူ ဖွားမြင်ခဲ့ခြင်းဖြစ်ရာ ယခုအခါ (၅၆)နှစ်မြောက် သက်တမ်းကာလသို့ ရောက်ရှိလာခဲ့ပြီဖြစ်ပါကြောင်း။

## အထူးအံ့သြဖွယ်ကောင်း

ယခုနှစ်(၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် တိပိဋကဓရတိပိဋကကောဝိဒ သာသနာ့အာဇာနည် အရှင်မြတ်နှစ်ပါးနှင့် တိပိဋကဓရ သာသနာ့အာဇာနည် အရှင်မြတ်တစ်ပါးတို့ ထူးခြားစွာပေါ်ထွန်းလာပြီး သဘောရေးဖြေ ၁၇ပါးနှင့် အာဂုံအောင် ၆၅ပါး စုစုပေါင်း စာအောင်သံဃာတော် သာသနာ့ အာဇာနည် အရှင်မြတ် ၈၂ ပါးတို့ ပေါ်ထွန်းတော်မူခဲ့သည့်အတွက် မကြုံစဖူး အထူးအံ့သြဖွယ်ကောင်းလှပါကြောင်းကို ဝမ်းမြောက်စကား လျှောက်ထားအပ်ပါကြောင်း။

ယခုအခါ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူး ၁၁ ပါး ပေါ်ထွန်းခဲ့ပြီဖြစ်၍ သက်တော်ထင်ရှားရှိသည့် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည် အရှင်မြတ်ရှစ်ပါးတို့ကို ဖူးမြော် ကြည်ညိုနိုင်ကြပြီဖြစ်ပါကြောင်း၊ ၁၉၈၈ခုနှစ်မှ ၂၀၀၄ခုနှစ်ထိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် တိပိဋကဓရ တိပိဋကကောဝိဒ ခြောက်ပါးပေါ်ထွန်းခဲ့ခြင်းကို ထောက်ရှု၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရအနေဖြင့် သာသနာပြုပါရမီကုသိုလ်ထူးဆည်းပူးခွင့်ရရှိခြင်းအတွက် လွန်စွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ဤစာမေးပွဲကြီး၏သက်တမ်း(၅၆)နှစ်တာကာလအတွင်း၌ တိပိဋကဓရ တိပိဋကကောဝိဒ ၁၁ ပါးနှင့် တိပိဋကဓရ နှစ်ပါးတို့ ပေါ်ထွန်းခဲ့ရာ ပျမ်းမျှအားဖြင့် ငါးနှစ်ကြာမှ တစ်ပါးသာ ပေါ်ထွန်းနိုင်ခဲ့သည်ကိုတွေ့ရှိရပါကြောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် သံဃာငါးသိန်းခန့်ရှိရာ နှစ်စဉ် ဤစာမေးပွဲကြီးသို့ ဝင်ရောက်ဖြေဆိုသော သံဃာတော် အပါး နှစ်ရာခန့်သာရှိ၍ သံဃာတော် အပါး ၂၅၀၀လျှင် တစ်ပါးသာ ဝင်ရောက်ဖြေဆိုနိုင်ကြကြောင်းကို တွေ့ရှိရပါကြောင်း၊ တိပိဋကဓရ တိပိဋကကောဝိဒ အဆင့်အထိ ပြီးစီးအောင်မြင်သည့် သာသနာ့ အာဇာနည် ပုဂ္ဂိုလ်ထူးများမှာ နှစ်စဉ်အပါးနှစ်ရာ ဖြေဆို၍ ငါးနှစ်ကြာမှ တစ်ပါးပေါ်ထွန်းခြင်းကြောင့် သံဃာအပါး ၁၀၀၀ ဝင်ရောက်ဖြေဆိုမှ တစ်ပါးသာ အောင်မြင်သဖြင့် ဝ ဒသမ ၁ ရာခိုင်နှုန်းသာ အောင်မြင်ခဲ့သည်ကို ထောက်ရှု၍ မည်မျှခက်ခဲနက်နဲသည်ကို မှန်းဆကြည့်ညိုရပါကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဝင် ဗိုလ်ချုပ်ကြီး သူရ ရွှေမန်း (၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋက ကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ်များအား ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဆက်ကပ်ပွဲအခမ်းအနားတွင် သံဃာတော်အရှင်မြတ်တို့အား လှူဖွယ်ပစ္စည်းများဖြင့် လောင်းလှူစဉ်။ (သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီးဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များ (၅၆) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ်များအား ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ် ဆက်ကပ်ပွဲအခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော်ဘဒ္ဒန္တကုမာရကရေစက်ချတရား ချီးမြှင့်စဉ်။**
**(သတင်းစဉ်)**

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် (၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ်များအား ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ် ဆက်ကပ်ပွဲအခမ်းအနားတွင် သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများဖြင့် လောင်းလှူစဉ်။ (သတင်းစဉ်)**

## အလွန်စင်ကြယ်

တစ်နည်းအားဖြင့် တွက်ချက်ကြည့်မည်ဆိုပါက ၅၆နှစ်တာ ကာလအတွင်း ဝင်ရောက်ဖြေဆိုသည့် ပုဂ္ဂိုလ် တစ်နှစ်လျှင် ပျမ်းမျှအပါး ၂၀၀နှုန်းဖြင့် တွက်ဆပါက ယခုအချိန်အထိ ဖြေဆိုသူ သံဃာတော် အပါး ၁၁၀၀၀ ကျော်ရှိခဲ့၍ ပိဋကတ်သုံးပုံအပြီးအစီး အောင်မြင်သည့် ပုဂ္ဂိုလ်မှာ ၁၁ ပါးသာရှိသဖြင့် သံဃာတော် အပါး ၁၀၀၀ဖြေဆိုရာတွင် တစ်ပါးသာ အောင်မြင်နိုင်ကြောင်းကို တွေ့ရှိရပါကြောင်း၊ ဤစာမေးပွဲကြီးမှာ အာဂုံပြန်ဆိုရက်နှင့် သဘောအဓိပ္ပာယ်ရေးဖြေရက် စုစုပေါင်း ၃၃ရက်ကြာသဖြင့် ကမ္ဘာပေါ်ရှိ စာမေးပွဲများတွင် အချိန်ကာလ အကြာရှည်ဆုံး ဖြစ်သည့်အပြင် အလွတ်ကျက်မှတ် ရသည့် စာများမှာလည်း သင်ရိုးပိဋကတ်သုံးပုံ ကျမ်းစာအုပ်ပေါင်း အုပ်ရေ ၂၀၊ စာမျက်နှာ ပေါင်း ၈၀၂၆မျက်နှာရှိ၍ သာမန်ပုဂ္ဂိုလ်များ ဝင်ရောက်ဖြေဆိုရန် စိတ်ကူးမျှပင် မထည့်ဝံ့ဘဲ ကြားရရုံဖြင့် ကြောက်ရွံ့နောက်တွန့်သွားရမည်သာ ဖြစ်ပါကြောင်း၊ အာဂုံပြန်ဆိုရာ၌ စာကျော်၊ စာကျ၊ စာမှားမရှိရ၊ အထောက်အမ လွတ်၊အထစ်အငေါ့မရှိ တောက်လျှောက် ပြန်ဆိုနိုင်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ ယင်းသို့ ပြန်ဆိုနေသည်ကို ဆရာတော်ကြီး နှစ်ပါးနှင့် ဓမ္မာစရိယအောင် လူပုဂ္ဂိုလ် တစ်ဦးတို့က ကျမ်းစာအုပ်ကြီးများ ကိုင်ထား၍ စောင့်ကြည့်နားထောင် ကြီးကြပ်လေ့ ရှိပါကြောင်း၊ ယင်းစာထောက်၊ စာမ အဖွဲ့ကိုလည်း တစ်ရက်နှင့်တစ်ရက် မထပ်စေရဘဲ လဲလှယ်၍ တာဝန်ချထားပေးပြီး ရက် ၂၀ ပြန်ဆိုရပါက အဖွဲ့ ၂၀ အလှည့်ကျ လဲလှယ် ကြီးကြပ်စေကြောင်း တွေ့ရှိရသဖြင့် အတိုင်းထက် အလွန်စင်ကြယ်သည့် စာမေးပွဲကြီး ဖြစ်ကြောင်းကို သိရှိကြည်ညိုရပါကြောင်း။

တစ်ဖန် သဘော အဓိပ္ပာယ်ရေးဖြေရန်အတွက် ပြဋ္ဌာန်းထားသော စာအုပ်များမှာ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ နိဿယ၊ အနု၊ မဓု၊ ယောဇနာ၊ ဂဏ္ဌိ၊ အရကောက်ကျမ်း၊ ဝိနိစ္ဆယ အဆုံးအဖြတ်ကျမ်းစသည်ဖြင့် ကျမ်းစာအုပ်ပေါင်း၂၀၀ခန့်ကို ကြည့်ရှုမှတ်သားဖြေဆိုရခြင်းဖြစ်၍ ကျန်းမာရေး အားနည်းသော ပုဂ္ဂိုလ်များမှာ ချာချာလည်အောင် ခေါင်းမူးသွား၍ ခေါင်းမူးရောဂါ၊ ခေါင်းကိုက်ရောဂါ တစ်ခုခု စွဲကပ်သွားသဖြင့် ပိဋကတ်တစ်ပုံအောင်ပြီး ရပ်နားလိုက်ရသော ပုဂ္ဂိုလ်၊ ပိဋကတ်နှစ်ပုံအောင်ပြီး ရပ်နားလိုက်ရသောပုဂ္ဂိုလ် စသည်ဖြင့် လမ်းခုလပ်၌ ရပ်နားလိုက်ကြရသော ပုဂ္ဂိုလ်အမြောက်အမြား ရှိခဲ့ကြပါကြောင်း၊ရေးဖြေအောင်မှတ်သတ်မှတ်ချက်မှာလည်း အမှတ်ပြည့် ၁၀၀လျှင် ၇၅မှတ်ကို အောင်မှတ်အဖြစ်သတ်မှတ်ထားရှိခြင်းကြောင့် အောင်ရန်မည်မျှ ခက်ခဲသည်ကို မှန်းဆကြည့်နိုင်ပါကြောင်း။

### ယုံကြည်မျှော်လင့်

ပြဋ္ဌာန်းကျမ်းစာများ လွန်စွာများပြား၍ မည်မျှ ခက်ခဲနက်နဲစေကာမူ တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည်ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့သည် နှစ်စဉ်ပျမ်းမျှ ငါးနှစ်လျှင် တစ်ပါးသာ ပေါ်ထွန်းနိုင်ခဲ့သည်ကို ထောက်ရှု၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်သူ နိုင်ငံသားများ၏ ဗုဒ္ဓသာသနာတော်အပေါ် ယုံကြည်ကိုးစားသော စေတနာသဒ္ဓါတရား၊ မုတ္တာစာဂီလွတ်လွတ်စွန့်ကြဲလေ့ရှိသော ဒါနပါရမီတရား၊ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် တက်ညီလက်ညီကြိုးပမ်းအားထုတ်လေ့ရှိသော ဝီရိယပါရမီခွန်အားများသည် မည်မျှထုထည်ကြီးမား၊ စွမ်းပကားကြီးမားသည်ကို မှန်းဆနိုင်ပါကြောင်း၊ ရှေ့သို့ဆက်၍လည်း သာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူးများ စဉ်ဆက်မပြတ်ပေါ်ထွန်းနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်းကို ဝမ်းမြောက်စကား လျှောက်ထားအပ်ပါကြောင်း။

ယခုကဲ့သို့ တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည် အရှင်ကောင်း အရှင်မြတ်တို့ အဆက်မပြတ်ပေါ်ထွန်းလာစေရန်အတွက် ဆရာတော် သံဃာတော်များဘက်မှ မဆုတ်မနစ် တစ်နှစ်ထက်တစ်နှစ် တိုးတက်ကြိုးပမ်းအားထုတ်တော်မူနေကြသကဲ့သို့ တပည့်တော်တို့ ဒါယကာ ဒါယိကာမများအနေဖြင့်လည်းပရိယတ္တိဝန်ဆောင် ပုဂ္ဂိုလ်ထူးများအား ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းခြင်း ပစ္စယာနုဂ္ဂဟဖြင့် ကြိုးပမ်းအားထုတ်နေကြမည် ဖြစ်ပါကြောင်းကို ရှိသေစွာ လျှောက်ထားရင်း တပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် လျှောက်ထားသွားသည်။

### အောင်လက်မှတ်ဆက်ကပ်

ထို့နောက် (၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ်များအား ဘွဲ့တံဆိပ်တော်များနှင့် အောင်လက်မှတ်များကို ဆက်ကပ်ရာ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် စွန်းလွန်းဂူဝိပဿနာ ကျောင်းတိုက်မှ အရှင်သုန္ဒရအား ဘွဲ့တံဆိပ်တော် အဆောင်အယောင်နှင့် အောင်လက်မှတ်ကို ဆက်ကပ်သည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရ ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ တိပိဋကကျောင်းတော်မှ အရှင်ကုလ္လနန္ဒပါလအား ဘွဲ့တံဆိပ်တော် အဆောင်အယောင်နှင့် အောင်လက်မှတ်ကို ဆက်ကပ်သည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းက တိပိဋကဓရဘွဲ့တံဆိပ်တော်ရ ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ တိပိဋကဓရကျောင်းတော်မှ အရှင်ဣန္ဒာစရိယအား ဘွဲ့တံဆိပ်တော် အဆောင်အယောင်နှင့်အောင်လက်မှတ်ကို ဆက်ကပ်သည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက မူလအဘိဓမ္မကောဝိဒ ဘွဲ့တံဆိပ်တော်ရ သံဃာတော်များ ဖြစ်ကြသည့် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ မဟာသုဗောဓာရုံကျောင်းတိုက်မှ အရှင်အဘိဇာတာဘိဝံသနှင့် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ တိပိဋကကျောင်းတော်မှ အရှင်ဝီရိယာနန္ဒတို့အား အသိအမှတ်ပြုလက်မှတ်များကို လည်းကောင်း၊ ဒီဃဘာဏက ဘွဲ့တံဆိပ်တော်ရ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စိုက်ပျိုးရေးဓမ္မဗိမာန်ကျောင်းတိုက်မှ အရှင်ဇနိန္ဒအား ဘွဲ့တံဆိပ်တော်အဆောင်အယောင်နှင့် အောင်လက်မှတ် များကိုလည်းကောင်း ဆက်ကပ်သည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက ဝိနယကောဝိဒ ဘွဲ့တံဆိပ် တော်ရ စာအောင် သံဃာတော် သုံးပါးတို့အားလည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ဒီဃဘာဏက ဘွဲ့တံဆိပ်တော်ရ စာအောင်သံဃာတော် သုံးပါးတို့အားလည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုက ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်ရ စာအောင် သံဃာတော် သုံးပါးတို့အား လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်ရ စာအောင် သံဃာတော် နှစ်ပါးနှင့် ဒီဃဘာဏက ဘွဲ့တံဆိပ်တော်ရ စာအောင်သံဃာတော် တစ်ပါးတို့အားလည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ဝိနယကောဝိဒဘွဲ့တံဆိပ်တော်ရ စာအောင်သံဃာတော်တစ်ပါးနှင့်ဝိနယဓရဘွဲ့တံဆိပ်တော်ရစာအောင် သံဃာတော် နှစ်ပါးတို့အား လည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးတင်အေးက ဝိနယဓရ ဘွဲ့တံဆိပ်တော်ရစာအောင်သံဃာတော် သုံးပါးတို့အားလည်းကောင်း ဘွဲ့တံဆိပ်တော် အဆောင်အယောင်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ်ကြသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်းက ဝိနယဓရဘွဲ့တံဆိပ်တော်ရ စာအောင်သံဃာတော် သုံးပါးတို့အားလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းက ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ စာအောင် သံဃာတော်သုံးပါးတို့အား လည်းကောင်း၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန် တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ စာအောင်သံဃာတော် နှစ်ပါးနှင့် ဥဘတောဝိဘင်္ဂကောဝိဒ ဘွဲ့တံဆိပ်တော်ရစာအောင်သံဃာတော် တစ်ပါး တို့အားလည်းကောင်း ဘွဲ့တံဆိပ်တော် အဆောင်အယောင်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ်ကြသည်။

ယင်းနောက်သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ စာအောင် သံဃာတော် သုံးပါးတို့အား ဘွဲ့တံဆိပ်တော်အဆောင်အယောင်နှင့် အောင်လက်မှတ်များကို ဆက်ကပ်ပြီး အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်းက ဥဘတောဝိဘင်္ဂကောဝိဒဘွဲ့တံဆိပ်တော်ရ စာအောင်သံဃာတော် သုံးပါးတို့အားလည်းကောင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်က ဥဘတောဝိဘင်္ဂရေ ဘွဲ့တံဆိပ်တော်ရ စာအောင်သံဃာတော် သုံးပါးတို့အား လည်းကောင်း၊ ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ဥဘတောဝိဘင်္ဂရေ ဘွဲ့တံဆိပ်တော်ရ စာအောင်သံဃာတော် သုံးပါးတို့အား လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက ဥဘတောဝိဘင်္ဂရေ ဘွဲ့တံဆိပ်တော်ရ စာအောင် သံဃာတော် သုံးပါးတို့အားလည်းကောင်း၊အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က ဥဘတောဝိဘင်္ဂရေ ဘွဲ့တံဆိပ်တော်ရစာအောင်သံဃာတော် သုံးပါးတို့အားလည်းကောင်း၊ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က ဥဘတော ဝိဘင်္ဂရေ ဘွဲ့တံဆိပ်တော်ရ စာအောင် သံဃာတော်သုံးပါးတို့အား လည်းကောင်း၊ သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်က ဥဘတောဝိဘင်္ဂရေ ဘွဲ့တံဆိပ်တော်ရ စာအောင် သံဃာတော်သုံးပါးတို့အား လည်းကောင်း အသိအမှတ်ပြု လက်မှတ်များကို အသီးသီးဆက်ကပ်ကြသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ် ဆန်းဆင့်က ဥဘတောဝိဘင်္ဂရေ ဘွဲ့တံဆိပ်တော်ရ စာအောင် သံဃာတော် သုံးပါးတို့အား လည်းကောင်း၊ ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်က ဥဘတောဝိဘင်္ဂရေ စာအောင်သံဃာတော်သုံးပါး တို့အားလည်းကောင်း၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က ဥဘတောဝိဘင်္ဂရေ ဘွဲ့တံဆိပ်တော်ရ စာအောင် သံဃာတော်သုံးပါးတို့အား လည်းကောင်း၊ အလုပ်သမားဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဝင်းစိန်က ဥဘတောဝိဘင်္ဂရေ စာအောင် သံဃာတော် သုံးပါးတို့အား လည်းကောင်း၊ သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုက ဥဘတောဝိဘင်္ဂရေ ဘွဲ့တံဆိပ်တော်ရ စာအောင် သံဃာ တော်သုံးပါးတို့အား လည်းကောင်း၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော် တပ်ထိန်းချုပ် ဗိုလ်ချုပ် စောလှက ဥဘတောဝိဘင်္ဂရေ ဘွဲ့တံဆိပ်တော်ရ စာအောင် သံဃာ တော်သုံးပါးတို့အား လည်းကောင်း၊ တရားရုံးချုပ် တရားသူကြီး ဒေါက်တာ တင်အောင်အေးက ဥဘတောဝိဘင်္ဂရေ

***စာမျက်နှာ ၁၂ ကော်လံ ၃ သို့***

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း (၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋက ကောဝိဒ ရွေးချယ်ရေး စာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ်များအား ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ် ဆက်ကပ်ပွဲအခမ်းအနားတွင် သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများဖြင့် လောင်းလှူစဉ်။ (သတင်းစဉ်)**

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့ဖြစ်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့၏ ညှိနှိုင်းဆွေးနွေးပွဲကို ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၁)၌ ကျင်းပရာ သဘာပတိ ဦးစောဖီးလစ်(ခ) ဦးဖီးလစ်ဆမ်က အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❒ ရှေ့ဖုံးမှ

## နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၏ ညှိနှိုင်းဆွေးနွေးပွဲကို နံနက်၁၁နာရီတွင် ဆွေးနွေးပွဲခန်းမ (၁)၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးစောဖီးလစ်(ခ)ဦးဖီးလစ်ဆမ်က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်သည့် ရာခိုင်နှုန်း ၉၃ ဒသမ ၁၀ ရှိသောကြောင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကြောင်း ကြေညာသည်။

### ရှင်းလင်းဆွေးနွေး

ထို့နောက် သဘာပတိ ဦးစောဖီးလစ်(ခ)ဦးဖီးလစ်ဆမ်က အဖွင့်အမှာစကားပြောကြားပြီး စာတမ်းပြုစုတင်ပြရေးကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တက်ရောက်လာကြသော နိုင်ငံရေးပါတီများက မိမိတို့ပါတီအလိုက် စာတမ်းပြုစုရေးကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် သဘာပတိက ဆွေးနွေးတင်ပြချက်များအရ ပြုစုတင်ပြမည့် စာတမ်းများကို နိုင်ငံရေးပါတီများအလိုက် တင်ပြရေးကိစ္စကို အတည်ပြုကြေညာပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ ညှိနှိုင်းဆွေးနွေးပွဲကို နံနက်၁၁နာရီ မိနစ်၂၀တွင် ရုပ်သိမ်းလိုက်သည်။

## ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၏ ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် ဆွေးနွေးပွဲခန်းမ(၂)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် မြို့ (ခေါ်) ခမိအမျိုးသား ညီညွတ်ရေးပါတီမှ ဦးစံသာအောင်ကဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှဦးမောင်ကြီးနှင့် လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးယောအေးလှတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်ဖြူတင့်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်သည့် ရာခိုင်နှုန်း ၈၆ ဒသမ ၆၇ ရှိသောကြောင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကြောင်း ကြေညာသည်။

ထို့နောက် သဘာပတိ ဦးစံသာအောင်က အဖွင့် အမှာစကား ပြောကြားပြီး စာတမ်းပြုစုတင်ပြရေးကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တက်ရောက်လာကြသော ညီလာခံကိုယ်စားလှယ်များက စာတမ်းပြုစုရေးကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

### အတည်ပြုကြေညာ

ထို့နောက် သဘာပတိဦးစံသာအောင်က ဆွေးနွေးတင်ပြချက်များအရ ပြုစုတင်ပြမည့် စာတမ်းများကို အစုအဖွဲ့ သို့မဟုတ် တစ်ဦးချင်းတင်ပြရေးကိစ္စကို အတည်ပြုကြေညာသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားကာ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသောကိုယ်စားလှယ်များ အစုအဖွဲ့၏ ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် ရုပ်သိမ်းလိုက်သည်။

## တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ စာတမ်းပြုစုနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၉ နာရီတွင် ပြည်ထောင်စုခန်းမ၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် မန္တလေးတိုင်းမှ ဦးမြစိန်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကရင်ပြည်နယ်မှ ဦးမန်းအုံးမောင်နှင့် ကယားပြည်နယ်မှ ဦးကျော်ဒင် (ခ) ဦးထေးရယ်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထွန်းက ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခွင့်ရှိသူ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်ပေါင်း ၆၃၃ ဦးရှိသည့်အနက် ကိုယ်စားလှယ် ၆၂၅ ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၇၅ ရှိသောကြောင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ဦးမြစိန်က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်းသည့် အစုအဖွဲ့စာတမ်းပြုစုရေးနှင့်ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များက စာတမ်းပြုစုရေးနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးတင်ပြကြပြီး ညှိနှိုင်းဆွေးနွေးပွဲကို ခေတ္တရပ်နားသည်။

### သတိမှတ်ပေး

ယင်းနောက် အလှည့်ကျသဘာပတိ ဦးမြစိန်က စာတမ်းပြုစုရေးအဖွဲ့ကို သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းများက ခရိုင်တစ်ခုလျှင် တစ်ဦးကျ ရွေးချယ်ပြရန်နှင့် စာတမ်းကို ပြည်နယ်နှင့်တိုင်း ၁၆ ခုမှ ပြည်နယ်၊ တိုင်းတစ်ခုလျှင် စာတမ်းတစ်စောင်ကျစီ ရေးသားတင်ပြရန်၊ ခြွင်းချက်အဖြစ် မိမိတို့ ပြည်နယ်နှင့်တိုင်း အချင်းချင်း ပူးပေါင်း စာတမ်းပြုစုလိုလျှင် ပါဝင်ပူးပေါင်းပြီး စာတမ်းများကို ပြုစုနိုင်ကြောင်းနှင့် ပူးပေါင်းစာတမ်း ပြုစုလိုသူများသည် သဘာပတိအဖွဲ့သို့ ယနေ့မှစတင်၍ သုံးရက်အတွင်းတင်ပြရန် သတ်မှတ်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် တိုင်းရင်းသား ကိုယ်စားလှယ်များ အစုအဖွဲ့၏ ညှိနှိုင်းဆွေးနွေးပွဲကို ရပ်နားလိုက်သည်။

## တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့

တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၁၀ နာရီတွင် ဆွေးနွေးပွဲခန်းမ (၄)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် စစ်ကိုင်းတိုင်းမှ ဦးကံညွန့်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များ အဖြစ် ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ဦးစိုင်းတင့်အောင်နှင့် မကွေးတိုင်းမှ ဦးတင်အောင်ကျော်တို့ကဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သိမ်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ကြိုင်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးသို့ ညီလာခံကိုယ်စားလှယ် ၉၃ ဦးရှိသည့်အနက် ၉၂ ဦးတို့ တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၉၂ ရှိသောကြောင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

### အကြံပြုဆွေးနွေး

ထို့နောက် သဘာပတိ စစ်ကိုင်းတိုင်းမှ ဦးကံညွန့်က အဖွင့်အမှာစကားပြောကြားပြီး တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့က စာတမ်းပြုစုရေးနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်များဖြစ်ကြသော စစ်ကိုင်းတိုင်းမှ ဦးချစ်သန်း၊ ရန်ကုန်တိုင်းမှ ဦးထွန်းဦး၊ ရခိုင်ပြည်နယ်မှ ဦးသိန်းမောင်၊ ပဲခူးတိုင်းမှ ဦးသောင်းခင်၊ စစ်ကိုင်းတိုင်းမှ ဦးသန်းနှင့် ရန်ကုန်တိုင်းမှ ဦးတင်ညွန့်တို့က အကြံပြုဆွေးနွေးကြသည်။

ဆက်လက်၍ သဘာပတိက အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီနှင့် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ သဘာပတိအဖွဲ့တို့ညှိနှိုင်း၍ စာတမ်းပြုစုရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ညီလာခံကိုယ်စားလှယ်များ စာတမ်းပြုစုနိုင်ရေးအတွက် ပြည်နယ်နှင့် တိုင်းအလိုက် စာတမ်းပြုစုရေးအဖွဲ့ ခေါင်းဆောင်များအား ရွေးချယ်ကြကာ သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ ညှိနှိုင်းဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

## အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့

အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ သဘာပတိအဖွဲ့ ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ (၅) ၌ ကျင်းပရာ အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့ သဘာပတိအဖွဲ့ဝင်များ ဖြစ်ကြသော ရန်ကုန်တိုင်းမှ ဒေါက်တာမျိုးသန့်တင်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မှ ဦးဘိုသိန်း၊ ပဲခူးတိုင်းမှ ဦးကျော်မျိုးဝင်း၊ စစ်ကိုင်းတိုင်းမှ ဦးခင်မောင်အေးနှင့် မန္တလေးတိုင်းမှ ဦးကျော်ဝင်းထွန်းတို့က လုပ်ငန်းအဖွဲ့ (၇) မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်း ဦးဆောင်သော အဖွဲ့နှင့် စာတမ်းပြုစုရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကြသည်။

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၂)၌ ကျင်းပရာ သဘာပတိ ဦးစံသာအောင်က အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၁၀ နာရီတွင် ဆွေးနွေးပွဲခန်းမ(၆)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ရုံးအဖွဲ့မှူး ဦးလှမြင့်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့မှ ဥက္ကဋ္ဌ ဦးတင်လှိုင်နှင့် မြန်မာနိုင်ငံ နည်းပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသိန်းဦးဘိုးစောတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် တရားရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းမြင့်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ညီလာခံကိုယ်စားလှယ် ၅၆ ဦးရှိသည့်အနက် ညီလာခံကိုယ်စားလှယ် ၅၄ ဦးတို့ တက်ရောက်သည့်အတွက် ရာနှုန်းအားဖြင့် ၉၆ဒသမ၄၃ ရာခိုင်နှုန်းရှိ၍ အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကြောင်း ကြေညာသည်။

ယင်းနောက် သဘာပတိ ဦးလှမြင့်က အဖွင့်အမှာစကား ပြောကြားပြီး စာတမ်း ပြုစုတင်ပြနိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

### စာတမ်းများတင်ပြနိုင်ရေးဆွေးနွေး

ဆက်လက်၍ တက်ရောက်လာကြသော ညီလာခံကိုယ်စားလှယ်များက

*စာမျက်နှာ ၁၁ ကော်လံ ၁*

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့ဖြစ်သည့် တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ ညှိနှိုင်းဆွေးနွေးပွဲကို ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၄)၌ ကျင်းပရာ သဘာပတိ ဦးကံညွန့်က အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

**အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့ဖြစ်သည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ စာတမ်းပြုစုနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ သဘာပတိ ဦးမြစိန်က အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)**

***စာမျက်နှာ ၁၀ မှ***

အမျိုးသားညီလာခံတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာ၌ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ ညီလာခံ ကိုယ်စားလှယ်များက စာတမ်းများ ပြုစုတင်ပြနိုင်ရေးအတွက် ဆွေးနွေးကြသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ ညှိနှိုင်းဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

## နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့၏ ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် သာသနာရေးဝန်ကြီးဌာနမှ ဦးအုံ့မောင်က ဆောင်ရွက်၍ သဘာပတိ အဖွဲ့ဝင်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးကိုကိုကျော်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ညီလာခံကိုယ်စားလှယ်ပေါင်း ၁၀၉ ဦး ရှိသည့်အနက် ညီလာခံကိုယ်စားလှယ် ၁၀၈ ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၀၈ ရှိသောကြောင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကြောင်း ကြေညာသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် သဘာပတိ ဦးအုံ့မောင်က အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး၏ ရှင်းလင်း တင်ပြချက်များအပေါ် လေ့လာဆွေးနွေး အကြံပြုရေးနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသော ညီလာခံကိုယ်စားလှယ်များက သဘာပတိ၏ ရှင်းလင်းတင်ပြချက်နှင့် စပ်လျဉ်း၍ မရှင်းလင်းသည်များကို မေးမြန်းကြရာ သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

**အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့ဖြစ်သည့် အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့ သဘာပတိအဖွဲ့ ညှိနှိုင်းဆွေးနွေးပွဲကို ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပစဉ်။ (သတင်းစဉ်)**

ယင်းနောက် သဘာပတိ ဦးအုံ့မောင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့၏ ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၉ နာရီ ၂၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

## အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့၏ သဘာပတိအဖွဲ့ ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၈)၌ ကျင်းပရာ သဘာပတိအဖွဲ့ဝင်များ ဖြစ်ကြသည့် မြန်မာ့သမိုင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်း၊ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)မှ ဦးအောင်ခမ်းထီ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၂)မှ ဦးပေါ်လိုက်ခမ်း၊ ကချင်ပြည်နယ်အထူးဒေသ(၂) မှ ဒေါက်တာမနန်တူးဂျာနှင့် မြန်မာ့သမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်ချိန်တို့ တက်ရောက်ကြပြီး ညှိနှိုင်းဆွေးနွေးကြသည်။

***စာမျက်နှာ ၁၂ ကော်လံ ၁***

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့ဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၆)၌ ကျင်းပရာ သဘာပတိ ဦးလှမြင့်က အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## မယ်ဘော်ဘာ့ကြောင့်ကဲ့သလဲ

ကြက်တူရွေးတော်တော်
မယ်ဘော်ကအလွန်ကဲ၊
ဘယ်သူလဲဒီမယ်ဘော်
ဒီမယ်ဘော်ဘာတွေလုပ်
သရုပ်ပီပြင်အောင်ပ
ရှုမြင်ကာကောက်ချက်ဆွဲရင်လ
မယ်ဘော်ဟာဘာ့ကြောင့်ကဲ
တွေ့လိမ့်မလွဲ။ ။

(အနောက်မီဒီယာအာဘော်များနှင့် ယှဉ်တွဲစဉ်းစားနိုင်ပါရန်)

ပိုးဝ

စာမျက်နှာ ၁၁ မှ

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ သဘာပတိအဖွဲ့ ညှိနှိုင်းဆွေးနွေးပွဲတွင် အခမ်းအနားမှူးအဖြစ် တရားရုံးချုပ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့် တွဲဖက် အခမ်းအနားမှူးအဖြစ် တရားရုံးချုပ် လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့က ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်း ပြောကြားသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ညီလာခံကိုယ်စားလှယ်များက စာတမ်းများပြုစုတင်ပြနိုင်ရေးအတွက် ဆွေးနွေးကြပြီး နံနက် ၁၀ နာရီတွင် သဘာပတိအဖွဲ့ ညှိနှိုင်း ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ဖြစ်သည့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ညှိနှိုင်းဆွေးနွေးပွဲကို ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၇)၌ကျင်းပရာ သဘာပတိ ဦးအုံ့မောင်က အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့ဖြစ်သည့် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့၏ သဘာပတိအဖွဲ့ ညှိနှိုင်းဆွေးနွေးပွဲကို ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၈)၌ကျင်းပစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၉ မှ

ဘွဲ့တံဆိပ်တော်ရ စာအောင် သံဃာတော်လေးပါးတို့အား လည်းကောင်း၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးညွန့်ဆွေက ဥဘတောဝိဘင်္ဂရေ ဘွဲ့တံဆိပ်တော်ရ စာအောင်သံဃာတော် သုံးပါးတို့အားလည်းကောင်း အသိအမှတ်ပြု လက်မှတ်များကို အသီးသီးဆက်ကပ်ကြသည်။

ယင်းနောက် သာသနာ့အာဇာနည် အရှင်သူမြတ်တို့အား ရန်ကုန်မြို့ လသာမြို့နယ် သိမ်ကြီးဈေး(ဒီရုံ) အမျိုးသမီးဝတ်အဖွဲ့မှ ဦးသန်းအောင်ရွှေ(မဇ္ဈိမာစရိယ၊ မဟာဝဂ္ဂါဒိ) မြန်မာဂုဏ်ထူး၊ ဒီဃဘာဏက ရေးသားပူဇော်အပ်သော ထုတိဩဘာ မင်္ဂလာရတုကဗျာများဖြင့် ဂုဏ်ပြုသီဆို ပူဇော်ကြသည်။

### ရေစက်သွန်းချအမျှပေးဝေ

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရက အနုမောဒနာတရားတော်နှင့် ရေစက်ချတရားတော်တို့ကို ချီးမြှင့်တော်မူရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်း၊နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီးဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် ပရိသတ်တို့က တရားတော်ကိုနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များနှင့်ပရိသတ်တို့ကဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းပြီး (၅၆)ကြိမ်မြောက် တိပိဋကရေ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဆက်ကပ်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### လှူဖွယ်ပစ္စည်းလောင်းလှူ

အခမ်းအနားအပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီးဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ဝန်ကြီးများ၊ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အလှူရှင်များက (၅၆)ကြိမ်မြောက် တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများဖြင့် လောင်းလှူကြသည်။

### နေ့ဆွမ်းဆက်ကပ်

ယင်းနောက် ဆရာတော် သံဃာတော်များ၊ စာအောင်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။ ယနေ့စာအောင်သံဃာတော်များအား ချီးကျူးပူဇော်ပွဲတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ၁၁လမ်းနေ ဦးမောင်စိန်၊ သားဦးလှအောင်နှင့် မောင်နှမတစ်စုတို့က ဆရာတော် သံဃာတော်များ၊ စာအောင်သံဃာတော်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်းတို့ဖြင့် ဆက်ကပ်လှူဒါန်းကြောင်း သိရှိရသည်။ (သတင်းစဉ်)

## ရာနှုန်းပြည့်မိုး

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

# စစ်တွေမြို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ ပို့ဆောင်ရေးဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၂

**ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေသည် ယမန်နေ့နံနက်ပိုင်းတွင် စစ်တွေမြို့သို့ရောက်ရှိပြီး မင်းဂံရေလမ်းကြောင်းအခြေအနေနှင့် ရခိုင်ပြည်နယ်ဌာနခွဲမှ ရေယာဉ်များခုတ်မောင်းပြေးဆွဲနေမှုကို ရေယာဉ်ဖြင့် လိုက်လံစစ်ဆေးရာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့်တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ ဝန်ကြီးက မိုးရာသီရောက်ရှိပြီဖြစ်သည့်အတွက် ရေယာဉ်များအန္တရာယ်ကင်းစွာ ခုတ်မောင်းပြေးဆွဲနိုင်ရေး အဆင့်ဆင့်ကြီးကြပ်ကွပ်ကဲဆောင်ရွက်ကြရေးမှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။**

### ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးသည် စစ်တွေသင်္ဘောကျင်းသို့ရောက်ရှိရာ ရခိုင်ပြည်နယ်ဌာနခွဲ လက်ထောက်အထွေထွေမန်နေဂျာ ဦးမင်းဟန်က စက်ရှိ စက်မဲ့ရေယာဉ်အင်အား၊ ပြည်နယ်အတွင်း ရေယာဉ်များ ပြေးဆွဲခုတ်မောင်းပေးနိုင်မှု အခြေအနေနှင့် ဝင်ငွေရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ စစ်တွေသင်္ဘောကျင်း ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်ဝင်းက စစ်တွေသင်္ဘောကျင်းတွင် ဌာနပိုင်ရေယာဉ်များ တည်ဆောက်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များဖြည့်ဆည်းမှာကြားပြီး ဝန်ကြီးသည် စစ်တွေသင်္ဘောကျင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး စစ်တွေသင်္ဘောကျင်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)



# နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် ဗီယန်ရှင်းမြို့တော်ဝန်နှင့်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

**ရန်ကုန် မေ ၂၂**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူ့တော်လှန်ရေးပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် ဗီယန်ရှင်းမြို့တော်ဝန် H.E. Mr. Thong Sing Thama Mavong နှင့် အဖွဲ့ဝင်များအား ယနေ့ညနေ၄နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

**တက်ရောက်**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်တို့ တက်ရောက်ကြပြီး ဧည့်သည်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chanthavy Bodhisane လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

## ရှင်းလင်းတင်ပြ

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီတွင် မင်္ဂလာဒုံစက်မှုဇုန်ရှိ Myanmar Asia Optical International Co.,Ltd. ၏ စက်ရုံသို့ ရောက်ရှိရာ ရှေးဦးစွာ ရှင်းလင်းဆောင်၌ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်ဝင်းက မင်္ဂလာဒုံခေတ်မီ စက်မှုဇုန် စတင်ဖွဲ့စည်းထူထောင်ခဲ့မှုနှင့် လက်ရှိစက်ရုံ အလုပ်ရုံများ ထူထောင်ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ Myanmar Asia Optical International Co.,Ltd. မှ ဒါရိုက်တာMr. Wiseman Hsu က ရှင်းလင်းတင်ပြရာ၌ မိမိတို့ စက်ရုံအနေဖြင့် မှန်ဘီလူး (Lens)များကို စတင်ထုတ်လုပ်သွားမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရနှင့် ဌာနဆိုင်ရာများ၏ ကူညီအားပေးမှုများကြောင့် Myanmar Asia Optical International Co.,Ltd.စက်ရုံသည်Lens များကို စမ်းသပ်စတင်ထုတ်လုပ်နေပြီ ဖြစ်ပါကြောင်း၊ မကြာမီကာလတွင် စက်ရုံဖွင့်ပွဲ အခမ်းအနားကို ကျင်းပနိုင်မည် ဖြစ်ပြီး စီးပွားဖြစ်ထုတ်လုပ်မှုများကို စတင်တော့မည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြီး ဖြည့်ဆည်းပေးရန် လိုအပ်သည်များကိုလည်း တင်ပြသည်။

### မေးမြန်းမှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မေးမြန်းမှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မှန်ဘီလူးပုံသွင်းခြင်း၊ မျက်နှာပြင်အချောသွေးခြင်း၊ အချောကိုင်ခြင်း၊ မှန်မျက်နှာပြင် စစ်ဆေးခြင်းစသည့် စက်ရုံလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

Myanmar Asia Optical International Co.,Ltd.၏ စက်ရုံသည် နည်းပညာ အဆင့်မြင့်စက်ရုံဖြစ်ပြီး တစ်လလျှင် Lensသုံးသန်းအထိ တိုးချဲ့ထုတ်လုပ်နိုင်ကြောင်း သိရှိရသည်။

Asia Opticalလုပ်ငန်းစု အနေဖြင့် Optical Apparatuses, Electronic Apparatuses, Office Machines, Cases & Bags, Prisms စသည်တို့ကို Hitachi, Panasonic, Olympus, Sony, Fuji, Xerox, Epson, Konica, Ricohစသည့် နာမည်ကျော်ကုမ္ပဏီကြီးများနှင့် တွဲဖက်၍ ထုတ်လုပ်လျက်ရှိကြောင်းသိရှိရသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် သာကေတစက်မှုဇုန်ရှိ Nibban Electric & Electronics သို့ ရောက်ရှိကြရာ အထွေထွေမန်နေဂျာ ဒေါက်တာအောင်သိန်းက Nibban Electric & Electronicsက ထုတ်လုပ်လျက်ရှိသည့် TV Antennaနှင့် ဆက်စပ်ပစ္စည်းများ၊ မီးအားမြှင့်စက်၊ အင်ဗာတာ၊ ဘက်ထရီအားသွင်းစက်၊ Safe Guard ပစ္စည်းများ အခြေအနေ၊ ထုတ်လုပ်လျက်ရှိသည့် လျှပ်စစ်နှင့် အီလက်ထရွန်နစ် ပစ္စည်းများ၏ အရည်အသွေး စံချိန်စံညွှန်း ကောင်းမွန်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဂြိုဟ်တုစလောင်းထုတ်လုပ်ရန် ကြိုးပမ်းနေမှုများကို ရှင်းလင်းတင်ပြရာ လုပ်ငန်းပိုင်ရှင် ဦးသိန်းကြည်က နည်းပညာပိုင်းဆိုင်ရာများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

### အားပေးမှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို အားပေးမှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ထုတ်လုပ်လျက်ရှိသည့် လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းများကိုလည်းကောင်း၊ စမ်းသပ်ထုတ်လုပ်ထားသည့် ဂြိုဟ်တုစလောင်းကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် Nibban-UD Group Industries ၏ မော်တော်ယာဉ် ထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်ကြပြီး Light Truck မော်တော်ယာဉ် ထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ 20 KW မီးစက်ထုတ်လုပ်ခြင်း လုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး သာကေတစက်မှုဇုန်မှ ပြန်လည်ထွက်ခွာသွားသည်။

**(သတင်းစဉ်)**

# အမှတ်(၁)စက်မှုနှင့်ဝန်ထမ်းပေါင်းစုံသမဝါယမအသင်း ညီလာခံကိုယ်စားလှယ်များအတွက်အရောင်းဆိုင်များဖွင့်လှစ်

**ရန်ကုန် မေ ၂၂**

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအနေဖြင့် လိုအပ်သည်များကို အလွယ်တကူ ဝယ်ယူရရှိနိုင်စေရန် အမျိုးသားညီလာခံ စီမံခန့်ခွဲမှုကော်မတီ သက်သာချောင်ချိရေးနှင့် ဖျော်ဖြေရေးဆပ်ကော်မတီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝင်းသူဇာအရောင်းဆိုင်ခန်းများနှင့် ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း(ဂျီအီးစီ)အရောင်းဆိုင်များကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စခန်း၌ ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ အမျိုးသားညီလာခံကိုယ်စားလှယ်များ စိတ်ချမ်းမြေ့စွာ ဝယ်ယူအသုံးပြုလျက်ရှိကြသည်။

ညီလာခံကိုယ်စားလှယ်များ၏ လိုအပ်သောပစ္စည်းများကိုဝယ်ယူနိုင်ကြစေရန် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝင်းသူဇာအရောင်းဆိုင်ဖွင့်လှစ်၍ ရောင်းချပေးလျက်ရှိရာ စတင်ဖွင့်လှစ်သည့်နေ့မှစ၍ နေ့စဉ်ဝယ်ယူလိုမှု မြင့်မားလျက်ရှိသည်။

ဝင်းသူဇာအရောင်းဆိုင်တွင် မြန်မာ့အထည်အလိပ် လုပ်ငန်းက ထုတ်လုပ်သော ကုန်ပစ္စည်း၅၁မျိုး၊ မြန်မာ့စားသောက်ကုန် လုပ်ငန်းက ထုတ်လုပ်သော ကုန်ပစ္စည်း၅၅မျိုး၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းကထုတ်လုပ်သော ကုန်ပစ္စည်း ၇၂မျိုး၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းကထုတ်လုပ်သော ကုန်ပစ္စည်း ၃၂မျိုး၊ မြန်မာ့အထွေထွေနှင့် ပုံပြင်ထိန်းသိမ်းရေးလုပ်ငန်းက ထုတ်လုပ်သော ကုန်ပစ္စည်း၆၁မျိုးနှင့် မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းက ထုတ်လုပ်သော ကုန်ပစ္စည်း၁၆မျိုး စုစုပေါင်း ကုန်ပစ္စည်း၂၈၇မျိုးကို တန်ဖိုးအားဖြင့် ငွေကျပ်၁၄၈သိန်းဖိုး ရောင်းချပေးလျက်ရှိသည်။

ထို့အတူ ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း (ဂျီအီးစီ) ကလည်း ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ပုဂ္ဂလိကများမှ အပ်ကုန်ပစ္စည်း၅၂၁မျိုးတန်ဖိုးအားဖြင့် ငွေကျပ်သိန်း၁၀၀ကျော်ဖိုးကို ရောင်းချပေးလျက်ရှိရာ နေ့စဉ်ရောင်းအားကောင်းလျက်ရှိကြောင်း သိရသည်။

အလားတူ ဓာတ်ပုံဆိုင်၊ မြန်မာ့မျက်မှန်ဆိုင်၊ ဆေးအရောင်းဆိုင်၊ အလှပြင်ဆိုင်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဌာနအရောင်းဆိုင်၊ ဆံသဆိုင်နှင့် စားသောက်ဆိုင်များကိုလည်း ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ နေ့စဉ်ဝယ်ယူသူ ကိုယ်စားလှယ်များဖြင့် စည်ကားလျက်ရှိသည်။

**(သတင်းစဉ်)**

# မေ(၁၇) ရက်မြတ်မွန်

* မြန်မာ့သမိုင်း၊ လှိုင်းကြီးလေထန်
ဖြစ်ရပ်မှန်က၊ ညွှန်ပြပေးဝေ
ခြေနေကြောင်းရပ်၊ စဉ်မပြတ်ကို
သုံးသပ်ပါလေ၊ လှည်းနေလှေအောင်း
မြင်းဇောင်းမကျန်၊ ဒိဋ္ဌာန်ဓမ္မ
ဆန္ဒမစွဲ၊ ငါစွဲကိုဖြုတ်
အနှစ်ချုပ်၍၊ တို့လှုပ်ရှားမှု
လုံ့လပြုအပ်၊ ညီညွတ်အပ်စွာ
ပြည်သာစေကြောင်း၊ အောင်စည်မောင်းလျှင်...
မေ တွင် ၁၇၊ မွန်မွန်မြတ်မြတ်
နှလုံးဓာတ်၌၊ သုံးသပ်အစပျိုး
နိုးကြားအသိ၊ သတိလက်ယာ
ပညာလက်ဝဲ၊ သဟဲသဟာ
မိတ်ကြီးစွာထား၊ ညီနောင်သားချင်း
သွေးသားရင်းတို့

* ငါတို့သမိုင်း၊ ယဉ်မရိုင်းသည်
ထင်တိုင်းမပေါက်၊ ခေတ်နောက်ကျနေ
တို့ဖြစ်တွေလျှင်၊ ခြေနေကြောင်းရပ်
တို့သုံးသပ်က၊ ဆုံးဖြတ်၍ရ
ပဓာနသည်၊ ကျသည်ရင်းခံ
ရန်သတ္တရုပ်ပြု၊ မညီညာမှုကြောင့်
နွားကွဲကျားကိုက်၊ လက်ပိုက်ကြည့်နေ
မြှောက်ပင့်လေမည့်၊ "ငတိ"စဉ်းလဲ
"ကျားငစဉ်းလဲတို့"၊ ပင်းလျှိုမည့် "သပ်"
ထိုညစ်ပတ်ကို၊ အမြစ်ဖြတ်သုတ်သင်
တို့ဆင်ခြင်မှ၊ သာစွပြည်ရွာ
ညီညာမည့်အရေး၊ မျှော်ခေါ်တွေး၍
ဆွေးနွေးညီညာ၊ စေတနာမှန်
အရင်းခံလျှင်၊ ကြွင်းကျန်မရှိ
အောင်မည့်နိမိတ်၊ အောင်အတိတ်သည်
ထွက်ထိပ်ရောက်မည် ကေန်တည်း။ ။

**ဗလမင်းထင်**

# မြန်မာ့ရုပ်မြင်သံကြား

**၂၃-၅-၂၀၀၄ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၁၀ ၆။ အကပြိုင်ပွဲ
၈း၂၀ ၇။ ရန်ကုန်တိုင်း၊ပေါင်းလင်း (ငမိုးရိပ်ရေကူ) ရေလှောင်တမံ
၈း၃၀ ၈။ International News
၈း၄၅ ၉။ Say it in English

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းစဉ်
၁၁း၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နက်ရှိုင်းမေတ္တာ"** (အပိုင်း-၄၄)
၁၂း၁၅ ၅။ ဇော်ဂျီရေထိန်းဆည်
၁၂း၂၅ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **"ကလေးကိုချစ်လို့"** (ကျော်ရဲအောင်၊ ကြည်လဲ့လဲ့ဦး) (ဒါရိုက်တာ-စန္ဒာအောင်သိန်း)
၁၄း၀၅ ၇။ နည်းပညာများဖြန့်ဝေပေး ခေတ်မီပျားမွေးမြူရေး
၁၄း၂၀ ၈။ တေးဂီတအစီအစဉ်
၁၄း၃၀ ၉။ နတ်ပန်းချီအလား ဇရာဝတီ မြစ်ကူး(မကွေး)တံတား
၁၄း၄၅ ၁၀။ International News

**ညပိုင်း**

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ English for Everyday Use
၁၆း၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၁၆း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၇း၁၀ ၆။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၁၇း၂၀ ၇။ တေးဂီတအစီအစဉ်
၁၇း၃၅ ၈။ ချင်းတို့ နေထိုင်ရာ တိုင်းရင်းသားကျေးရွာ
၁၇း၄၅ ၉။ ဆိုကြမယ်၊ပျော်ကြမယ်
၁၈း၃၀ ၁၀။ ညနေခင်းသတင်း
၁၉း၀၀ ၁၁။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နှင်းပွင့်"** (အပိုင်း-၁၄)
၁၉း၃၀ ၁၃။ ဖားစည်သံဝေကရင်တို့ဌာနေ
၁၉း၄၀ ၁၄။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
၂၀း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ မြန်မာဗီဒီယိုဇာတ်လမ်း **"အက်ဆစ်တစ်စက် ဝိုင်တစ်ခွက်"** (အပိုင်း-၂) (လွင်မိုး၊ ပြေတီဦး၊ နန္ဒာလှိုင်၊ မြသဥ္ဇာလီ) (ဒါရိုက်တာ-မောင်မျိုးမင်း)

# ကုလသမဂ္ဂကလေးသူငယ်အစည်းအဝေးတက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ ဆွစ်ဇာလန်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် မေ ၂၂

**ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ကျင်းပမည့် "ကုလသမဂ္ဂကလေးသူငယ် အခွင့်အရေးများဆိုင်ရာ" ကော်မတီ၏ (၃၆)ကြိမ်မြောက်အစည်းအဝေး(The 36th Meeting of the Committee on the Rights of the Child)သို့ တက်ရောက်ရန် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဒေါ်မေမေရီ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။**

အဆိုပါမြန်မာကိုယ်စားလှယ်အဖွဲ့အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့နှင့် ဒေါ်ခင်ခင်ဝင်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်မေမေရီနှင့်အတူ အဖွဲ့ဝင်များအဖြစ် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြ၊ အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ညို၊ ရန်ကုန် တက္ကသိုလ် စိတ်ပညာဌာန ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှရဲမှူးကြီး စစ်အေး၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာစံရွှေဝင်း၊ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူး ဒေါ်ခင်မျိုးမြင့်နှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်လေးတို့ လိုက်ပါသွားကြသည်။

**(သတင်းစဉ်)**

# အယ်လ်ဂျီဖလားဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် ပဏာမမြန်မာ့လက်ရွေးစင်ဘောလုံးအသင်း ရွေးချယ်ဖွဲ့စည်း

ရန်ကုန် မေ ၂၂

**ဗီယက်နမ်နိုင်ငံ၌ ဩဂုတ်၂၀မှ ၂၈ ရက်အထိကျင်းပမည့် အယ်လ်ဂျီဖလား(L.G Cup) ဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန်ရည်ရွယ်၍ ပဏာမမြန်မာ့လက်ရွေးစင်ဘောလုံးအသင်းကို အားကစားသမား ၃၆ဦးဖြင့် ရွေးချယ်ဖွဲ့စည်းလိုက်သည်။**

ပဏာမ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းတွင်ပါဝင်လာကြသူများမှာ **ဂိုး**-အောင်အောင်ဦး (ဘဏ္ဍာ/အခွန်)၊ ကိုကိုအောင်(ကာကွယ်ရေး)၊ ကျော်မင်းလှိုင်(စွမ်းအင်)၊ သိန်းဇော်ထိုက်(တပ်မတော်-ကြည်း)၊ ထွန်းထွန်းလင်း(မြို့တော်စည်ပင်)၊ **နောက်တန်း**-စိုးမြတ်မင်း(ဘဏ္ဍာ/အခွန်)၊ စိုးလင်းထွန်း(ဘဏ္ဍာ/အခွန်)၊ အောင်ဟိန်းလတ်(ဘဏ္ဍာ/အခွန်)၊ငွေးအောင်(ကာကွယ်ရေး)၊ မောင်မောင်အောင်(ကာကွယ်ရေး)၊ ကျော်ခိုင်ဝင်း(စွမ်းအင်)၊ ဇော်ထက်အောင်(စွမ်းအင်)၊ ဟန်ဝင်းအောင်(တံခွန်)၊ အောင်ထွန်းလင်း(ဘဏ္ဍာ/အခွန်)၊အောင်ဇော်မျိုး(မြို့တော်စည်ပင်)၊ မင်းသူ(စီးပွား/ကူးသန်း)၊ဇော်လင်းထွန်း(စီးပွား/ကူးသန်း)၊**အလယ်တန်း**-လွင်ဦး(ဘဏ္ဍာ/အခွန်)၊ အောင်ကျော်မိုး (ဘဏ္ဍာ/အခွန်)၊ထွန်းထွန်းဝင်း(ဘဏ္ဍာ/အခွန်)၊ စန်းမောင်(ကာကွယ်ရေး)၊ကျော်ကျော်လင်း(ကာကွယ်ရေး)၊မောင်မောင်မြင့်(ပို့ဆောင်ရေး)၊ ဇော်ဇော်(မြို့တော်စည်ပင်)၊ကျော်ဇင်ဝင်း (စီးပွား/ကူးသန်း)၊မျိုးမင်းထွန်း (စီးပွား/ကူးသန်း)၊ ချစ်ကိုကို(ပြည်ထဲရေး)၊ မာလ(စီးပွား/ကူးသန်း)၊ ဘိုဘိုအောင်(စီးပွား/ကူးသန်း)၊ **ရှေ့တန်း**-ရန်ပိုင်(ဘဏ္ဍာ/အခွန်)၊ ဇော်ထိုက်(ဘဏ္ဍာ/အခွန်)၊ ကျော်သူရ (ဘဏ္ဍာ/အခွန်)၊ ဆန်းဒေးသိန်း (ဆောက်လုပ်ရေး)၊ အောင်ထွန်းနိုင် (သစ်တောရေးရာ)၊ ထွန်းမင်းဦး (တံခွန်)တို့ဖြစ်ကြသည်။

**လေ့ကျင့်မည်**

ပဏာမ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းကို နည်းပြချုပ်အဖြစ် ဦးတင်ဟန်၊ လက်ထောက် နည်းပြအဖြစ် ဦးကြည်လွင်တို့က တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်။ပဏာမ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် မေ ၂၃ရက်(ယနေ့)မှ စတင်၍ စခန်းဝင် လေ့ကျင့်သွားမည် ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## မိုးရေချိန်စံချိန်သစ်တင်

ရန်ကုန် မေ ၂၂

**၂၀၀၄ခုနှစ် မေ ၂၂ ရက် မြန်မာစံတော်ချိန် နံနက် ၉နာရီခွဲတွင် မြိတ်မြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၂၃၁ မီလီမီတာ ၉ဒသမ ၁၀လက်မသည် ယင်းမြို့၏ လွန်ခဲ့သော နှစ်ပေါင်း ၅၈နှစ်အတွင်း မေလအတွက် အများဆုံးတိုင်းထွာရရှိခဲ့သော ၂၄နာရီ မိုးရေချိန်စံချိန်သစ်ဖြစ်သည်။**

**ယခင်စံချိန်ဟောင်းမှာ ၁၃၆ မီလီမီတာ ၅ ဒသမ ၃၅ လက်မဖြစ်ပြီး ၁၉၇၈ခုနှစ် မေ၂၈ ရက်တွင် ရွာသွန်းခဲ့ခြင်း ဖြစ်သည်။**

(သတင်းစဉ်)

# အဆင့်မြင့်တန်းကွင်းပိတ်ပြိုင်ပွဲဆက် ဆောက်လုပ်ရေးက စီးပွား/ကူးသန်းကိုနိုင်

**ရန်ကုန် မေ ၂၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းပိတ်(ရှုံးထွက်)ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲတွင် လူငယ် အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ ဆောက်လုပ်ရေးအသင်းက စီးပွား/ကူးသန်းအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပွဲစပြီးမကြာမီ မိုးသည်းထန်စွာ ရွာသွန်းသဖြင့် နှစ်သင်းစလုံးကစားကွက်ကောင်းစွာ မဖော်နိုင်ဘဲ ကြိုးသလိုကစားသွားရသည်။ ဒုတိယပိုင်းတွင် မိုးသည်းထန်ပြီး ကွင်းရေဝပ်နေသဖြင့် ပွဲကို ၁၀မိနစ်ခန့် ရပ်နားခဲ့ရသည်။ ဆောက်လုပ်ရေးအသင်းသည် သန့်စင်ထွေးစန်း သွင်းယူသည့်ဂိုးဖြင့် ဦးဆောင်မှုရရှိခဲ့သည်။ စီးပွား/ကူးသန်းအသင်းအတွက် ဝင်းသိန်းဦးက ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် ချေပဂိုးသွင်းယူနိုင်သဖြင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေ ဖြစ်နေသည်။

ဒုတိယပိုင်းတွင် ဆောက်လုပ်ရေးအသင်းက နှစ်ဂိုးထပ်မံရရှိခဲ့ရာ ဒုတိယဂိုးကိုလာကျဲအိုလွယ်ကလည်းကောင်း၊ တတိယဂိုးကို စိုးသီဟကလည်းကောင်း သွင်းယူပေးသည်။ စီးပွား/ကူးသန်းအသင်းသည် ယမန်နှစ် ဘောလုံးရာသီ ကွင်းပိတ်ပြိုင်ပွဲတွင်ဒုတိယရရှိခဲ့ပြီး ယခုပြိုင်ပွဲ၌လည်းဗိုလ်လုပွဲတက်နိုင်သည်ဟု ရေပန်းစားနေရာမှ မမျှော်လင့်ဘဲ ရှုံးနိမ့်သွားခြင်းဖြစ်သည်။ စီးပွား/ကူးသန်းအသင်းသည် အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်များ၌အသင်းလိုက်ကစားကွက် ကောင်းမွန်ပြီး ဂိုးသွင်းစွမ်းရည်ထက်မြက်သော်လည်း မိုးသည်းထန်စွာရွာသွန်းကာ ကွင်းရေဝပ်နေသဖြင့် ကစားကွက်မဖော်နိုင်ဘဲ စောစောစီးစီးပြိုင်ပွဲမှ ထွက်သွားရခြင်းဖြစ်သည်။ ဆောက်လုပ်ရေးအသင်းသည် ဇွန် ၁ ရက်တွင် သစ်တောရေးရာအသင်းနှင့် လယ်ယာထွက်ကုန်အသင်းပွဲစဉ်မှ အနိုင်ရသူနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ယနေ့ပွဲမရှိ**

ယနေ့ညနေတွင်ပွဲမရှိဘဲ မေ ၂၄ ရက်ညနေတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ပြည်ထဲရေးအသင်းနှင့်ကာကွယ်ရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

# အောင်ပွဲရကချင်ပြည်နယ်အသင်းအားဂုဏ်ပြု

**ရန်ကုန် မေ ၂၂**

၂၀၀၄ ခုနှစ် (၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက်(၁၃)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲတွင် ပထမတံခွန်စိုက်ဆုဖလား ဆွတ်ခူးရရှိသော အောင်ပွဲရ ကချင်ပြည်နယ် ဘောလုံးအသင်းအား မြစ်ကြီးနားအသင်း (ရန်ကုန်)မှ ဂုဏ်ပြုပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀နာရီက လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်းရှိ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး မြစ်ကြီးနား အသင်း(ရန်ကုန်)နာယကဒေါ်မူမူဝင်း၊ မြစ်ကြီးနားအသင်း (ရန်ကုန်) ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနှင့်အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အောင်ပွဲရ ဘောလုံးအသင်းမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဂုဏ်ပြုပွဲတွင် ရှေးဦးစွာ တက်ရောက်လာသူများအား အောင်ပွဲရ ကချင်ပြည်နယ် အသင်းနှင့် တစ်ဦးချင်း မိတ်ဆက်ပေးသည်။ ဆက်လက်၍ ကချင်ပြည်နယ်အသင်းအား ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး၏ ဇနီး မြစ်ကြီးနား အသင်း(ရန်ကုန်) နာယက ဒေါ်မူမူဝင်းက ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။ ၎င်းနောက် အသင်းနည်းပြတစ်ဦးက ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(မြန်မာ့အလင်း)**

**ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး မြစ်ကြီးနားအသင်း(ရန်ကုန်) နာယကဒေါ်မူမူဝင်းက အောင်ပွဲရ ကချင်ပြည်နယ် အသင်းအား ဂုဏ်ပြုဆုငွေချီးမြှင့်စဉ်။**

**(က-ပ)**

**အင်္ဂလန်အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲတွင် မန်ချက်စတာယူနိုက်တက်အသင်းက မီလ်ဝေါအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားရာ နှစ်ဂိုးသွင်းယူပေးသူနစ္စတယ်ရွိုင်းအား တတိယဂိုးသွင်းယူပြီးနောက် ရှင်မြူးအောင်ပွဲခံနေသည်ကို တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# အက်ဖ်အေဖလား မန်ယူဆွတ်ခူး

**ရန်ကုန် မေ ၂၂**

အင်္ဂလန်အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ယနေ့မြန်မာစံတော်ချိန် ည ၈ နာရီခွဲတွင် ကာဒစ်ဖ်မြို့ ထောင်စုနှစ် အားကစားကွင်း၌ယှဉ်ပြိုင်ရာ မန်ချက်စတာယူနိုက်တက်အသင်းက မီလ်ဝေါအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ချန်ပီယံလိဂ်ဖလားနှင့် ပရီမီယာရှစ် ဖလားတို့ကို လက်လွတ်ခဲ့ရသော မန်ချက်စတာယူနိုက်တက်အသင်းသည် ယခုနှစ် ဘောလုံးရာသီအတွက် နောက်ဆုံးမျှော်လင့်ချက်ဖြစ်သော အက်ဖ်အေဖလားရရှိရေးအတွက် ခြေကုန်ထုတ် ကစားသွားခဲ့သည်။

မန်ချက်စတာယူနိုက်တက်အသင်းအတွက် ပထမဂိုးကို ၄၄ မိနစ်တွင် ရိုနယ်လ်ဒိုက သွင်းယူသည်။ ဒုတိယဂိုးကို ၆၅ မိနစ်တွင် ပယ်နယ်တီပြစ်ဒဏ် ဘောမှတစ်ဆင့် နစ္စတယ်ရွိုင်းကသွင်းယူပြီး တတိယဂိုးကို ၈၁ မိနစ်တွင် နစ္စတယ်ရွိုင်းကပင် သွင်းယူပေးသည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် အက်ဖ်အေဖလားပွဲ ဗိုလ်လုပွဲသို့ ပထမဆုံးအကြိမ် တက်ရောက်လာနိုင်သော မီလ်ဝေါအသင်းကို ပြတ်ပြတ် သားသားအနိုင်ယူကာ အက်ဖ်အေဖလားကို (၁၁)ကြိမ်မြောက်အဖြစ် ဆွတ်ခူး ရရှိသွားပြီဖြစ်သည်။ **(မြန်မာ့အလင်း)**




## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

၁။ သဃ်္ဃန်းကျွန်းမြို့နယ် မြေတိုင်း(၂၇/ခ) မြေကွက်(၂၀/ဓ)နှစ် ၆၀ ဂရန်မြေ (ဒေါ်ရတနာကျော်ကျော် ၁၂/သဃက(နိုင်)၀၀၁၆၇၁)အမည် ပေါက်မြေကို အမှတ်၅၉၊ လေးထောင့်ကန်လမ်း၊ သဃ်္ဃန်းကျွန်းမြို့နယ်နေ ဒေါ်ရတနာကျော်ကျော်က ဂရန်မိတ္တူ လျှောက်ထားခြင်းနှင့်

၂။ မရမ်းကုန်းမြို့နယ် မြေတိုင်း (၄၂) မြေကွက် (၂၄/က ၁၅) ဧရိယာ ၀ဒသမ ၁၂၉ ဧကရှိ ဒေါ်တင်နုရီ အမည်ပေါက် မြေပိုင်မြေကို အမှတ် ၄၉၊ တရုတ်ကျောင်းလမ်း၊ သံတံတားရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ ဦးလှကြီး ၁၂/လမန (နိုင်) ၀၉၈၄၀၃ မသင်ဇာလဲ့ဝင်း၊ မသင်းဇေကရီတို့က အမည်ပြောင်းခွင့်လျှောက်ထားခဲ့ရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဌာနမှူး၊မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန။**

## တာမွေမြို့နယ် ပုဏ္ဏားကုန်းရပ်ကွက် ၁၃၃လမ်း ကတ္တရာလမ်းသစ်ဖွင့် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် မေ ၂၂

**ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် ပုဏ္ဏားကုန်းရပ်ကွက် (၁၃၃)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မေ၂၀ရက် နံနက်၇နာရီက အဆိုပါလမ်းသစ်၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့ တက်ရောက်ကြပြီး ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)**

အခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်စိုး၊ အမှတ်(၂) စစ်ဒေသမှူး ဒုတိယဗိုလ်မှူးကြီး နေဝင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မင်္ဂလာအချိန်တွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က (၁၃၃)လမ်း ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး လမ်းသစ်ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ လမ်းသစ်ဖွင့်ပွဲအခမ်းအနားကိုအဆိုပါလမ်းသစ်ရှိတာမွေမြို့နယ် အမှတ်(၃)အခြေခံပညာ အလယ်တန်းကျောင်းခန်းမ၌ကျင်းပရာတာမွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဒေါ်လှဲ့လှဲ့ဝင်းဆွေက ကတ္တရာလမ်းသစ်ခင်းနိုင်ရေး ဆောင်ရွက်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်း တင်ပြသည်။

ထို့နောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့က လမ်းသစ်ရေရှည်ခိုင်ခံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန်မှာကြားသည်။

ယနေ့ဖွင့်လှစ်သည့် ပုဏ္ဏားကုန်းရပ်ကွက် (၁၃၃)လမ်း ကတ္တရာလမ်းသစ်မှာ အရှည်ပေ ၉၂၀၊ အကျယ် ၁၆ပေရှိကာ ပြည်သူလူထု ထည့်ဝင်ငွေ၁၃၃၀၅၈၆ကျပ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ပံ့ပိုးကူညီငွေကျပ် ၃၈သိန်း စုစုပေါင်း ၅၁၃၀၅၈၆ကျပ် အကုန်အကျခံကာ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဟင်္သာတမြို့ မြစ်ကွေ့ပရိယတ္တိစာသင်တိုက် အဘိဓမ္မာဋီကာကျော်နှင့် ဝိသုဒ္ဓိမဂ်သင်တန်းများ

**ရန်ကုန် မေ ၂၂**

ဟင်္သာတမြို့ မြစ်ကွေ့ပရိယတ္တိ စာသင်တိုက်တွင် (၅)ကြိမ်မြောက် အဘိဓမ္မာ ဋီကာကျော်နှင့် ဝိသုဒ္ဓိမဂ် သင်တန်းများကို မေ ၂၃ ရက်မှစ၍ အပတ်စဉ် (စနေ၊ တနင်္ဂနွေနေ့တိုင်း) မွန်းလွဲ ၁၂နာရီခွဲမှ ညနေ ၃ နာရီထိ ဆရာတော်အရှင်စန္ဒသီရိ မဟာဓမ္မာစရိယ (M.A Buddhism) ဝိနယပါရဂူနှင့် ဦးပညာနန္ဒ ဓမ္မာစရိယ (B.A Buddhism)တို့က သင်ကြား ပို့ချမည်ဖြစ်ရာ မည်သူမဆို သင်တန်း တက်ရောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

## လွန်းမြမြ၏ တစ်ကိုယ်တော် ပန်းချီပြပွဲ

**ရန်ကုန် မေ ၂၂**

နာမည်ကျော် ပန်းချီဆရာကြီး ဦးလွန်းကြွယ်၏ တပည့်ရင်း ပန်းချီဆရာမ လွန်းမြမြ၏ တတိယအကြိမ် တစ်ကိုယ်တော် ပန်းချီပြပွဲကို ရန်ကုန်မြို့ ပန်းဆိုးတန်းရှိ လောကနတ် အလှပညာဆိုင်ခန်းတွင် မေ ၁၈ရက်မှ ၂၆ရက်အထိ နေ့စဉ် ဖွင့်လှစ်ပြသထားသည်။

အဆိုပါ ပြပွဲတွင် မြန်မာပြည် တစ်ဝန်းရှိ ရှုခင်းများသာမက ဆရာမ လွန်းမြမြ ကိုယ်တိုင် စင်ကာပူ၊ ထိုင်းနိုင်ငံများသို့ သွားရောက်ပြီး ရေးဆွဲခဲ့သော Outdoor ပန်းချီကားများလည်း ပါဝင်သည်။ ရေဆေး၊ ဆီဆေး၊ ချားကိုး၊ အခရိုက်လစ်၊ ပါစတယ်၊ ခဲ စသော Media မျိုးစုံဖြင့် ရေးဆွဲထားသည့် အရောင်အသွေးစုံ၊ အကြောင်းအရာမျိုးစုံ ပန်းချီကား၆၀ကို နေ့စဉ်နံနက်၉နာရီမှ ညနေ ၅နာရီအထိ ပြသထားလျက်ရှိသည်။ **(က-ပ)**

## စီးပွားကူးသန်းဂျာနယ် အတွဲ(၄)၊ အမှတ်(၉)ဖြန့်ချိ

**ရန်ကုန် မေ ၂၂**

ဆရာမောင်စူးစမ်း၊ ဆရာအောင်သင်း၊ ဆရာပါရဂူ၊ ဒေါက်တာခင်မောင်ညို၊ ဦးဟန်ထွန်းတို့၏ ဆောင်းပါးများနှင့်အတူ သုတ၊ ရသ ဆောင်းပါးများဖြင့် ဝေဝေဆာဆာ ဖော်ပြထားသည့် စီးပွားကူးသန်း ဂျာနယ် အတွဲ(၄)၊ အမှတ်(၉)ကို အမှတ် ၃၈ လမ်း ၃၀ ပန်းဘဲတန်း မြို့နယ် ရန်ကုန် စီးပွားကူးသန်း ဂျာနယ်တိုက်မှ တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။ **(အပေါ်ပုံ)**

**(က-ပ)**

## ကြည့်ရှု

**မေ ၁၉ရက်က မြန်မာ့တုန်းတာကုန်စည်ပြပွဲ ၂၀၀၄ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းရှိ ရန်ကုန်ကုန်သွယ်မှုဇုန်ဌာန၌ ပြုလုပ်ရာ ဒဂုံတောင်ဆိပ်ကမ်း စက်မှုဇုန်(၁)မှ ထုတ်လုပ်သော မော်တော် ကားများကို ဝန်ကြီးများနှင့် ဧည့်သည်တော်များ ကြည့်ရှုကြစဉ်။** (မြန်မာ့အလင်း)

## ဘာအရေးကြီးဆုံးလဲဇာတ်ကား အဆင့်မြင့်ရုံသုံးရုံအပြိုင်ဝင် ရှေ့ဆောင်ရုံတွင် ချစ်လူမိုက်ဇာတ်ကားဆက်လက်ပြသ

**ရန်ကုန် မေ ၂၂**

သရုပ်ဆောင်ဒါရိုက်တာ ဇာဂနာ၏ **'ဘာအရေးကြီးဆုံးလဲ'** ဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများတွင် ရုံဝင်လာသည်။

**ဘာအရေးကြီးဆုံးလဲ**

ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ သာမန် အလုပ်သမားလေးမောင်ခွေးအား ကျပ်သိန်းတစ်ရာပေးလိုက်လျှင် ဘာဖြစ်သွားမည်လဲဟူသော ပဟေဠိကိုအဖြေညှိရန် စီးပွားရေးလုပ်ငန်းရှင် ဦးအောင်ခန့်နှင့် ဦးကျော်ဇော်တို့ သဘောတူ စမ်းသပ်ကြသည်။ အစမ်းသပ်ခံ မောင်ခွေးဘဝမှာ သိန်းတစ်ရာကြောင့် နိမ့်လိုက်မြင့်လိုက်ဖြင့် ရူးမလိုဖြစ်သွားခဲ့ရသည်။ လောကတွင် အရေးကြီးဆုံးမှာ ငွေမဟုတ်ကြောင်း သက်သေထူလိုက်ခြင်းဖြစ်သည်။

**ဘာအရေးကြီးဆုံးလဲ ဇာတ်ကားမှ ကျော်သူ၊ ဇာဂနာ၊ ရန်ပိုင်စိုးနှင့် လူမင်း။**

## ချုပ်ရှင်သတင်းထောက်

**ချစ်လူမိုက်**

လွင်မိုး၊ ရာဇာနေဝင်း၊ နန္ဒာလှိုင်တို့ခေါင်းဆောင်ပါဝင်ထားသော **'ချစ်လူမိုက်'** ဇာတ်ကား ရှေ့ဆောင်ရုံနှင့် နဝဒေးရုံတွင် ဆက်လက်ပြသလျက်ရှိသည်။ နေပြည်တော်ရုံတွင် The Last Samurai ဇာတ်ကား ဆက်လက် ဆောင်ပွဲခံလျက်ရှိသည်။ ဘုရင့်ရုံတွင် Dhulan Hum Le Jayenge အိန္ဒိယဇာတ်ကား ရုံဝင်လာသည်။

**The Last Samurai မှ လှုပ်ရှားမှုတစ်ကွက်။**

**ကောင်းခြင်းခု သည်ချိန်ခါ ဇာတ်ကားမှ လွင်မိုး၊ နန္ဒာလှိုင်။**

**ကာရန်အလွဲ**

ဒွေး၊ ဇာဂနာ၊ စိုးမြတ်သူဇာနှင့် နန္ဒာလှိုင်တို့ ခေါင်းဆောင်ပါဝင်သော **'ကာရန်အလွဲ'** ဇာတ်ကားမှာ ဝဇီရာ၊ ရွှေဗဟို၊သီတာ၊စံပြ၊မဟာမြိုင်ရုံများတွင် ဆက်လက်ပြသနေသည်။**(မြန်မာ့အလင်း)**

**ဇာတ်လမ်းနှင့်ဒါရိုက်တာ ကုသိုလ်၏ 'ကောင်းခြင်းခုသည်ချိန်ခါ' ဒီဗွီဒီ ဇာတ်ကားမှာ မေ ၂၈ရက်တွင် ရွှေဂုန်၊ နဝဒေး၊ စံပြ၊ ရွှေမန်းနှင့် သီတာရုံများ တွင် ရုံဝင်လာမည်ဖြစ်သည်။**

**မာန်မာနအမှောင်တိုက်မှာ မိုးမမြင်လေမမြင် မောက်မာချင်တိုင်း မောက်မာနေသော သူဌေးမကြီးဒေါ်စိန်ပွင့်၏ လောဘ၊ ဒေါသ၊ အတ္တမုန်တိုင်းများကြောင့် ကြေကွဲဝမ်းနည်းဖွယ်ရာများ၊ အမုန်းတရားများ ဖြစ်ပွားလာရသည်။ ဒေါ်စိန်ပွင့်၏ မာန်မာနကို ခဝါချချင်သူ သန့်ရှင်းစောင့်သုဘရာဇာကြီး ဦးဂုမ္ဘာန်။ ဒေါ်စိန်ပွင့်နှင့်ဦးဂုမ္ဘာန်တို့၏ ဆန့်ကျင်ဘက်ပဋိပက္ခကြားမှာ မွေးဖွားလာရသူမောင်လူလေး၊ နှင်းမှုန်၊ မိကြေး၊ စိန်မင်းတို့ ရက်ခြင်း၊ မုန်းခြင်းများဖြင့် ဇာတ်လမ်းဖွဲ့လိုက်သောအခါ 'ကောင်းခြင်းခုသည်ချိန်ခါ' ဇာတ်ကား ဖြစ်လာရသည်။**

**'ကောင်းခြင်းခုသည်ချိန်ခါ'တွင် လွင်မိုး၊ နန္ဒာလှိုင်၊ လှအဥ္ဇလီတင့်၊ ညွန့်ဝင်း၊ ချိုပြုံးတို့ခေါင်းဆောင်ပါဝင်ထားသည်။** (မြန်မာ့အလင်း)

## သထုံမြို့ ဘိုးဘွားရိပ်သာ နှစ်ပတ်လည်စည်းဝေး

**သထုံ မေ ၁၅**

သထုံမြို့ ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို မေ ၉ ရက်က ဘိုးဘွားရိပ်သာ ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာအခမ်းအနားတွင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သော်ဇင်က အဖွင့်အမှာ စကားပြောကြားပြီး နှစ်ပတ်လည်အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရာ အမှုဆောင်ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ အတွင်းရေးမှူး ဦးသူရိန် အပါအဝင် ၂၈ဦးကို ရွေးချယ်တင်မြှောက်ကြသည်။

**(ခရိုင် ပြန်/ဆက်)**

## ပခုက္ကူတိုင်းရဲတပ်ဖွဲ့မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း စက်ချုပ်သင်တန်းဖွင့်ပွဲကျင်းပ

ပခုက္ကူ မေ ၁၇

**ပခုက္ကူတိုင်းရဲတပ်ဖွဲ့မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း စက်ချုပ်သင်တန်းအမှတ်စဉ်(၁/၂၀၀၄)ဖွင့်ပွဲအခမ်းအနားကို မေ ၁၄ ရက်က ပခုက္ကူမြို့ ရဲရိပ်သာ၌ ကျင်းပသည်။**

ရှေးဦးစွာ ပခုက္ကူတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီနာယက တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်စဝ်နွန်းခွန်ဆမ်က အဖွင့်အမှာစကားပြောကြားသည်။**(အောက်ပုံ)**

ဆက်လက်၍ ပခုက္ကူတိုင်း ရဲတပ်ဖွဲ့မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယက ပခုက္ကူတိုင်းရဲတပ်ဖွဲ့မှူး၏ဇနီး ဒေါ်သန်းသန်းစုက အမှာစကားပြောကြားသည်။ သင်တန်းကာလမှာ ၄၅ရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

## လင်းရောင်ခြည်စာကြည့်တိုက်ဖွင့်၊ ငွေပဒေသာပင်စိုက်ထူ ရွှေတောင်မြို့နယ် ရွှေကျွန်းသာကျောင်း၌ကျင်းပ

ရွှေတောင် မေ ၁၈

**ရွှေတောင်မြို့နယ် သရက်သုံးပင်အုပ်စု ရွှေကျွန်းကုန်းရွာ ရွှေကျွန်းသာယာကျောင်း၌ ကျောင်းထိုင်ဆရာတော်ဦးစန္ဒောဘာသဦးဆောင်၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၉၇)ကမ္ဘာအေးစေတီလမ်းနေ ဒေါ်မော်မော်အေးမိသားစုက စာကြည့်တိုက်အဆောက်အအုံ၊ စာအုပ်မျိုးစုံ၊ ငွေပဒေသာပင်စိုက်ထူခြင်းနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို မေ ၁၅ရက်က အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။**

ငွေကျပ်လေးသိန်းခန့်ရှိ စာကြည့်တိုက် အဆောက်အအုံအား ကျီးသဲမြို့ တိုက်နယ် ဝဋ္ဋုဝန်ကျောင်းဆရာတော် ဘဒ္ဒန္တဦးသံဝရနှင့် ဆရာတော်များသို့ ရေစက်ချ လှူဒါန်းခြင်းနှင့်ရေစက်ချတရားတော် နာယူကြသည်။

စာကြည့်တိုက်အား ရွှေကျွန်းသာယာကျောင်းတိုက်ဆရာတော် ဦးစန္ဒောဘာသ၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ဆွေနှင့်အလှူရှင်ဒေါ်မော်မော်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

ထို့နောက် စာရေးဆရာကောင်းသန့်မိသားစုက ငွေကျပ် ၃၂၂၀၀ တန်ဖိုးရှိ စာအုပ်မျိုးစုံ ၇၀အုပ်နှင့် ဒေသခံ စာပေဝါသနာရှင်များက လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးလှအောင်နှင့် တာဝန်ရှိသူများက လက်ခံကြသည်။ **(မြို့နယ်ပြန်/ဆက်)**

**ကျောက်မဲမြို့ မိုးရာသီအတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ပင်လုံလမ်းမကြီးဘေး ကမ္ဘောဇကျောင်းရှေ့၊ ရေနုတ်မြောင်းတူး ဖော်ခြင်းကို မေ ၁၃ ရက်က စက်ယန္တရားဖြင့် ဆောင်ရွက်လျက်ရှိရာ ကျောက်မဲမြို့နယ် စည်ပင် သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် ဦးစီးအရာရှိ ဦးအုန်းမြင့်တို့က ကြပ်မတ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)

## အမြို့မြို့ အနယ်နယ်သတင်းများ

## စာကြည့်တိုက်ဖွင့်ပွဲနှင့်ဟောပြောပွဲ မော်လမြိုင်ကျွန်း၌ကျင်းပ

**မော်လမြိုင်ကျွန်း မေ ၁၇**

မြောင်းမြခရိုင် မော်လမြိုင်ကျွန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲများကို ၂၀၀၄ ခုနှစ် မေ ၁၀ ရက်မှ ၁၆ ရက်နေ့အထိ မြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော ကျွဲခြံကျုံလမု၊ ဒေါင်းရေကျော်၊ လပွတ္တာလုတ်ကြီး၊ စော်ကဲချောင်း၊ ထီတိုလို၊ ကျွန်းကလေး၊ ကျွန်းဒိပ်၊ ဝဲဒေါင့်၊ ထီပါလယ်၊ မဲဇလီဦးတို၊ သူရဲချောင်းနှင့် အောင်လှိုင်ကျေးရွာများတွင် ဖွင့်ပွဲအခမ်းအနားများနှင့် စာကြည့်တိုက်အောင်မြင်ရှင်သန်ရေး လုပ်ငန်းများအကြောင်းကို ဟောပြောပွဲများ ကျင်းပကြသည်။

ထို့ပြင် ၂၀၀၄ခုနှစ် ဇွန်လအတွင်း၌ မြို့နယ်အတွင်းရှိ စံပြကျေးရွာကြီးများတွင် ဖွင့်ပွဲအခမ်းအနားများ ဆက်လက်ကျင်းပသွားမည်ဖြစ် ကြောင်း သိရသည်။

**(ဝ၉၇)**

**သန်လျင်မြို့ ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့နယ် စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းမြိုင်နှင့် အဖွဲ့ဝင်များ၊ မြို့သူမြို့သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ မေ ၁၅ရက်က ကျိုက်ခေါက်ဘုရားလမ်းတစ်လျှောက်အုတ်ဖိုစုရပ်ကွက် သိပ္ပံလမ်း၊ ဖိုမြေလမ်း သီတာရေမြောင်း တစ်လျှောက် တူးဖော်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြရာ မြို့နယ်အတွင်းရေးမှူး ရဲကျော်သူကျင်သိန်းနှင့် အဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)**

## ဆင်ဖြူကျွန်း မြောင်းဘောင်ရွာ၌ တက်သီဟစာကြည့်တိုက်ဖွင့်

**ဆင်ဖြူကျွန်း မေ ၁၉**

မကွေးတိုင်း ဆင်ဖြူကျွန်းမြို့ မြောင်းဘောင်ရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ တက်သီဟစာကြည့်တိုက်ဖွင့်ပွဲကို မေ ၁၈ ရက်က မူလတန်းကျောင်း၌ ကျင်းပရာ တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်စန်းသူနှင့် ဒေါ်အိအိချောတို့က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ကြ၍ ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနမှူး ဦးမြင့်မောင်တို့က ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကြပြီး သဘာပတိ ညောင်အင်းကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးခင်သောင်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးတင်စိုးက နှုတ်ဆက်စကားပြောကြား၍ အတွင်းရေးမှူး ဦးထွန်းရီက အစီအရင်ခံစာကို တင်သွင်းသည်။ ထို့နောက် ဆင်ဖြူကျွန်းမြို့ စာပေယဉ်ကျေးမှု၊ သမိုင်းနှင့်လူမှုရေးသိပ္ပံဘာသာလေ့လာရေးကော်မတီ၏ သဝဏ်လွှာကို ဥပဒေပထမနှစ်ကျောင်းသူ မဆုသဒ္ဒါအောင်က ဖတ်ကြားပြီး ပေးလှူသည့်စာအုပ် စာစောင်ကို လက်ခံရယူသည်။ **(အောက်ပုံ)**

ထို့နောက် ဆရာကြီး ဦးဝင်းမြင့်၊ ဦးတင့်လွင်၊ ဆရာမဒေါ်အမာဝေတို့က စာအုပ်နှင့် ငွေအလှူရှင်များအားကျေးဇူးတင်ကြောင်း ပြောကြားသည်။

**(က-ပ)**

## အပြည်ပြည်ဆိုင်ရာသူနာပြုနေ့ လှိုင်းဘွဲမြို့၌ကျင်းပ

**လှိုင်းဘွဲ မေ ၁၆**

လှိုင်းဘွဲမြို့နယ်သူနာပြု အသင်းခွဲက ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာသူနာပြုနေ့ အခမ်းအနားကို မေ ၁၂ရက် နံနက်၉နာရီက လှိုင်းဘွဲမြို့နယ် ကျန်းမာရေးဦးစီးဌာနအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် လှိုင်းဘွဲမြို့နယ်သူနာပြုအသင်းခွဲ နာယကဒေါက်တာသန်းထွန်းက ပုလိပ်ရောဂါအကြောင်းကို ရှင်းလင်းပြောကြားပြီး သူနာပြုအသင်းခွဲဥက္ကဋ္ဌ မြို့နယ်သူနာပြုအဆင့်(၁)ဒေါ်သန်းသန်းဦးက သူနာပြုနေ့ဖြစ်ပေါ်လာပုံနှင့် အသင်း၏လုပ်ဆောင်ချက်များကို ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ (၄၉)ကြိမ်မြောက်သူနာပြုဗဟိုညီလာခံကို တက်ရောက်ခဲ့သော ထိလုံကျန်းမာရေးဌာနမှ ကျန်းမာရေးဆရာမ ဒေါ်နန်းစုမာလေးနှင့် အနာကြီးရောဂါကင်းဝေးရေးအထိမ်းအမှတ်နေ့ကို တက်ရောက်ခဲ့သော လှိုင်းဘွဲမြို့နယ် ကျန်းမာရေးဌာနမှ ဆရာမဒေါ်နန်း မြင့်စိန်တို့က အတွေ့အကြုံများကို ရှင်းလင်းပြောကြားကြသည်။

**(မြို့နယ်ပြန်/ဆက်)**

**မေ ၁၇ ရက်က ပခုက္ကူတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးလွင်၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေနှင့် ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးစိုးသန်း တို့ ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော ရွှေဝါမြေ-သပြေကန်း-ကုန်းဇင်းဆက်လမ်း အမာခံ မြေနီလမ်းခင်းရန်အတွက် မြေသားပြင်ဆင်မှု အခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။ (၄၀၃)**

**မြေညီထပ်ရောင်းရန်**
လှိုင်မြို့နယ် သဇင်လမ်းသွယ်
၃၂ပေ x ၄၅ပေ၊ (2MBR +1BR)
ကိုယ်ပိုင် ရေ၊ မီး၊ ပြင်ဆင်ပြီး
**ဆက်သွယ်ရန်**–10 AM - 5 PM
အတွင်း၊ Ph-09500-8381

TOP ☎ 243363 705877

**Vancancies for HR Executives!**
**(Local Service Only)**

Individuals with the following qualifications are invited to apply for the above position.(Male/ Female 2 Posts)

1. Be a University graduate with 3 years experience in HR with preferably foreign or joint-vendure Companies.
2. Be proficient in English as 2nd Language.
3. Qualities of Drive, Proactive and Team player.

Interested applicants should apply, giving a detailed personal and career history, stating current salary with a recent passport- size photograph, a copy of labour registration card and telephone contact number, address to:

**Centre and Training Manager**
RV Management Services Co., Ltd.
28 B, Saya San Rd, Bahan Tsp, Yangon.

Closing date is Saturday May 29th. Only short- listed candidates will be called up for interview.
Note: You may post your written applications or personally deliver to above address. All applications will be kept confidential.

**အမည်ပြောင်း**
အဖ ဦးသောင်းဦး၏သား အထက ကော့မှူး ဒသမတန်းမှ မောင်ကျော်ညီညီသက် ၁၂/ကမန(နိုင်)၀၈၀၈၉၂ အား ယနေ့မှစ၍ မောင်ကျော်ညီညီဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကျော်ညီညီ။**

PH: 09-50-12570
09-50-11660

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**
ကျွန်တော် ကျွန်မတို့၏သားဖြစ်သူ **မောင်ချစ်ကို**[၉/ညဥတ(နိုင်)၁၁၈၁၆၆] သည် မိဘဆိုဆုံးမမှုကို နာခံခြင်းမရှိသည့်အပြင် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ၁၂-၄-၂၀၀၄ ရက်နေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။ ၎င်းနှင့်ပတ်သက်၍တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
**မိဘများ ဦးသန်းဆိုင်-ဒေါ်ထားရွှေ**
**နတ်ပလင်ကျေးရွာ၊ညောင်ဦးမြို့နယ်။**

STAR ENTERTAINMENT

JOHN LWIN STAR

**အမွေပြတ်စွန့်လွှတ်ခြင်း**
ကျွန်မ၏သား မောင်စိုးနိုင် ၁၂/အစန (နိုင်) ၀၆၉၂၉၉ ကိုင်ဆောင်သူသည် မိဘကိုစိတ်ဆင်းရဲအောင် ပြုလုပ်သဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်း၊ နောက်နောင် ၎င်းနှင့်ပတ်သက်သမျှကိစ္စအဝဝကို လုံးဝတာဝန်ယူမည်မဟုတ်ကြောင်း သိစေအပ်ပါသည်။
**ဦးတင်ရွှေ ၁၂/အစန(နိုင်)၁၀၄၂၉၆၊**
**ဒေါ်သောင်းတင် ၁၂/အစန(နိုင်) ၁၀၄၂၉၇**

## မန္တလေးသမဝါယမကောလိပ်
### ကျောင်းသား ကျောင်းသူဟောင်းများအားလုံးသိသာရန်

မန္တလေးသမဝါယမကောလိပ် (၁၀)နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားနှင့် အာစရိယပူဇော်ပွဲတို့ကို ၂၀၀၄ ခုနှစ် ဇွန်လ ၁၈ရက်နေ့တွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်။ ကျောင်းသားကျောင်းသူဟောင်းများထံမှ အကြံဉာဏ်များ၊ လုပ်အားအကူအညီများနှင့် ရန်ပုံငွေများလိုအပ်နေပါ၍ အောက်ဖော်ပြပါလိပ်စာများအတိုင်း အမြန်ဆုံးဆက်သွယ်ကြပါရန် အကြောင်းကြားပါသည်။

**ဦးခင်ထွန်း**(မော်ကွန်းထိန်း)၊ **ဦးအုန်းခင်**(အကြီးတန်းနည်းပြ) ဖုန်း-၀၂-၈၈၇၂၅/၈၈၇၂၆ (မန္တလေးသမဝါယမကောလိပ်)
**မောင်ကိုကိုလေး(ခ)မြတ်သူ၊ မောင်အောင်ဆန်းလင်း၊**
**မောင်ဇော်ဝင်း၊ မောင်မင်းနိုင်ဆွေ** ဖုန်း-၀၂-၃၄၀၂၁
**မသီတာဦး၊ မစန်းစန်းမေ** ဖုန်း-၀၂-၃၆၇၀၆

## ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ဝန်ထမ်းသက်သာချောင်ချိရေးအဖွဲ့ပိုင် ဘွန်ဂိုယာဉ်ဟောင်း (၁)စီးနှင့် ဘီ ၆၀၀ ယာဉ်ဟောင်း(၇)စီးကို မျက်မြင်အခြေအနေအတိုင်း ချိပ်ပိတ်တင်ဒါခေါ်ယူ ရောင်းချမည်ဖြစ်ပါသည်။
၂။ ချိပ်ပိတ်တင်ဒါတင်သွင်းလိုသူများသည် လျှောက်လွှာပုံစံတစ်စောင်လျှင် ကျပ် ၅၀၀၀ (ကျပ်ငါးထောင်တိတိ)နှုန်းဖြင့် (၂၄-၅-၂၀၀၄) ရက်နေ့မှစ၍ ဝယ်ယူနိုင်ပြီး (၂၈-၅-၂၀၀၄) ရက်နေ့၊ ညနေ (၁၆:၃၀)နာရီ နောက်ဆုံးထား၍ စပေါ်ငွေကျပ် ၅၀၀၀၀၀ (ကျပ်ငါးသိန်းတိတိ)နှင့်အတူ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(ငွေစာရင်းဌာနစိတ်)တွင် လျှောက်လွှာတင်သွင်းနိုင်ပါသည်။
၃။ အသေးစိတ်အချက်အလက်များကို ဖုန်းနံပါတ် ၅၃၅၈၅၀ နှင့် ၅၃၇၆၁၂ တွင် စုံစမ်းနိုင်ပါသည်။

**ဝန်ထမ်းသက်သာချောင်ချိရေးအဖွဲ့**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား။**

Imperial Fruit Group

## နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနား အမရပူရမြို့နယ် မြစ်လောင်းကျေးရွာတွင်ကျင်းပ

မြစ်ငယ် မေ ၄

**မန္တလေးတိုင်း အမရပူရမြို့နယ် မြစ်လောင်းကျေးရွာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၇ ရက်က အဆိုပါ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပသည်။**

ရေးဦးစွာ မြို့နယ် အတွင်းရေးမှူး ဦးအောင်လွင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးညီညီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** ကျေးရွာအတွင်းရေးမှူးက နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်သည့်အတွက် ကျေးလက်ပြည်သူများ အသိဉာဏ်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ အသိဉာဏ်တိုးပွားလာသည်နှင့်အမျှ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုဦးစီးမှူး ဒေါ်မြင့်မြင့်သိန်းက ကျေးလက်ဒေသ အတွက် နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပေးရခြင်း၏ရည်ရွယ်ချက်များကိုရှင်းလင်းပြောကြားပြီးနောက် ဒုဦးစီးမှူး ဒေါ်မြင့်မြင့်သိန်းနှင့် အလှူရှင်များက ကျေးရွာဥက္ကဋ္ဌ ဦးညီညီထံ စာအုပ်မျိုးစုံကို ပေးအပ်လှူဒါန်းကြသည်။

အလားတူပင် စာတိုး၊ မြို့ပြင်ကြီး ကျေးရွာအုပ်စုနှင့် ခနဲ့ကျေးရွာအုပ်စုတို့တွင်လည်း ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ **(၂၀၉)**

## မွန်နှင့် ကရင်ပြည်နယ် ငွေထုတ်ချေးရေးညှိနှိုင်းစည်းဝေး

**ရန်ကုန် မေ ၂၂**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ ၂၀၀၄ ခုနှစ် မိုးသီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေ ထုတ်ချေးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မေ ၁၆ ရက်က သထုံမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲရုံး၌ပြုလုပ်ရာ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်က မွန်ပြည်နယ်မန်နေဂျာ ဒေါ်နုနုအေးနှင့် မြို့နယ် ၁၀ မြို့နယ် ကရင်ပြည်နယ် မန်နေဂျာ ဒေါ်မြနွယ်၊ မြို့နယ်လေးမြို့နယ် မန်နေဂျာများ၊ ကြီးကြပ်ရေးမှူးများအားတောင်သူများသို့ ချေးငွေများ အချိန်မီထုတ်ချေးရေး၊ ဘဏ်ချေးငွေများ အပြည့်အဝ ပြန်လည်ကောက်ခံရရှိရေး၊ဘဏ်တွင်စုဆောင်းငွေများလက်ခံမှုကိစ္စများကို ဆွေးနွေးကြကြောင်း သိရသည်။

**(က-ပ)**

## ကျေးလက်ဒေသများအတွက် စက်ရေတွင်းများလှူဒါန်းနိုင်

ရန်ကုန် မေ ၂၂

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည်တိုင်းနှင့် ပြည်နယ်များရှိ ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။**

**ထိုသို့ဆောင်ရွက်ရာတွင် ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မ စက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း၊ စက်ပစ္စည်းစုံ ကျပ် ၂၅၀၀၀၀၊ နှစ်လက်မ စက်ရေတွင်း အနက်ပေ ၄၀၀တစ်တွင်း၊ စက်ပစ္စည်းစုံ ကျပ်၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း၊ စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြသည်။**

**ရေလှူဒါန်းခြင်းဖြင့် လျင်မြန်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ ကျော်ကြားလူသိများခြင်း၊ ဆာလောင်မွတ်သိပ်မှုကင်းခြင်း၊ အခြွေအရံများခြင်း၊အသက်ရှည်ခြင်း၊အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အား ဗလကြီးမားခြင်းနှင့် ဉာဏ်ပညာကြီးမားခြင်းစသည့် ရေအကျိုး ၁၀ ပါးကို ဆုမတောင်းဘဲ ရရှိနိုင်သည်ဖြစ်ရာ စက်ရေတွင်းလှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၂၄၅၄၂၀၊ ၂၅၃၀၈၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၂၄၀၁၁၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ)၊ ဖုန်း-၀၁-၂၉၁၉၆၇၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၇၁-၂၁၀၁၂၊ ညွှန်ကြားရေးမှူး (မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၆၃-၂၃၁၆၄၊ ညွှန်ကြားရေးမှူး (မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၂-၅၄၆၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။**

(နယ်စပ်/စည်ပင်)

## သောက်သုံးရေကန် လွှဲပြောင်းပေးအပ်

**မြဝတီ မေ ၁**

ကျေးရွာလုံးကျွတ် ရာသီမရွေး လုံလောက်စွာ အသုံးပြုနိုင်သည့် သောက်သုံးရေနှင့်ရေကန်လှူဒါန်းပွဲ ရေစက်ချတရားနာပွဲ အခမ်းအနားကို ဧပြီ ၂၄ ရက်က မြဝတီမြို့နယ် ကွင်းကလေးကျေးရွာရှိ သောက်သုံးရေကန်အနီး အလှူမင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

ထို့နောက် ပင်ရင်းမတည်အလှူရှင်က ကျေးရွာဥက္ကဋ္ဌအား သောက်သုံးရေကန်ကြီးကို လွှဲပြောင်းပေးအပ်ပြီးနောက် ပရိသတ်များကို ကရင်ရိုးရာဒုံးယိမ်းအကဖြင့် ဖျော်ဖြေညှော်ခံကြသည်။

အဆိုပါရေကန်သည် တောင်စဉ်တောင်တန်းများပေါ်မှ တောင်ကျစမ်းရေများကို ပိုက်များဖြင့် အဆင့်ဆင့် သွယ်တန်းပြီး ရေကန်တွင် စုဆောင်းသိုလှောင်ထားခြင်းဖြစ်သည်။ ယင်းအတွက် ကျပ်သိန်း ၅၀ ကုန်ကျကြောင်း သိရသည်။ **(၀၃၃)**

# ၂၀၀၄ ခုနှစ် ရွှေတိဂုံစေတီတော်ဓာတ်ပုံပြိုင်ပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲယှဉ်ပြိုင်ရန်ဖိတ်ခေါ်ခြင်း

ရွှေတိဂုံစေတီတော်ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဓာတ်ပုံအသင်းနှင့် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့တို့ပူးပေါင်း၍ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများအား မျက်မှောက်ကာလတွင် ဖူးမြော်ကြည်ညိုရသည့် မြင်ကွင်းစုံတို့ကို ဓာတ်ပုံပညာဖြင့် မှတ်တမ်းပြုနိုင်ရန် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို အောက်ပါအတိုင်း ကဏ္ဍများခွဲခြား ကျင်းပသွားမည်ဖြစ်ပါသည်။

**ကြည်ညိုဖွယ်အဖုံဖုံ မြတ်ရွှေတိဂုံကဏ္ဍ** – ရွှေတိဂုံစေတီတော်မြတ်ကြီးကို မိမိတို့နှစ်သက်ရာရှုထောင့်အမျိုးမျိုးမှ ရိုက်ကူးထားသည့် ဓာတ်ပုံများ။

**ရွှေတိဂုံဝန်းကျင် ရှုလေလျှင်ကဏ္ဍ** – စေတီတော်ဝတ္တကမြေအတွင်းရှိ စေတီပုထိုး၊ ရုပ်ပွားဆင်းတု၊ တန်ဆောင်းဇရပ်၊ စောင်းတန်း၊ ရေတွင်းရေကန်၊သစ်ပင်ပန်းမန်အစရှိသော သာသနိကအဆောက်အအုံ ဝတ္ထုပစ္စည်းများကို ရိုက်ကူးထားသည့် ဓာတ်ပုံများ။

**မြတ်ရွှေတိဂုံ ကုသိုလ်စုံကဏ္ဍ** – စေတီတော်မြတ်ကြီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ပွဲတော်များ၊ ရဟန်းခံ ရှင်ပြု အလှူပွဲများ၊ ဝတ်ရွတ်၊ ဆွမ်းတော်ကပ်၊ တံမြက်လှဲ၊ ရောင်တော်ဖွင့်စသည့် ဘာသာရေးဆိုင်ရာ ဆောင်ရွက်မှုများကို ရိုက်ကူးထားသည့် ဓာတ်ပုံများ။

**ရိုက်ကူးကာလနှင့် ဓာတ်ပုံအရွယ်အစား** – ၁-၁-၂၀၀၃ ရက်မှ ၁၅-၉-၂၀၀၄ ရက်အတွင်း ရိုက်ကူးသည့် ၁၂လက်မ X ၁၈ လက်မအရွယ် ဆေးရောင်စုံဓာတ်ပုံ။

**ပေးပို့ရမည့်ဓာတ်ပုံအရေအတွက်** – အရေအတွက်အကန့်အသတ်မရှိ။

**ဓာတ်ပုံနောက်ဆုံးပေးပို့ရမည့်အချိန်** – ၁၅-၉-၂၀၀၄ ရက်၊ ညနေ ၄ နာရီ။

**ဆုချီးမြှင့်ခြင်း(တစ်ကဏ္ဍချင်းအတွက်)** – ပထမဆု ကျပ် ၃၀၀၀၀၀
– ဒုတိယဆု ကျပ် ၂၀၀၀၀၀
– တတိယဆု ကျပ် ၁၀၀၀၀၀
– နှစ်သိမ့်ဆု ငါးဆု ကျပ် ၅၀၀၀၀ စီ

**ဓာတ်ပုံပေးပို့ရန်နှင့် ဆက်သွယ်စုံစမ်းရန်** – ဂေါပကအဖွဲ့ရုံး၊ ရွှေတိဂုံစေတီတော် ဖုန်း-၂၅၁၈၅၁
မြန်မာနိုင်ငံဓာတ်ပုံအသင်း
အမှတ်(၂၇-၂၉)၊ ၃၅ လမ်း(အောက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း-၃၇၃၁၆၇

**မော်တော်ယာဉ်မှတ်ပုံတင်(ကမ-၃)မိတ္တူပျောက်ဆုံးခြင်း** မော်တော်ဆိုင်ကယ်အမှတ် ယ/၇၃၁၂၇ လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃)မိတ္တူပျောက်ဆုံးပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊တိုင်းရုံး(မြစ်ကြီးနား)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊(မြစ်ကြီးနား) ကချင်ပြည်နယ်။**

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန
## လသာမြို့နယ်၊ ရန်ကုန်မြို့

# ဆေးပညာပါရဂူဘွဲ့ သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ ရန်ကုန်တို့၌ဖွင့်လှစ်သင်ကြားမည့် ဆေးပညာပါရဂူဘွဲ့သင်တန်းများသို့ သက်ဆိုင်ရာဘာသာရပ်တွင် မဟာသိပ္ပံဘွဲ့(သို့မဟုတ်) အလားတူဘွဲ့လွန်ရရှိထားပြီး လျှောက်လွှာပိတ်သည့်ရက်တွင် အသက် ၅၀နှစ်ထက်မကြီးသူ ဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်းကြေညာအပ်ပါသည်။

**ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့(Ph.D)သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| ၁။ | ပါရဂူဘွဲ့(ခန္ဓာဗေဒ) | ၃နှစ် |
| ၂။ | ပါရဂူဘွဲ့(ဇီဝကမ္မဗေဒ) | ။ |
| ၃။ | ပါရဂူဘွဲ့(ဇီဝဓာတုဗေဒ) | ။ |
| ၄။ | ပါရဂူဘွဲ့(အဏုဇီဝဗေဒ) | ။ |
| ၅။ | ပါရဂူဘွဲ့(ဆေးဝါးဗေဒ) | ။ |
| ၆။ | ပါရဂူဘွဲ့(ရောဂါဗေဒ) | ။ |
| ၇။ | ပါရဂူဘွဲ့(ပြည်သူ့ကျန်းမာရေး) | ။ |

**ဆေးလက်တွေ့ပါရဂူဘွဲ့(Dr.Med.Sc)သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| ၁။ | ဆေးလက်တွေ့ပါရဂူဘွဲ့(အထွေထွေဆေးပညာ) | ၃နှစ် |
| ၂။ | ဆေးလက်တွေ့ပါရဂူဘွဲ့(အထွေထွေခွဲစိတ်ကုပညာ) | ။ |
| ၃။ | ဆေးလက်တွေ့ပါရဂူဘွဲ့(သားဖွားမီးယပ်ပညာ) | ။ |
| ၄။ | ဆေးလက်တွေ့ပါရဂူဘွဲ့(ကလေးကျန်းမာပညာ) | ။ |
| ၅။ | ဆေးလက်တွေ့ရပါဂူဘွဲ့(အရိုးရောဂါပညာ) | ။ |
| ၆။ | ဆေးလက်တွေ့ပါရဂူဘွဲ့(နှလုံးရောဂါပညာ) | ။ |
| ၇။ | ဆေးလက်တွေ့ပါရဂူဘွဲ့(နှလုံးခွဲစိတ်ကုပညာ) | ။ |
| ၈။ | ဆေးလက်တွေ့ပါရဂူဘွဲ့(အဆုတ်နှင့်အသက်ရှူလမ်းကြောင်းဆိုင်ရာဆေးပညာ) | ။ |
| ၉။ | ဆေးလက်တွေ့ပါရဂူဘွဲ့(ဦးနှောက်နှင့်အာရုံကြောဆေးပညာ) | ။ |
| ၁၀။ | ဆေးလက်တွေ့ပါရဂူဘွဲ့(ကျောက်ကပ်ရောဂါပညာ) | ။ |
| ၁၁။ | ဆေးလက်တွေ့ပါရဂူဘွဲ့(အစာအိမ်နှင့်အူလမ်းကြောင်းဆေးပညာ) | ။ |
| ၁၂။ | ဆေးလက်တွေ့ပါရဂူဘွဲ့(အသည်းရောဂါပညာ) | ။ |
| ၁၃။ | ဆေးလက်တွေ့ပါရဂူဘွဲ့(သွေးရောဂါပညာ) | ။ |
| ၁၄။ | ဆေးလက်တွေ့ပါရဂူဘွဲ့(ရင်ခေါင်းခွဲစိတ်ကုပညာ) | ။ |
| ၁၅။ | ဆေးလက်တွေ့ပါရဂူဘွဲ့(ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကုပညာ) | ။ |
| ၁၆။ | ဆေးလက်တွေ့ပါရဂူဘွဲ့(ကလေးခွဲစိတ်ကုပညာ) | ။ |
| ၁၇။ | ဆေးလက်တွေ့ပါရဂူဘွဲ့(မွေးကင်းစကလေးဆေးပညာ) | ။ |
| ၁၈။ | ဆေးလက်တွေ့ပါရဂူဘွဲ့(လက်ပိုင်းဆိုင်ရာခွဲစိတ်ကုပညာ) | ။ |
| ၁၉။ | ဆေးလက်တွေ့ပါရဂူဘွဲ့(မီးယပ်ဆိုင်ရာကင်ဆာရောဂါပညာ) | ။ |
| ၂၀။ | ဆေးလက်တွေ့ပါရဂူဘွဲ့(မျိုးပွားမှုဆိုင်ရာဆေးပညာ) | ။ |
| ၂၁။ | ဆေးလက်တွေ့ပါရဂူဘွဲ့(မျက်စိရောဂါပညာ) | ။ |
| ၂၂။ | ဆေးလက်တွေ့ပါရဂူဘွဲ့(နား၊နှာခေါင်း၊လည်ချောင်းရောဂါပညာ) | ။ |
| ၂၃။ | ဆေးလက်တွေ့ပါရဂူဘွဲ့(ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ) | ။ |
| ၂၄။ | ဆေးလက်တွေ့ပါရဂူဘွဲ့(မေ့ဆေးပညာ) | ။ |
| ၂၅။ | ဆေးလက်တွေ့ပါရဂူဘွဲ့(ဓာတ်မှန်ပညာ) | ။ |
| ၂၆။ | ဆေးလက်တွေ့ပါရဂူဘွဲ့(ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာ) | ။ |
| ၂၇။ | ဆေးလက်တွေ့ပါရဂူဘွဲ့(ဥပဒေရေးရာဆေးပညာ) | ။ |
| ၂၈။ | ဆေးလက်တွေ့ပါရဂူဘွဲ့(ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ) | ။ |
| ၂၉။ | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့(မေးရိုးနှင့်ခံတွင်းဆေးပညာ) | ။ |
| ၃၀။ | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့(သွားတုဆေးပညာ) | ။ |

၂။ လျှောက်လွှာပိတ်ရက်မှာ ၆-၈-၂၀၀၄ ရက်နေ့ဖြစ်ပါသည်။

၃။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ ၈-၉-၂၀၀၄ ရက်နေ့ဖြစ်ပါသည်။

၄။ ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားလိုသူများသည် ဘွဲ့လွန်ဆေးပညာ သင်တန်းဝင်ခွင့်စာမေးပွဲကြေးကျပ် ၂၀၀ (ကျပ်နှစ်ရာတိတိ)ကို ရန်ကုန်မြို့၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၃)တွင်ဆေးသိပ္ပံပညာဦးစီးဌာန၊ ငွေစာရင်းအမှတ်၊ MD ၀၀၄၄၉၆ သို့ပေးသွင်းရမည်။

၅။ လျှောက်လွှာတွင်ဖော်ပြပါရှိရမည့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ တိုင်း/ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးများတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဆေးသိပ္ပံပညာဦးစီးဌာန။**

**ဆေးတက္ကသိုလ်(၁)၁၉၇၁-၁၉၇၉ ကျောင်းသူကျောင်းသားများ၏ဘွဲ့ရ**

# (၂၅) နှစ်ပြည့်ဆရာကန်တော့ပွဲနှင့်မိတ်ဆုံစားပွဲ

**ကျင်းပမည့်ရက်** – ၄-၁၂-၂၀၀၄ (စနေနေ့)
**ကျင်းပမည့်အချိန်** – ဆရာကန်တော့ပွဲ – နံနက်ပိုင်း
– မိတ်ဆုံစားပွဲ – ညနေပိုင်း

အမှတ်တရလိပ်စာစာအုပ်ကို အချိန်မီပြုစုရန်နှင့် ဖိတ်စာများဝေငှနိုင်ရန်အတွက် ပေးပို့ထားသော ကိုယ်ရေးရာဇဝင်ပုံစံကို ၃၁-၇-၂၀၀၄ နောက်ဆုံးထား၍ ပေးပို့ပါရန်နှင့် ဖြည့်စွက်ရန် ပုံစံမရရှိသေးပါက အောက်ပါသူငယ်ချင်းများထံ ဆက်သွယ်နိုင်ပါသည်။

၁။ **မခင်ခင်ရီ** ဖုန်း- ၅၃၈၂၆၇
၂။ **မစောမူ** ဖုန်း- ၂၉၄၇၀၁၊ ၂၉၄၇၀၂၊ ၂၉၄၇၀၄
၃။ **မမိုးမိုးဆန်း** ဖုန်း- ၀၉-၅၀-၁၄၆၀၈
၄။ **မခင်မေစု** ဖုန်း- ၀၉-၅၀-၀၇၉၅၅

# နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ကျွန်တော် **မောင်တိုးဝင်း** ၇/လပတ(နိုင်)၀၀၅၀၀၄ နှင့် ကျွန်မ **မမြတ်မြတ်ဝင်း** ၁၂/ကမရ(နိုင်)၀၄၇၇၁၈ သည် ပြည်မြို့ ဒုတိယမြို့နယ်တရားသူကြီး ဒေါ်တင့်တင့်ဌေး ရှေ့မှောက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

**မောင်တိုးဝင်း-မမြတ်မြတ်ဝင်း။**

# ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

မြန်မာ့လေကြောင်းရုံးချုပ် အဆောက်အအုံမှ လက်ရှိ မိုးထားသော ခေါင်မိုးနှင့်ဆင်ဝင် အမိုးများအား ဖျက်သိမ်းပြီး အမိုးအသစ်ပြန်မိုးလိုပါသဖြင့် လုပ်ငန်းဆောင်ရွက်လိုသူများအနေဖြင့် မျက်မြင်လာရောက်ကြည့်ရှုစစ်ဆေးပြီး ချိပ်ပိတ်ဈေးနှုန်းများကို အုပ်ချုပ်ရေးဌာန၊ မြန်မာ့လေကြောင်းအမှတ်-၁၀၄၊ကမ်းနားလမ်း၊ ရန်ကုန်မြို့သို့ ၁၅-၆-၂၀၀၄ ရက်နေ့ ၁၆း၀၀ နာရီအချိန်နောက်ဆုံးထားပြီး တင်သွင်းနိုင်ပါသည်။

ချိပ်ပိတ်ဈေးနှုန်းလွှာများကို ၁၈-၆-၂၀၀၄ ရက်နေ့ ၁၀း၃၀ နာရီအချိန်တွင် မြန်မာ့လေကြောင်းရုံးချုပ်၊ အမှတ်-၁၀၄၊ ကမ်းနားလမ်းတွင် ဖွင့်ဖောက် ရွေးချယ်မည်ဖြစ်ပါသည်။

**မြန်မာ့လေကြောင်း။**

**Excellent Distribution Group** မှ အထက်မြန်မာပြည် မန္တလေးနှင့်အခြားမြို့ကြီးများတွင် ကုန်ပစ္စည်းအသစ်များကို အပ်ကုန်စနစ်ဖြင့် ကျွမ်းကျင်သော အရောင်းဝန်ထမ်းများ ကိုယ်တိုင်ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။ စိတ်ဝင်စားသည့်လုပ်ငန်းရှင်များသည် မိမိတို့၏ ကုန်ပစ္စည်းအသစ်များကို ဖြန့်ဖြူး ရောင်းချလိုပါက အောက်ပါလိပ်စာသို့ ဆက်သွယ်နိုင်ပါသည်။

**ရန်ကုန်တာဝန်ခံ- ဦးဌေးအောင်**(အထွေထွေမန်နေဂျာ)-(ဖုန်း၊ ၀၁-၇၂၄၈၂၇)
**မန္တလေးရုံးခွဲတာဝန်ခံ- ဒေါ်လွင်လွင်မာ**(ဈေးကွက်မန်နေဂျာ)
အခန်း(၆)၊ ချမ်းမြရွှေပြည်ယာဉ်ရပ်နားစခန်းဝင်ပေါက်။
အရှေ့ဘက်ထိပ်တိုက်တန်း၊ A.3 လမ်း(သာယာဝတီမင်းကြီးလမ်း)
ပြည်ကြီးတံခွန်မြို့နယ်။ မန္တလေး-ဖုန်း-၀၂-၈၀၉၀၁

# ရောင်းချရန် ကြော်ငြာစာ

## တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆
## ရန်ကုန်တိုင်းတရားရုံး
## ၂၀၀၃ ခုနှစ် တရားမဇာရီမှုအမှတ် ၂၉၈

**ဒေါ်ခင်စိန်(ခ)ဒေါ်ခင်သန့်** နှင့် ၁။ **ဒေါ်သိန်းရီ**
**(၄င်း၏ အခွင့်ရကိုယ်စားလှယ် ဒေါ်သီတာစိုး)** ၂။ **ဒေါ်အိုင်းရင်း(ကွယ်လွန်သူ ဦးမြင့်အောင်စိုး၏ တရားဝင်ကိုယ်စားလှယ်)**
၃။ **ဦးချစ်ခိုင်**
**တရားနိုင်** **တရားရှုံးများ**

ရန်ကုန်တိုင်းတရားရုံး၌ တရားမကြီးမှုအမှတ် ၂၁/၂၀၀၀ အမှုတွင် တရားနိုင်ဒီကရီအတည်ပြု ဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြပါ ပစ္စည်းများကို ၂၀၀၄ ခုနှစ် ဇွန် ၂၉ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် ၄င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင် ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်ပါသည်။

၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်ယူသူအဖြစ်သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာလည်း ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိကထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀ လျှင် နှစ်ဆယ့်ငါးကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသူအရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်း ပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက်နေ့ ထိုနေ့ရုံးပိတ်ရက်ဖြစ်လျှင် ပထမ ရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်နေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့်လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၀၄ ခုနှစ် မေလ ၁၈ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာကိုထုတ်ပေးလိုက်သည်။

**ထွန်းသိန်း၊ တွဲဖက်တိုင်းတရားသူကြီး(၁)။**

**ပစ္စည်းစာရင်း**

ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ ယခင် အင်းစိန်မြို့နယ်၊ ကွင်းအမှတ် ၁၊ ကံဘဲ့ ဦးပိုင်အမှတ် ၁၃၃၊ မြေဧရိယာ ၀ ဒသမ ၂၁၆ ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ် ၃၊ မင်းရဲကျော်စွာလမ်း၊ရန်ကင်းမြို့နယ်ဟုခေါ်တွင်သော ဥပစာ၊ အမှတ်(၁)တရားရှုံးမိသားစုများ လက်ရှိနေထိုင်လျက်ရှိပါသည်။ **(ကြမ်းခင်းဈေး ကျပ်သိန်း ၂၂၀၀)**



## အမည်ပြောင်း

ဦးကျော်နိုင်စိုး [၉/သစန(နိုင်) ၀၁၀၃၀၀]၏သား အထက(၂) ကမာရွတ် နဝမတန်းမှ မောင်ရဲဇာနည်မောင်အား မောင်ရဲကျော်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ရဲကျော်အောင်။**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏နိုင်ငံကူးလက်မှတ် အမှတ်-၄၆၈၀၅၇သည် ခရီးသွားစဉ် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ပေးပို့ပါရန်။ **မောင်ဇော်မင်းထိုက် ၇/ကဝန(နိုင်)၁၀၄၅၀၅။**


ကွန်ရက်တွေအလုပ်လုပ်ပုံအကြောင်း လေ့လာလိုသူများအတွက် အသင့်တော်ဆုံးစာအုပ်

ထွက်ပြီ

**ပိုးနိုင်ဝင်း (Masterpiece)၏**

# ကွန်ရက်တွေ ဘယ်လိုအလုပ်လုပ်သလဲ

*HOW NETWORKS WORK*

မျိုးဆက်သစ်စာပေ အမှတ် ၂၁၂/၂(ခ)၊ ပထမထပ်၊ ၃၆လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၄၉၉၄၁


## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ရွှေပန်းထိမ်ဆရာကြီး ဦးတင်ရွှေ (နေဖြူ)
### အသက်(၈၁)နှစ်

သံကြိုးဆရာတော် ဘဒ္ဒန္တ ဣန္ဒာစရိယ ၏ရဟန်းဒါယကာကြီး၊ နေဖြူမြို့၊ (၄)ရပ်ကွက်၊ ဥမ္မာဒန္တီလမ်း၊ အမှတ် ၄၆ နေ (ဒေါ်ညွန့်ကြည်)၏ခင်ပွန်း၊ ညောင်တုန်းမြို့နယ် (ဒေါ်မြင့်မြင့်သန်း)၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၃၂ လမ်း၊ အမှတ် ၇၄ နေ (ဦးအောင်စိုး)-ဒေါ်မြင့်မြင့်သိန်း(စည်ပင်ဦးစီး၊ရုံးချုပ်)၊ ဦးထွန်းဦး၊ ဦးကံထွန်း-ဒေါ်မြင့်မြင့်ဟန်(နေဖြူ စာရင်းရုံး)၊ ဒေါ်ခင်မျိုးကြည်၊ ဦးထင်လင်းနိုင်-ဒေါ်ခင်သီမာ၊ ဒေါ်ညိုညိုခိုင်(ANA)တို့၏ဖခင်၊ မောင်တေဇာလင်း၊ မအေးမွန်ကျော်၊ မခိုင်ခန့်ချို၊ မောင်မိုးသက်တင်၊ မခိုင်ခိုင်လင်းတို့၏ အဘိုးသည် ၂၁-၅-၂၀၀၄ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် နေဖြူမြို့ နေအိမ်မှ ရွှေရောင်ပြသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

## ဒေါ်ခင်ခင်(ခ)ဒေါ်သာနို့ခင် (စစ်တွေမြို့)
### (ကယားပြည်နယ်ဦးစီးမှူး၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန)
### အသက်(၅၇)နှစ်

စစ်တွေမြို့၊ မိဇ်ရပ်နေ ဦးသာကျော်-ဒေါ်မကြီးတို့၏သမီးငယ်၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်နေ ဦးသိန်းဟန်-ဒေါ်ကျော့တင်တို့၏သမီးချွေးမ၊ ဦးကျော်ကြီး(ကြေးနန်း၊ ငြိမ်း)-ဒေါ်ကျော့သာ၊ ဦးကျော်ဇံသာ(လဝက၊ ငြိမ်း)-ဒေါ်အေးသာ၊ ဦးဒီစံဌေး(လဝက၊ ငြိမ်း)-ဒေါ်သာနို့အေး(လဝက၊ ငြိမ်း)တို့၏ညီမ၊ ဦးထွန်းဝင်း(အမကကျောင်းအုပ်)-ဒေါ်သင်းသင်းခိုင်၊ ဒေါ်တင်ရီသိန်း(ကပရရုံးချုပ်)တို့၏အစ်မ၊ ဒေါ်ဥတ္တရာညာဏီ(ဖြူဖြူညွန့်)၊ မောင်ကျော်စွာညွန့်(ပို/ဆက်)၊ မောင်ဝေယံမင်းမြင့်တို့၏မိခင်၊ ရန်ကုန်မြို့၊ တိုက် ၃၃၂၊ အခန်း ၃၊ အနောက်ရန်ကင်းနေ ဦးစိန်ညွန့်(လ/ထ ကထိက၊ ငြိမ်း၊ ဗနတ)၏ဇနီး၊ တူ တူမ ၁၂ ယောက်တို့၏အဒေါ်သည် ၂၂-၅-၂၀၀၄ရက် (စနေနေ့) ည ၇ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး အထူးကုသဆောင်၌ ကွယ်လွန်သွားပါ၍ ၂၄-၅-၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးညိုဖေ (ကျောင်းဆရာ)
### (ဘူးသီးတောင်မြို့)
### အသက်(၆၇)နှစ်

ဘူးသီးတောင်မြို့၊ ဘုတ်ဆိပ်ရပ်ကွက်နေ (ဦးရွှေနီ-ဒေါ်သဒ္ဒါဦး)တို့၏သား၊ ဒေါ်မမြ၏ခင်ပွန်း၊ ဒေါ်အမြင့်-ဦးရွှေကျော်အောင်၊ ဦးမောင်လှိုင်-ဒေါ်မကျော့စိန်၊ ဦးဇော်ကြီး(ရုပ်သံ)-ဒေါ်စိုးစိုးခိုင်တို့၏ဖခင်၊ မောင်ကျော်ကျော်မြင့်ဦး၊ မစုစု၊ မောင်နေဆန်း၊ မမေထားဇော်တို့၏အဘိုးရှင်သည် ၂၀-၅-၂၀၀၄ရက် (ကြာသပတေးနေ့) ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၀၄ရက် (သောကြာနေ့)တွင် ဘူးသီးတောင်မြို့၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

## ဦးစန်းလွင်
### (ပိန်းဇလုပ်မြို့)
### အသက်(၅၇)နှစ်

ပိန်းဇလုပ်မြို့၊ ဦးမြတ်ထွန်းအောင်လမ်းနေ (ဦးချစ်-ဒေါ်ကျင်ဆိုင်)တို့၏သား၊ (ဒေါ်တင်ကြည်)၏ခင်ပွန်း၊ မောင်အောင်ထွန်း-မဖြူဖြူလွင်၊ မသက်သက်လွင်၊ မခိုင်ဝါလွင်၊ မဇင်မာလွင်၊ မခိုင်ဇာလွင်၊ မောင်အောင်ကိုကိုလွင်၊ မောင်ကျော်ကိုကိုလွင်၊ မောင်အောင်ညီညီလွင်တို့၏ဖခင်၊ မနုနုကျော်၏အဘိုးသည် ၂၂-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၀၄ရက်တွင် ပိန်းဇလုပ်မြို့ အရှေ့သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး ဦးဇော်ဝင်း
### အောင်ချမ်းသာမိသားစုပွဲရုံ (ပဲမျိုးစုံနှင့်ဆီရောင်းဝယ်ရေး)
### ရေတမာလမ်း(ဃ)၃၈ ဘုရင့်နောင်ပွဲရုံ
### အသက်(၄၉)နှစ်

(ဦးကျင်နိုင်-ဒေါ်ခင်ဝင်း)တို့၏သား၊ (ဦးတင်ရွှေ - ဒေါ်လှလှ)တို့၏ သားသမက်၊ ဟင်္သာတမြို့၊အမှတ် ၆၀၊ ဗိုလ်အောင်ကျော်လမ်းနေ ဒေါ်တင်တင်ဝင်း (အလက-၅၊အလယ်တန်းပြ)၏ခင်ပွန်း၊ ဦးဌေးဝင်း-ဒေါ်လဲ့လဲ့ဝင်းလှိုင်၊ ဦးဆန်းမင်းဦး-ဒေါ်မြင့်မြင့်ဝင်း၊ (ဦးအောင်ဝင်း)-ဒေါ်ခင်အေးမာ၊ ဦးအောင်တင့်လွင်-ဒေါ်အေးအေးဝင်း၊ ကိုဇော်လွင်(ကိုလေး)-ဒေါ်ယမင်းမို့မို့ဝင်း၊ ဒေါ်အေးအေးလှိုင်-ဦးခင်မောင်မြင့်၊ ဦးဇော်နိုင်-ဒေါ်သီတာလင်း၊ ဦးဇော်မင်း-ဒေါ်သီဂီတို့၏ညီ/အစ်ကို/မောင်၊ လုံးလုံး(ခ)ဟိန်းကိုကိုဦး (Final Year, Eco)၊ ဝိုင်းဝိုင်း(ခ)ဟိန်းညီညီဦး(အထက-၄၊ လှိုင်)တို့၏ဖခင်ကြီး၊ တူ တူမ ၁၃ ယောက်တို့၏ဦးလေး၊ မြေးတစ်ယောက်၏အဘိုးသည် ၂၁-၅-၂၀၀၄ရက် (သောကြာနေ့)တွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၃-၅-၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

## အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း ဟာဂျီဦးမြင့်အောင်(ခ) မိုဟာမက်အွမ္မာရ် (မန္တလေး)
### အသက်(၅၁)နှစ်

မိုးကုတ်မြို့၊ မူဆလင်ရပ်နေ (ဟာဂျီဦးဘမောင်-ဟာဂျီမ ဒေါ်သိန်းကြည်)တို့၏ ဒုတိယသား၊ ဟာဂျီ ဦးဘရင်၊ ဟာဂျီမဒေါ်လိခက်၊ ဟာဂျီမ ဒေါ်သန်းကြည်၊ ဟာဂျီဦးလှကျော်တို့၏တူ၊ ဟာဂျီဦးမျိုးမြင့်-ဟာဂျီမဒေါ်ခင်ခင်အေး၊ဟာဂျီဦးမြင့်အောင် - ဟာဂျီမဒေါ်ခင်ခင်ဝင်း၊ ဟာဂျီ ဦးခင်မောင်ဝင်း-ဟာဂျီမဒေါ်မြမြဝင်း၊ ဦးမောင်မောင်လွင်-ဟာဂျီမ ဒေါ်တင်တင်ဝင်း၊ဟာဂျီဦးမြင့်တင်-ဟာဂျီမဒေါ်နီနီအေး၊ ဦးမြင့်သိန်း-ဒေါက်တာနန်းနွဲ့၊ ဟာဂျီဦးမြင့်ရွှေ-ဟာဂျီမဒေါ်မြင့်မြင့်ဝင်း၊ ဒေါက်တာအုန်းမောင်-ဟာဂျီမဒေါ်ဌေးဌေးဝင်း၊ ဟာဂျီ ဦးခင်မောင်ထွေး-ဟာဂျီမ ဒေါ်လှလှဝင်း၊ ဟာဂျီဦးမျိုးမင်းခိုင်-ဒေါ်ကျော့ကျော့ခိုင်တို့၏ အစ်ကို/မောင်၊ မန္တလေးမြို့၊ ၂၆/B လမ်း၊ အိမ်အမှတ် ၁၀၃/၁၀၄ နေ ဟာဂျီမဒေါ်လှလှရီ၏ခင်ပွန်း၊ မောင်ပြည့်ဖြိုးအောင်၊ မောင်ဝေဖြိုးအောင်တို့၏ ဖခင်၊ တူ တူမ ၂၇ယောက်တို့၏ဦးလေးသည် ၂၁-၅-၂၀၀၄ရက် (သောကြာနေ့)နံနက် ၈ နာရီတွင် မန္တလေး ပြည်သူ့ဆေးရုံကြီး၌ အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့ ဂျုမ္မာအာနမာဇ်အပြီး မန္တလေး ကြာနီကန်ကာဘရ်စတန်၌ ဒါဖနာပြုလုပ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

## ဦးအောင်လင်း
### (မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ငြိမ်း)
### အသက်(၇၀)

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၅)ရပ်ကွက်၊ အမှတ် ၂၉၁၊ အခန်း ၂၊ ယူကလစ်မြိုင်လမ်းသွယ်နေ ဦးအေးဖေ-ဒေါ်ပန်းနုတို့၏သား၊ ဒေါ်ခင်မြင့်ဦး၏ခင်ပွန်း၊ကိုထိန်ဝင်း-မဝေဝေလင်း(စစ်တွေနည်းပညာကောလိပ်)၊ ကိုကျော်ကျော်လင်း၊ ကိုအောင်ဇော်လင်းတို့၏ဖခင်သည် ၂၂-၅-၂၀၀၄ရက် နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်း၊ကျောင်း ဒါယိကာမကြီး ဒေါ်ကြည်ကြည် (စစ်ကိုင်း)
### အလယ်တန်းပြ(ငြိမ်း)
### အသက်(၇၈)နှစ်

စစ်ကိုင်းမြို့၊ နန်းတော်ရာရပ်မြောက်ပိုင်းနေ (ဦးဘခင်-ဒေါ်သန်းရင်) တို့၏ သမီး၊ (ဒေါ်အမာ)၏ ညီမ၊ ဒေါ်လှမေ၊ (ဦးခင်မောင်စိုး) - ဒေါ်ခင်စောဝင်း၊ ဒေါ်ခင်သန်းနွဲ့-ဗိုလ်မှူးချုပ်မောင်မောင်(ငြိမ်း)တို့၏အစ်မ၊ တူ တူမ ခုနစ်ယောက်တို့၏အဒေါ်၊ မြေးကိုးယောက်တို့၏အဘွားသည် ၂၁-၅-၂၀၀၄ ရက် (သောကြာနေ့) မွန်းလွဲ ၂း၂၀ နာရီတွင် အမှတ် ၁၈၊ ဝေဇယန္တာလမ်း၊ (၃/ခ) ရပ်ကွက်၊ တောင်ဥက္ကလာပနေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ညနေ ၄း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

## ဒေါ်သန်းသန်းဝင်း
### (ငွေစာရင်းရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန)
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ် ၆၅နေ (ဦးစိုးမြင့်-ဒေါ်ကျင်ခ)တို့၏ သမီး၊ ဦးခင်သိန်း-ဒေါ်ကြည်တို့၏သမီးချွေးမ၊ ဦးမြင့်ကျော်(လ/ထ ညွှန်ကြားရေးမှူး၊ ငြိမ်း၊ကကငွေ)၏ဇနီး၊ကိုအောင်ခင်မြင့်၊ ကိုခင်မောင်တင့်၊ မဇင်မာမြင့်(ရေကြောင်းဦးစီး)တို့၏မိခင်သည် ၂၁-၅-၂၀၀၄ရက်တွင် ဆာကူရာအထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၃-၅-၂၀၀၄ရက် (တနင်္ဂနွေနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၄၅နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

## ဒေါ်ခင်သန်းဝေ(ခ)မဝေ
### ဟိုတယ်နှင့်ခရီး(မန္တလေးမြို့)
### အသက်(၅၂)နှစ်

မန္တလေးမြို့နေ (ဦးထွန်းဝေ)-ဒေါ်ညိုညိုတို့၏သမီး၊ ဦးဝင်းထွန်း(အင်းဝဟိုတယ်)၏ဇနီး၊ ဒုတိယဗိုလ်မှူးကြီးစန်းမောင်၊ ဒေါ်ခင်နွယ်နွယ်ဝေ၊ ဒုရဲအုပ်ဒေါ်ခင်အေးချိုဝေ၊ (ဒေါ်တင့်တင့်ဝေ)၊ ဒုရဲအုပ်ဦးအောင်စန်းထွန်း၊ ဒေါ်မြင့်မြင့်ဝေ၊ ဒုတိယစုံစမ်းရေးမှူး ဦးအောင်နိုင်ထွန်း၊ ဒေါ်နီနီဝေ၊ ဗိုလ်ကြီးမိုးကျော်ထွန်းတို့၏အစ်မ၊ မန္တလေးမြို့၊ နန်းရှေ့ပြည်တော်သာတိုက်တန်း၊ တိုက်အမှတ် ၄၈၊ အခန်း (၁)နေ မကေသီဦး၊ မောင်ဝေယံဦးတို့၏မိခင်၊ တူ တူမ ၁၃ယောက်တို့၏အဒေါ်သည် ၂၁-၅-၂၀၀၄ရက် နံနက် ၁၁နာရီတွင် မန္တလေး ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် မန္တလေး ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ကြာနီကန်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

## ဒေါ်ယဉ်ယဉ်မြင့် (မန္တလေး)
### B.Sc (Maths)
### အသက်(၃၄)နှစ်

မန္တလေးမြို့၊ ညောင်ကုန်းရပ်နေ (ဦးသိန်းမောင်-ဒေါ်အုန်း)တို့၏ သမီးချွေးမ၊ မန္တလေးမြို့၊ ဒေးဝန်းအကွက် (၁၀၄)နေ (ဦးမြင့်သိန်း) - ဒေါ်ကြည်တို့၏သမီး၊ ဦးအောင်ဝင်း-ဒေါ်စန်းစန်းဝင်း၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၆၆ လမ်းနေ ဦးတင်မောင်မြင့်-ဒေါ်စီစီမာ၊ မန္တလေးမြို့၊ ဒေးဝန်းအကွက် (၁၀၄)နေ ဒေါ်မြင့်ကြည်၊ ဦးသိန်းဇော်၊ ဦးအောင်နိုင်ဦး - ဒေါ်သန်းသန်းမြင့်၊ အောင်ပင်လယ်မြို့သစ်နေ ဦးခင်မောင်မြင့်-ဒေါ်ရီရီမြင့်၊ ဦးဝင်းဇော်-ဒေါ်တိုးအေးတို့၏ညီမ၊ မန္တလေးမြို့၊ ညောင်ကုန်းရပ်နေ ဦးခင်မောင်ကျော်-မလေးလေးသန့်၊ ဒေးဝန်းအကွက်(၁၀၄)နေ မဆွေဆွေမြင့်တို့၏ အစ်မ၊ မယွန်း၊ မယမုံဖူး၊ မောင်မင်းခန့်ကျော်၊ မဝင်းရတနာဖူးတို့၏မိခင်၊ ဦးတင်မောင်ဝင်း (B.Sc Geol ရတနာကျောက်စိမ်းရောင်းဝယ်ရေး)၏ဇနီးသည် ၁၉-၅-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ညောင်ကုန်းရပ်နေအိမ်မှ တံခွန်တိုင်တောင်မြင့်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

## ခရစ်တော်၌အိပ်ပျော်ခြင်း Pi Zen Ngaih Dim
### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းလမ်း၊အမှတ် ၈၁/၃ နေ တီးတိန်မြို့နယ် လမ်းဇံကျေးရွာသူကြီး (Pu Neng Khua Zam–Pi Pau Za Ning)တို့၏သမီးကြီး၊ (Pa Lian Za Nang)၏ဇနီး၊ Nu Goih Zam Cing–Pa Khual Khan Thang @ ဟားခါးမြို့ ကန်ထရိုက်တာ ဦးပါးခွာလ်၊Lia Ning Ngaih Hau၊ Nu Niang Khan Huai–(Pa Khup Khen Kap)၊ Tg Suan Thawn Tuang၊ Nu Man Khawm Mang–(Pa Pau Mun Mang)၊ Pa Zam Dong Kim ဆိုင်စာရေး (MPPE-0253၊ ကမ်းနားလမ်း)–Nu Sian Hon Cing @ Sui Hlei Tial၊ Lia Man Sian Uap(ဒုနှစ်၊ သမကောလိပ်၊ သန်လျင်)တို့၏ မိခင်၊ Nu Naing Go Cing–Pa Khup Sian Thang၊ Nu Niang Khan Man–(Pa Kham Sian Pau)၊(Lia Niang Khen Niang)၊ (Nu Cing Hau Ciin)–Pa Khual Khan Thang၊ Nu Gin Khan Lun-Pa Nang Khaw Tuanတို့၏အစ်မကြီး၊ မြေး ၁၂ ယောက်တို့၏ အဘွားသည် ၂၂-၅-၂၀၀၄ရက် နံနက် ၈း၂၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၄-၅-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေး ခရစ်ယာန်ဓမ္မရုံ၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [အထက်ပါနေအိမ်နှင့်ဆိပ်ကမ်းသာလမ်း၊ TBC(Y) ဘုရားကျောင်းမှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု။

## ဒေါ်အုန်းတင် (စစ်တွေ)
### (စုံစမ်းရေးမှူး၊ သွေးစစ်ဌာန)
### အသက်(၅၈)နှစ်

စစ်တွေမြို့၊ မိဇ်ရပ်နေ ရဲအုပ် ဦးသာထွန်း-ဒေါ်စောလှ (ဒေါ်မဲကာ)တို့၏ သမီးကြီး၊ ဦးစောဖေ(ရွှေပြည်စိုး သစ်စက်)၏ဇနီး၊ ဒေါ်မြသီတာ(သရုပ်ပြ၊ ရုက္ခဗေဒဌာန၊ စစ်တွေ တက္ကသိုလ်)-ဦးဇေယျာလင်း၊ ဦးမျိုးသန့်၊ မောင်ဌေးသန့်တို့၏မိခင်ကြီး၊ ဒေါ်အုန်းခင်-ဦးစံအေးကျော်(သ/မဦးစီးဌာန)၊ ဦးသန်းထွန်း-ဒေါ်အေးခင်၊ ဒေါ်ခင်ညွန့်-ဦးသာမောင်၊ ဦးထွန်းခင်(ကုန်သွယ်/လယ်ယာ)၊ ဒေါ်တင်နု(ခ)လုံးထုံမတို့၏အစ်မကြီး၊ တူ တူမ ၁၁ ယောက်တို့၏ကြီးကြီး၊ မောင်ပြည်သိမ်းကျော်၏ အဘောင်ရှင်သည် ၂၂-၅-၂၀၀၄ ရက် မွန်းလွဲ ၁၂း၄၅ နာရီတွင် အာရှတော်ဝင် အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၄-၅-၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး ဦးဇော်ဝင်း
### အောင်ချမ်းသာမိသားစုပွဲရုံ (ပဲမျိုးစုံနှင့်ဆီရောင်းဝယ်ရေး)
### အသက်(၄၉)နှစ်

(ဦးကျင်နိုင်-ဒေါ်ခင်ဝင်း)တို့၏သား၊ ရန်ကုန်မြို့နေ ဦးခင်မောင်လွင်-ဒေါ်အမာရီတို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၈၈၊ ၄၀၊ ၂ လမ်း၊ လှိုင်မြို့နယ်နှင့် အမှတ် ဃ/၃၈၊ ရေတမာလမ်း၊ အောင်ချမ်းသာပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ဥမ္မာလွင်(ခ)မမီး၏ခင်ပွန်း၊ ဦးမြင့်အောင်-ဒေါ်ခိုင်မာလွင်၊ ဦးမျိုးဇော်ထွန်း - ဒေါ်ကေသီလွင်၊ ဒေါက်တာဦးညွန့်ဝေ-ဒေါ်သီတာလွင်၊ ဦးကျော်ကျော်လွင် - ဒေါ်ရွှေရွှေသန်း၊ ဦးညီလွင်-ဒေါ်မွန်ချိုတို့၏ ညီ/အစ်ကို၊ ကိုဇာရဲလွင်(Sabic Asia Pacific Pte Ltd.)၊ မခိုင်ထက်ထက်သူ(Final Yr; Eng)၊ မအိမ့်သရသူ(အထက-၂၊ ကမာရွတ်)၊မမြတ်ပိုးသော်(အထက-၂၊ ကမာရွတ်)တို့၏ဖခင်၊ တူ တူမ ရှစ်ယောက်တို့၏ဦးလေး၊ မြေးတစ်ယောက်တို့၏ဘိုးဘိုးသည် ၂၁-၅-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၃-၅-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

## ဦးစံကျော် (ကျောက်ဖြူ)
### အသက်(၈၄)နှစ်

ကျောက်ဖြူမြို့၊ ဈေးလမ်း၊ မြစ်နားတန်းရပ်ကွက်နေ(ဒေါ်စောရင်)၏ခင်ပွန်း၊ ဒေါ်စန်းကြည်(ဒုတိုင်း၊ ဘဏ်မန်နေဂျာ၊ တိုင်းရုံး၊ မန္တလေးမြို့)-ဦးအောင်လွင်၊ ဦးတင်မြင့်(အလပြ၊ ငြိမ်း)-ဒေါ်တင်တင်မြင့်၊ ဒုရဲအုပ် တင်ဝင်း (ဘူးသီးတောင် ရဲစခန်း)-ဒေါ်အေးခင်စောတို့၏ ဖခင်၊ မမြင့်မြင့်သော် (တတိယနှစ်၊ ဥပဒေ၊ စစ်တွေတက္ကသိုလ်)၊ မလီလီဝင်းခင်တို့၏အဘိုးသည် ၁၁-၅-၂၀၀၄ရက် (အင်္ဂါနေ့)တွင်ကွယ်လွန်ပါ၍ ၁၂-၅-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)တွင် ကျောက်ဖြူသုသာန်၌သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်း၊ထီး၊ကျောင်းဒါယကာကြီး ဦးခင်ဦး (ပြည်)
### စာရင်းစစ်မှူး(ငြိမ်း)
### လွတ်လပ်ရေးမော်ကွန်းဝင်တတိယဆင့် ဗိုလ်တထောင်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့
### အသက်(၇၈)နှစ်

ပြည်မြို့နေ(ဦးပျော့-ဒေါ်မြရွှေ)တို့၏သားကြီး၊ ရန်ကုန်မြို့၊ အမှတ် ၁၄၂၊ အခန်း ၉၊ ဗိုလ်တထောင်ဘုရားလမ်းနေ ဒေါ်တင်မြင့်၏ခင်ပွန်း၊ ဦးဌေးဝင်း-ဒေါ်ခင်မြင့်ဦး၊ ဦးကျော်မြင့်ဦး-(ဒေါ်ကေသီခိုင်)၊ ဒေါ်နွယ်မြင့်ဦး၊ (ဦးကံမြင့်ဦး)၊ ဦးစိုးကျော်သိန်း-ဒေါ်သွယ်မြင့်ဦးတို့၏ဖခင်၊ ပြည်မြို့နေ (ဦးတင်ရွှေ-ဒေါ်တင်ကြည်)၊ (ဦးမြရွှေ-ဒေါ်လှမြင့်)၊ ဦးသိန်းမြင့်-ဒေါ်ကြင်ရှိန်၊ ဒေါ်အေးသိန်းတို့၏အစ်ကိုကြီး၊ တူ တူမ ၂၀၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၁-၅-၂၀၀၄ရက်(သောကြာနေ့)ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၀၄ ရက် (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးမောင်မောင်ဦး(ခ)ကိုကင်း
### အသက်(၅၄)နှစ်

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း ၆ လမ်း၊ အမှတ် ၁၇ နေ (ဦးကြည်အောင်) - ဒေါ်ခင်ညွန့်(ခ)မရှမ်းမတို့၏သား ကြီး၊ ဦးညိုထွန်း-ဒေါ်ခင်အုန်းမြင့် (မြန်မာ့နစ်ရှည်ပင်)၏မောင်၊ဒေါ်ခင်မြဝင်း(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌရုံး)၊ ဦးသန်းအောင်စိန် (Naing Group) - ဒေါ်ခင်မြစိန် (ကမာရွတ်မြို့နယ်စည်ပင်)၊ (ဦးကျော်ငြိမ်း)တို့၏ အစ်ကို၊ မရွှန်းလဲ့ဖြိုး(T.T.C)၊ မောင်လုံးလုံးပြည့်တို့၏ဘကြီးသည် ၂၂-၅-၂၀၀၄ရက်(စနေနေ့)နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## မောင်အာကာထက်(ခ)ကမ္ဘာကျော်
### အထက(သုဝဏ္ဏ)
### အသက်(၁၄)နှစ်

သုံးဆယ်မြို့၊ စံရွေးရွာနေ (ဦးလှကိုး-ဒေါ်စိန်ရင်)၊ ရန်ကုန်မြို့၊ တိုက် ၆၀၊ အခန်း ၄၊ ပေါ်ဆန်းမွှေး ၆ လမ်း၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်နေ ဦးလှိုင်(အငြိမ်းစား၊အမှုဆောင်အရာရှိ၊ကညန)-(ဒေါ်သိန်းတန်)တို့၏ မြေး၊ဦးဝင်းမောင်-ဒေါ်မူမူလှိုင် (ကညန၊ ဒဂုံတောင်)တို့၏သားငယ်၊ မောင်ဝေယံထက်(ခ)မောင်ပြည်ကျော် (1st Year Eco)၏တစ်ဦးတည်းသောညီ၊ ဦးတင်မြင့်-ဒေါ်ဝင်းဝင်းသိန်း(အငြိမ်းစား၊ကညန)၊(ဦးဝင်းလှိုင်-ဒေါ်ကြေးမုံအေး)၊ ဦးကျော်ရွှေ(တောင်ကြီး၊ ကညန)၊ ဒေါ်မြတ်မွန်လှိုင်(ငြိမ်း၊ ကညန)၊ ဦးဟန်နီလှိုင်-ဒေါ်ရီရင်း(ကြွယ်ကြွယ်တံဆိပ်ရိုက်လုပ်ငန်း)၊ ဦးအုန်းဟန်-ဒေါ်သန်းသန်းဌေးတို့၏တူ၊ ဖူးမွန်စုလှိုင်(Final year, Math)၊ မောင်အောင်ငြိမ်းချမ်းလှိုင် [B.E (Ec.)]၊ သဲမွန်ဆုလှိုင် (ကွန်ပျူတာ တက္ကသိုလ် 2nd Year)၊ ကိုထွန်းထွန်း-ငြိမ်း(2nd Year Law)၊ ထား(စက်မှု-၂၊တာရာ)၊ မောင်မြတ်ဟိန်းကျော်(TTC တောင်ကြီး)၊ မနွေးသီတာ၊ ချစ်ကိုကို၊ ချစ်စု၊ ချစ်ပု၊ ဖြိုးနေဇာဦး၊ ကျော်ဝေယံတို့၏ ညီ/မောင်သည် ၂၁-၅-၂၀၀၄ရက် (သောကြာနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၀၄ ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဗဝနတ်ထံပျံလွန်တော်မူခြင်း ဆရာတော် ဘဒ္ဒန္တ ဇာဂရ
### သက်တော်(၈၁)နှစ်၊ သိက္ခာတော်(၆၂)ဝါ

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ မဟာသုခိတာလမ်း၊ မူလယိုးဒယားကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဇာဂရမထေရ်မြတ်သည် ၁၃၆၆ခုနှစ် နယုန်လဆန်း၃ ရက်(၂၁-၅-၂၀၀၄ရက်) သောကြာနေ့ ညနေ ၄ နာရီတွင် ဗဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် အန္တိမအဂ္ဂိစျာပနအခမ်းအနားကို ၁၃၆၆ခုနှစ် နယုန်လဆန်း ၉ ရက်(၂၇-၅-၂၀၀၄ရက်) ကြာသပတေးနေ့ မွန်းလွဲ ၁ နာရီတွင်ကျင်းပပြီး ထိုနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ပင့်ဆောင်မီးပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားသိစေအပ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ဈာပနကျင်းပရေးကော်မတီ။

## ဘုရား၊ကျောင်း၊မဏ္ဍာပ်ဒါယကာကြီး ဦးစံရွှေဦး (စစ်တွေ)
### ကျောင်းဆရာကြီး၊စာတိုက်မှူး(ငြိမ်း)
### အသက်(၈၈)နှစ်

စစ်တွေမြို့၊ရူပမြောက်ရပ်၊လမ်းမကြီးရပ်နေ (ဒေါ်စောညွန့်)၏ခင်ပွန်း၊ ဒေါ်တင်အေးရွှေ၏ဖခင်၊ မောင်ဂျော်ဂျီ၊ မဝီဏီ၊ မဟင်နရီတို့၏အဘိုးရှင်သည် ၁၉-၅-၂၀၀၄ရက် မွန်းလွဲ ၁း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် အာကျိတ်တော်ကုန်းသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး ဦးစောမ (ခနီး၊ကဝ)
### အသက်(၇၅)နှစ်

ပဲခူးတိုင်း၊ ကဝမြို့နယ်၊ ခနီးကျေးရွာနေ (ဦးပုလဲဆာမိ-ဒေါ်အေးစိန်)တို့၏သား၊ (ဦးစိုးသိန်း)-ဒေါ်သန်းရင်တို့၏ ညီ/မောင်၊ဒေါ်ခင်ကြည်၏မောင်၊ဦးကြီးမြင့်-ဒေါ်အုန်း(အမကအုပ်၊ ခနီး၊ ငြိမ်း)တို့၏အစ်ကို၊ တူ တူမ ၁၀ ယောက်တို့၏ ဘကြီး/ဦးလေးသည် ၂၂-၅-၂၀၀၄ရက် နံနက် ၄း၄၅ နာရီတွင် ရန်ကုန်မြို့ ဦးနှောက်နှင့်အာရုံကြောအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၀၄ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင်ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဒေါ်ကြည်ကြည်အေး
### ဗန်းမော်အသင်း(ရန်ကုန်)
### အသက်(၆၈)နှစ်

တောင်ဥက္ကလာပမြို့နယ်နေ ဦးစောရွှေ- (ဒေါ်ဆွေ)တို့၏သမီးကြီး၊ အမှတ် ၁၆၇၊ စိန်ပန်းလမ်း၊ သန်လျင်တံတားစီမံကိန်းကိုယ်ပိုင်အိမ်ရာဝင်းနေ ဦးမြင့်ဆွေ၏ဇနီး၊ ဦးအောင်ကိုကို (မြို့နယ်အုပ်ချုပ်ရေးမှူး၊ သံတောင်)၊ ဒေါ်နီလာဆွေ (ရန်ကုန်တိုင်း စည်ပင်)၊ ဦးဝဏ္ဏဆွေ-ဒေါ်သန်းသန်းဝင်း (အမက-၁၈၊ သာကေတ)၊ ဦးသီဟဆွေ-ဒေါ်သင်းသင်း၊ ဦးတေဇဆွေ-ဒေါ်ဌေးနွယ် (ငါးလုပ်ငန်းဦးစီး၊ ဓာတ်ခွဲခန်း)၊ ဦးသူရဆွေ-ဒေါ်စန္ဒာဝင်း၊ ဦးမိုးကျော်သူဆွေ (သိရောမဏိကုမ္ပဏီ) - ဒေါ်လဲ့လဲ့စိုး၊ ဦးနန္ဒကျော်သူဆွေ (3/O Uniteam Marine)၊ ဒေါ်ဝင်းယုမောင် (မြန်မာ့မီးရထား)၊ ကိုရဲနိုင်ဆွေ-ဒေါ်သဂီစိုး၊ ကိုမင်းမြတ်ဆွေတို့၏မိခင်၊ မြေး ၁၂ ယောက်တို့၏ဘွားဘွားကြီးသည် ၂၁-၅-၂၀၀၄ရက် (သောကြာနေ့) နံနက် ၅း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၅-၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဒေါ်ခင်ဖြူ(ခ)ဒေါ်သန်းနု
### လ-န-စရုံးချုပ်(ဝါဇီ)
### တောင်သာ(ကျောက္ကာ)
### အသက်(၄၈)နှစ်

မန္တလေးတိုင်း၊ တောင်သာမြို့နယ်၊ ကျောက္ကာရွာနေ ဦးဘိုကေ-ဒေါ်တင်မြိုင်တို့၏သမီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ညောင်ပင်လမ်းနေ (ဦးစံဦး-ဒေါ်ပန်းခင်)တို့၏ချွေးမ၊ (ဦးမင်းအောင်)၏ဇနီး၊ မောင်ဖြိုးဝေအောင်၊ မခင်ဆုနိုင် (စက်မှု-၁)၊ မောင်အောင်ဖြိုးမင်းတို့၏ မိခင်သည် ၂၁-၅-၂၀၀၄ရက် နံနက် ၂း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဒေါ်ခင်ရွှေ(ခ)ဒေါ်ရွှေ
### (မိုးကုတ်)
### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၇(ပထပ်)၊ သုခမိန်လမ်း၊ စမ်းချောင်းနေ (ဦးဇော်ဝိတ်)၏ဇနီး၊ မိုးမိတ်မြို့နေ ကိုမောင်စိန်-မသင်းသင်း၊ ရန်ကုန်မြို့နေ ကိုမြင့်ထွန်း-မအေးအေးလွင်၊ ကိုသိန်းအောင်၊ Ngo Lian Yong–မသန်းသန်း၊ မခင်မာဝေ၊ ကိုခင်မောင်အေး၊ ကိုခင်မောင်ထွေးတို့၏မိခင်၊ မြေး ၁၀ ယောက်တို့၏အဘွားသည် ၁၇-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၁-၅-၂၀၀၄ ရက်တွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

## ရဟန်းဒါယကာကြီး ဦးနိုင်အောင် (ဆိပ်ကြီး)
### အသက်(၆၀)

ရန်ကုန်တိုင်း၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ဆိပ်ကြီးအရှေ့ရပ်ကွက်၊ အမှတ် ၂၅၊ ဗဟိုလမ်းနေ (ဦးကျော်ငြိမ်း-ဒေါ်သောင်းကြည်)တို့၏သား၊ (ဦးဘရင်-ဒေါ်ကြင်ယုံ)တို့၏သားသမက်၊ ဦးအုံးကြိုင်(လက်ထောက်တိုင်းမန်နေဂျာ၊ညောင်လေးပင်) - ဒေါ်ခင်မြင့်မြင့် (အထက၊ ခနောင်တို၊ ငြိမ်း)၊ (ဦးငြိမ်းကြည်)တို့၏ အစ်ကို၊ ဦးကျော်ဌေး-ဒေါ်အေးအေးမာ၊ မအေးအေးသန့်(လ/ထ ဆေးခန်းမှူး၊ တောင်ဥက္ကလာပ)တို့၏ဖခင်၊ မဆွေဇင်လင်း၊ မောင်ဟိန်းထက်ဦး၊ မောင်ဟိန်းထက်အောင်တို့၏ဘကြီး၊ မနွဲ့ဒါလီဦး၏အဘိုး၊ ဒေါ်တင်တင်သန်း(သ/မ၊ ငြိမ်း)၏ခင်ပွန်းသည် ၂၂-၅-၂၀၀၄ရက် (စနေနေ့)နံနက် ၃ နာရီ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၀၄ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် လေသာကွင်းကျောင်းသုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

## ဦးသိန်းထွန်း
### B.Econ (AS)
### သ/မ ဦးစီးမှူး(အငြိမ်းစား)
### (မော်ကျွန်း)
### အသက်(၅၆)နှစ်

ဧရာဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့နေ (ဦးဘိုးရှင်-ဒေါ်လှစိန်)တို့၏ သားထွေး၊ (ဦးမြ)-ဒေါ်ဝါယဉ်တို့၏ သားသမက်၊ ယုဇန ဥယျာဉ်မြို့တော်၊ တိုက် ၃၂၊ အခန်း ၁၀၁ စီဘလောက်၊ ၅ လမ်းနေ ဒေါ်ခင်သန်းမူ၏ခင်ပွန်း၊ မောင်ဝင်းကို(Asia World၊ ဇီးကုန်း သစ်ထုတ်လုပ်ရေး စီမံကိန်း)၊ မနွယ်နီစိုး၊ မပြည့်ပြည့်ဖြိုး (B.A၊ မြန်မာစာ)၊ မကြည်သာနှင်း (B.A, BM)၊ မလှမျိုးထက်တို့၏ဖခင်သည် ၁၈-၅-၂၀၀၄ ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၀၄ရက်တွင် ထားဝယ်ချောင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေသင်္ဂဟအပေါင်းအားအသိပေးအကြောင်းကြားအပ်ပါသည်။ကျန်ရစ်သူမိသားစု။

## မောင်စိုးအောင်သိန်း
### B.Sc (Chem)
### အသက်(၃၄)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်တောင်ရပ်ကွက်၊ ၄၀လမ်း၊အမှတ် ၆၇ နေ(ဦးလှသိန်း)-ဒေါ်မိမိတို့၏သား၊ ဦးမြင့်သိန်း၊ မသန်းသန်းစိန်၊ (ဝင်းအောင်သိန်း)တို့၏ညီ/မောင်၊ ခင်အောင်သိန်း၊ မအေးအေးသိန်းတို့၏အစ်ကို၊ တောင်ငူမြို့၊ညောင်ခြေထောက်တိုက်နယ်ဆေးရုံ LHV ဒေါ်စိုးစိုးအေး၏ခင်ပွန်း၊ ဘေဘီစိုးစိုးအေး၏ဖခင်သည် ၂၁-၅-၂၀၀၄ ရက် နံနက် ၆း၃၅ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။


**ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။**

**R. 488**

# နိုင်ငံတော်နှင့်တိုင်းရင်းသားခေါင်းဆောင်များ တက်ညီလက်ညီပူးပေါင်းဆောင်ရွက် ကျေးရွာအဆင့်ဒေသများ ခေတ်မီမြို့ကြီးပြကြီးများအဖြစ် ထူးခြားစွာတိုးတက်လာ အမျိုးသားညီလာခံကြီးသို့ တိုင်းရင်းသားလူမျိုးများ စုံစုံညီညီတက်ရောက်လျက်ရှိ အမျိုးသားညီလာခံကြီး မျှော်မှန်းချက်နှင့်အညီ အောင်မြင်ဖြစ်ထွန်းလာမည်ယုံကြည်

ရန်ကုန် မေ ၂၂

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ ကျင်းပသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး(၃/၂၀၀၇)သို့ တက်ရောက်၍ ဆွေးနွေးမှာကြားသည်။** (အပေါ်ပုံ)

ညှိနှိုင်းအစည်းအဝေးသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊

***စာမျက်နှာ ၅ ကော်လံ ၁*** ✻

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အိန္ဒိယဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**ရန်ကုန် မေ ၂၂**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်တာဝန်ကို စတင်ထမ်းဆောင်သော ဒေါက်တာမန်မိုဟန်ဆင်း ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မင်္ဂလာဒုံစက်မှုဇုန်နှင့် သာကေတစက်မှုဇုန်စစ်ဆေး

**ရန်ကုန် မေ ၂၂**

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် စက်မှုဇုန်တာဝန်ခံဝန်ကြီးများဖြစ်ကြသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာဒုံစက်မှုဇုန်နှင့် သာကေတ စက်မှုဇုန်ရှိ စက်ရုံများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို အားပေးမှာကြားသည်။

***စာမျက်နှာ ၁၃ ကော်လံ ၁*** ■

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မင်္ဂလာဒုံစက်မှုဇုန်ရှိ **Myanmar Asia Optical International Co., Ltd.** ၏ စက်ရုံလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## လက်တွဲဝန်းရံ အမျိုးသားညီလာခံ

**ယနေ့ထုတ်စောင်ရေ ၁၉၉၈၅၉**